www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

ပညာဒီပ

မနောသုခစံအိမ် / ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၅၃ - စာ ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) ပညာဒီပ



စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၃၀၁၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၁။
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာဂျေလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်၊
၅၄၁၇၄၅၊ ၅၅၂၀၀၃၊ ၀၉-၅၀ ၃၄၅၈၀၁၊ ၀၉-၅၁ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (မေလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀) ကျပ်

# (ဒဿနလက်ဆောင်)

➡ အချစ်သည် အချစ်အတွက်သာ
သစ္စာရှိနိုင်သောအရာဖြစ်သည်။
အခြားကိစ္စများအတွက်တော့
တာဝန်ယူပေးနိုင်လိမ့်မည် မဟုတ်ပေ။

➡ အသည်းနှလုံးထဲမှာ သိမ်းထားသမျှတော့
ထိုခံစားမှုကို အချစ်ဟု မခေါ်ဆိုထိုက်ပေ။
အခြားသူတစ်ယောက်ကို မျှဝေပေးလိုက်မှ
အချစ်နှင့် လျော်ညီသောခံစားမှု ဖြစ်လာလေသည်။

➡ ပြဒါးသည် ထိကိုင်၍မရနိုင်သော်လည်း
စွမ်းအားကြီးသောအရာဖြစ်သည်။
အချစ်သည်လည်း သူနှင့် သင့်မြတ်နေသောအခါ
ခံစားမှုရသများကို တစ်ခုပြီးတစ်ခု
ပေးနိုင်သော်လည်း...
သူနှင့် အဆင်မပြေသောအခါ
ကြီးမားသောဝေဒနာများကို ပေးတတ်လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

➡ နွံအိုင်တို့၏သဘာဝမှာ
မျက်နှာပြင် ချောမွေ့ညီညာပြီး
လှပသောသဘောမျိုး ရှိလေသည်။
ဆင်းလိုက်မှသာ တဖြည်းဖြည်းနှင့်
နစ်မြုပ်သွားခြင်းဖြစ်သည်။
အချစ်သည်လည်း ထိုသဘောမျိုးပင်ဖြစ်၏။

➡ လူမိုက်များသည်...
ပညာရှိများထံမှ လေ့လာသင်ယူမှု မပြုလိုကြပေ။
အသိဉာဏ်ရှိသူများကတော့...
လူမိုက်များထံမှ သင်ခန်းစာ ယူလေ့ရှိကြသည်။

➡ အခြားသူများကို အောင်မြင်လွှမ်းမိုးနိုင်ခြင်းကား
ခွန်အားဖြစ်သည်။
မိမိကိုယ်ကို အောင်မြင်လွှမ်းမိုးနိုင်ခြင်းကသာ
စစ်မှန်သော စွမ်းပကားဖြစ်ပေသည်။

# ( ဒဿနလက်ဆောင် )

➡ အချိန်သည် တန်ဖိုးရှိသောအရာဖြစ်သည်။
အသုံးချတတ်သူလက်ထဲမှာ
ပို၍တန်ဖိုးမြင့်တက်သွားနိုင်သလို
အသုံးမချတတ်သူအဖို့တော့ အချိန်သည် သူ့အတွက်
ဘာမှအသုံးဝင်မည် မဟုတ်ချေ။

➡ အချစ်ဆိုတာ... ရဲစွမ်းသတ္တိရဲ့ အခက်ခဲဆုံးနဲ့
အန္တရာယ်အများဆုံး ပုံပန်းသဏ္ဌာန်ဖြစ်ပါတယ်။
ရဲစွမ်းသတ္တိဆိုရာမှာ အချစ်ရဲ့ တွန်းအားပေးမှုကြောင့်
ဖြစ်ပေါ်လာရခြင်း အကြောင်းတစ်ခုဖြစ်ပါတယ်။

➡ လောကတွင် အနီးကပ်ဆုံး ရှိနေသောရန်သူနှစ်ဦးမှာ
စိတ်နှင့်ခန္ဓာဖြစ်သည်၊
စိတ်က လုပ်ချင်သော်လည်း ခန္ဓာကိုယ်က မလုပ်လိုပေ။
ခန္ဓာကိုယ်က ပြုလုပ်လိုသောအရာကိုလည်း
စိတ်က မလုပ်ချင်ပေ။
ထိုနှစ်ခု ပဋိပက္ခဖြစ်နေသမျှ
ဘာမှဖြစ်လာမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# (ဒသယနုလက်ဆောင်)

➡ ချစ်သူဘဝ မရောက်ခင်က
ရှိနေသောအချစ်မျိုးသည်
ချစ်သူအဖြစ် ရောက်ပြီးသောအခါ
လျော့ပါးသွားလေ့ရှိသည်။
တကယ်တော့ လက်ထပ်ပြီးသည့်အချိန်အထိ
ထိုအချစ်မျိုး ရှိနေသင့်ပါသည်။

➡ အချစ်၏သင်္ချာဗေဒတွင်
တစ်နှင့်တစ် ပေါင်းလျှင် နှစ်မဟုတ်ဘဲ
အဆများစွာ ဖြစ်နိုင်ပေသည်
အကယ်၍ နှစ်ထဲက တစ်ကို နုတ်လိုက်သည့်အခါ
ဘာမှကျန်ခဲ့တော့မည် မဟုတ်ပေ။

➡ ငယ်ရွယ်စဉ်က အချစ်ကို
စိတ်လှုပ်ရှားခြင်းလို့ အဓိပ္ပါယ်ဖွင့်နိုင်ပါတယ်
အရွယ်ရလာသောအခါ
သစ္စာရှိခြင်းဆိုသောအဓိပ္ပါယ်ကို
ပြောင်းလဲလက်ခံရမှာဖြစ်သည်။

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | တစ္ဆေခြောက်သောနေရာများ |
| အခန်း(၂) | ပရလောကသားများ၏ ဂမ္ဘီရဆန်သောနေရာများ |
| အခန်း(၃) | အာယာတရန်ငြိုး |
| အခန်း(၄) | မရဏစံအိမ်မှ ဝိဉာဉ်ကြွေးဆပ်ရသူ |
| အခန်း(၅) | ဝိညာဉ်နှင့် ပွဲစားလုပ်ပေးမည့်သူ |
| အခန်း(၆) | လင်စုံမယားဖက် နေမရသောအိမ် |
| အခန်း(၇) | ဦးဝန်ကောင်းနှင့် ပရလောကမှတ်တမ်းများ |
| အခန်း(၈) | ဝိညာဉ်တစ်ယောက်၏သံယောဇဉ် |
| အခန်း(၉) | မြန်မာ့မြေနှင့် တွေ့ရခြင်း |
| အခန်း(၁၀) | မြေပုံပေါ် ဘီလူးထိုင်တဲ့အိမ် |
| အခန်း(၁၁) | သံယောဇဉ်ဝိညာဉ်ကြိုး |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# တစ္ဆေခြောက်သောနေရာများ

မြန်မာနိုင်ငံမှာသာမက ကမ္ဘာ့နိုင်ငံ နေရာအနှံ့အပြားတွင် တစ္ဆေသရဲ ခြောက်လှန့်မှုကြောင့် နာမည်ကြီးသောနေရာများစွာတို့ ရှိကြလေသည်။

အများအားဖြင့် တစ္ဆေသရဲဟု အမည်တပ်ထားသော ပရလောကသားတို့သည် နေရာ သို့မဟုတ် အရာဝတ္ထုပစ္စည်း တစ်ခုခုကို အစွဲအလန်းကြီးကြသူများ ဖြစ်ကြလေသည်။

တစ္ဆေသရဲ ခြောက်လှန့်မှု အများဆုံး ရှိသောနေရာမှာ အိမ် သို့မဟုတ် အဆောက်အဦးဟောင်း၊ အဆောက်အဦးပျက်များသာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်များလေသည်။

ကမ္ဘာပေါ်မှာ တစ္ဆေသရဲ အခြောက်ဆုံးနေရာ (၂၉)နေရာ ရှိကြောင်း မှတ်တမ်းများဖြင့် ဖော်ပြထားလေသည်။ အများအားဖြင့် တောနေအိမ် အဆောက်အဦးဟောင်းများသာ များလေသည်။

၎င်း(၂၉)နေရာတို့မှာ. . .

(၁) အိုင်ယာလန်၊ မော်လီဂယ်လီမှာ ရှိသော မော်လီဂယ်လီရဲတိုက် ဟိုတယ်၊

(၂) ကယ်လီဖိုးနီးယား သဲသောင်ပြင်ရှည်မှာ ရှိသော ကွင်းမေရီ သင်္ဘော၊

(၃) နယူးအော်လီယန်(စ်)၊ လူစီဒီယားနား၌ ရှိသည့် (၁၈၉၁)ခုနှစ် ကတည်းက ရှိခဲ့သော ရဲတိုက်တည်းခိုစားသောက်ဆိုင်

(၄) ဂျမေကာ မွန်တီဂို သီးသန့်နေရာ၌ ရှိသော နှင်းဆီခန်းမအိမ် ကြီး

(၅) ဟစ်ဘင်း၊ မင်နီဆိုတာ၌ ရှိသော ဟစ်ဘင်း အထက်တန်း ကျောင်းဆောင်

(၆) ကယ်(လ)ဂါရီမြို့တော်၊ အယ်(လ)ဘာတာ၌ ရှိသော ဒီး(န) ဟောက်(ခ) တည်းခိုခန်း

(၇) ကရစ်ပယ်ကရီမြို့ ကိုလိုရာဒိုမှာ ရှိသော အင်ပီရီယယ် ကာဆီနိုဟိုတယ်

(၈) ပြင်သစ် ပဲရစ်မြို့မှာ ရှိသော ကာတာကုမ်(စ်)ပြတိုက်။

(၉) တွမ်(ဘ)စဘုန်း၊ အရီဇိုနာ၌ ရှိသော ဘစ်(ဇ)နို့(ခ)ကိတ်(ခ) ဆလွန်း စားသောက်ဆိုင်

(၁၀) အင်္ဂလန် ဆော(လ်)ဖို့(ဒ)၌ ရှိသော အော့(ဒ်)ဆောခန်းမ





(၁၁) အမေရိကန်၊ ဝါရှင်တန်ဒီစီ၌ ရှိသော အိမ်ဖြူတော်

(၁၂) ဂျူနယူအလစကာ၌ ရှိသော အလစကန်ဟိုတယ်

(၁၃) ဂျူနီ၊ နယူဆော့(သ)ဝေး၌ ရှိသော မွန်တီခရစ်စတိုဟုမ်းသမီး စတက် ပြတိုက်

(၁၄) ရိုဒီကျွန်း၊ အိပ်ဖီတာ၌ ရှိသော 'မာစီဘရောင်း ရိုဒီကျွန်း' သွေးစုပ်ဖုတ်ကောင်

(၁၅) ဖို့(ထ်)မက်(က)လီရော့(ဒ)အယ်(လ)ဘာတာ၌ ရှိသော အမ်(မ)ပရက် ကဇာတ်ရုံ

(၁၆) ဝါရှင်တန်လိတ်(ခ)ရှ(ဒ) ရှိသော သွန်းနီဝု(ဒ)ရဲတိုက်

(၁၇) လန်ဗိဟန်ဂျယ်၊ ဘရူးကွန်နေ ဝေလ၌ ရှိသော စကားရစ်(ဒ) မောင်းတိန်းစားသောက်ဆိုင်

(၁၈) အီလီနွိုက် တရားရုံး အာချာလမ်းကြားရှိ မေရီ ပြန်လည် ထမြောက်တော်မူခြင်း

(၁၉) တာနိုတာ၊ ဗြိတိသျှ ကိုလံဘီယာ၌ ရှိသော ဘီလီဘစ်ရှော့(ပ) လီဂျင်ခန်းမ

(၂၀) စကော့တလန် အီဒင်ဘာ၌ ရှိသောမြေအောက်ခန်းမှ တောင် ဘက်တံတား

(၂၁) ကျော့ဂျီယာဆာဗားနား၌ ရှိသော ပင်လယ်ဓါးပြများ၏နေအိမ်

(၂၂) ကွင်း(စ)လန်ဘရစ်ဘိန်း၌ ရှိသော ဘော့ဂိုရှုတ်(ဒ)၊ ဂိုး(လ်) ပြတိုက်

(၂၃) မက်ဆာချူးဆက်၊ အက်(ရှ)လန်၌ ရှိသော စတုန်း(စ) ပတ်ပလစ်နေအိမ်

(၂၄) အင်္ဂလန်ရာဘင်ဂလပ်(စ)၌ ရှိသော မန်ကက်စတာ ရဲတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်တာဘား(ဂ်)၊ ပင်နီဆေးနီးယားၶ ရှိသော အင်ဒရူးဘေနီ အမှတ်တရ စာကြည့်တိုက်

ဟိုစတန်၊ တက်ဇပ်၌ ရှိသည့် စပတ်ဟက်တီ ကုန်သိုလှောင်ရုံ

အွန်တေရီယို၊ နိုင်ရာဂရာရေအိုင်၌ ရှိသော အို(လ)ဒီအင်ဂျယ် စားသောက်ဆိုင်

(၂၈) ကယ်လီဖိုးနီးယား၊ စန်ဒီရာဂို(၂) ရှိသော ရှာလေဟောက်(စ) ပြတိုက်

(၂၉) အင်္ဂလန် လန်ဒန်မြို့မှာ ရှိသောလန်ဒန်မျှော်စင်

. . . . . . စသည်တို့သည် ကမ္ဘာပေါ်၌ တစ္ဆေသရဲ အခြောက်ဆုံးနေရာများဖြစ်ပေသည်။

ထိုနေရာများတွင် အဆောက်အဦးများသာ အများဆုံး ဖြစ်သည်ကို တွေ့ရလေသည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံတွင် တစ္ဆေသရဲ အခြောက်ဆုံးနေရာများမှာလည်း နေအိမ်၊ ကျောင်း၊ ဇရပ် စသော အဆောက်အအုံများ အများစု ပါဝင်လေသည်။ အင်းဝ၌ ရှိသော လေးထပ်ကြီးဘုရား၊ မယ်နု အုတ်ကျောင်းကြီးတို့မှာ တစ္ဆေသရဲ ခြောက်လှန့်မှုများတွင် ပါဝင်သော နေရာများဖြစ်သည်။

ထိုကဲ့သို့ လူမနေဝံ့လောက်အောင် အခြောက်အလှန့် ကြမ်းသောနေရာ အမြောက်အမြားလည်း ရှိပေသေးသည်။ ရှေးအခါက ချာချီလမ်း(ကိုယ့်မင်းကိုယ့်ချင်းလမ်း)မှာ ရှိသည့် စော်ဘွားမိသားစုများ နေထိုင်သွားကာ အားလုံးသေဆုံးသွားသောအိမ်ကြီးမှာ နောက်ပိုင်းလာရောက်နေထိုင်သူတိုင်း သေဆုံးကြရုံမက မနေဝံ့အောင် ခြောက်လှန့်မှု များလေသည်။





ထိုအကြောင်းများကို ယုံကြည်မှုရှိသူ ရှိသလို မယုံကြည်သူများလည်း ရှိပေသည်။

ထိုအကြောင်းများကို အင်္ဂလန်ပြည် မနောသုတေသီအသင်းကြီးမှ သုတေသနပြု စုံစမ်းမှုများမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

(၁၉၂၉)ခု၊ ဇွန်လ(၁၇)ရက်။

သာယာသောဇွန်လ ညနေခင်းဖြစ်သည်။

အင်္ဂလန်ပြည် မနောသုတေသနအသင်းကြီး၏ဓါတ်ခွဲခန်းမှူးနှင့် စာရေးဆရာကြီး ဟယ်ရီပရိုက်(စ)သည် လန်ဒန်မြို့၊ ဝိတိုရိယဘူတာရုံကြီးမှ ညနေ(၄း၃၀)မှ ထွက်ခွာလာသော အမြန်ရထား ပြတင်းပေါက်မှ ပြင်ပသို့ လှမ်းမျှော်ကြည့်မိသည်။

အက်ဆက်ပြည်နယ်သည် ဖျော့တော့သော နေရောင်ခြည်အောက်တွင် အစိမ်းနှင့်ရွှေရောင်ဖက်ကာ လျောင်းစက်နေသည်ဟု ထင်ရသည်။

မီးရထား လမ်းဘေးဝဲယာတွင် စားကျက်မှ ယာတောသို့ ပြန်လာကြသည့် သိုးအုပ်များကို မြင်နေရလေသည်။ သိုးအုပ်များသည် တဝေါဝေါ မြည်လျက် ဖြတ်မောင်းသွားသည့် အမြန်ရထားကို ငေးမောကြည့်ရှုနေကြသည်။

ကျီးငှက်တို့သည် လမ်းဘေးရှိ သံကြိုးတိုင်များ၊ ပိုးစာပင်များ၊ ဝက်သစ်ချပင်တို့တွင် "အာ. . . အာ" အော်မြည်ရင်း အိပ်တန်းတက်ရန် ဟန်ပြင်နေကြသည်။

ဟယ်ရီပရိုက်၏စိတ်သည် ပေါ့ပါးကြည်လင်လျက်ရှိပြီး မကြာမီသူမျှော်လင့်ထားသည့် အတွေ့အကြုံသစ်ကို တွေ့ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟယ်ရီပရိုက်(စ)သည် နာနာဘာဝတို့ကို ဖမ်းဆီးရန် ထာဝစဉ် ကြံဆောင်နေသူ၊ နာနာဘာဝ ဝတ္ထုများကို ထာဝစဉ် လူထုအား မှိုင်းတိုက်နေသည့် အန္တရာယ်စာပေများဟု ပြောင်လှောင်နေသူ မနေသုတေသီကြီးဖြစ်သည်။

လန်ဒန်မြို့ထုတ် သတင်းစာကြီးများကမူ ဟယ်ရီပရိုက်အား "နာနာဘာဝတို့နှင့် ထာဝစဉ် စစ်ခင်းနေသူ" ဟု ရေးသားဖော်ပြလေ့ရှိသည်။

သူသည် လွန်ခဲ့သော(၇)ရက်ခန့်က ထုတ်ဝေသည့် လန်ဒန်ကြေးမုံသတင်းစာဟောင်းကို နောက်တစ်ကြိမ် ပြန်ဖတ်မိသည်။

သတင်းရေးသားသူမှာ လန်ဒန်ကြေးမုံသတင်းစာကြီး (Daily Mirror)မှ နာမည်ကျော် သတင်းထောက်ကြီးဝေါ (V.C.Wall) ဆိုသူဖြစ်သည်။ ဝေါမှာ လန်ဒန်ကြေးမုံသတင်းစာကြီး၏လူသိများသော အထူးသတင်းထောက်တစ်ဦးဖြစ်သည်။

ဝေါရေးသားထားသောသတင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

"အက်ဆက်ပြည်နယ်၊ ဘိုလေး(Borley)ဘုရားကျောင်း၏ ဘုန်းတော်ကြီးနေအိမ်တွင် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ ဖြစ်ပွားနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

- ညအချိန်မတော်တွင် တံခါးများကို ခေါက်ခြင်း
- ပြတင်းပေါက်များ အလိုအလျောက် ပိတ်ခြင်းဖွင့်ခြင်း
- လူတို့၏ခြေသံများ ကြားရခြင်း
- လူများ နေထိုင်ခြင်း မရှိသော အခန်းလွတ်အတွင်း ဖယောင်းတိုင်မီးများ ထွန်းညှိထားခြင်းကို တွေ့ရှိရခြင်း





- တစ်ခါတစ်ရံတွင် သီလရှင်တစ်ဦး လမ်းလျှောက်နေသည်ကို မြင်တွေ့ရခြင်း
- ညအချိန်မတော်တွင် သီလရှင်တစ်ဦးနှင့် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မြင်းနှစ်ကောင် ဆွဲလာသောရထားကို မှုန်မွှားသောလရောင်အောက်တွင် မြင်တွေ့ရခြင်း
- ခေါင်းမပါသော မြင်းလှည်းမောင်းသူတစ်ဦးကို မြင်တွေ့ရခြင်းစသော သဘာဝလွန်ဖြစ်ရပ်များကို ကြုံတွေ့နေရပါသည်။

ဟူ၍ ဘိုလေးဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီးစမစ်သည် ကြေးမုံသတင်းစာကြီး၏အယ်ဒီတာထံ ပေးပို့ခဲ့လေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သတင်းစာကြီးကလည်း အထူးသတင်းထောက်ကြီး ဗီစီဝေါနှင့် ဓါတ်ပုံသတင်းထောက်တစ်ဦးအား အထက်ဖော်ပြပါ ဘိုလေးဘုရားကျောင်းကြီး ရှိရာ အက်ဆက်ပြည်နယ်သို့ စေလွှတ်ခဲ့သည်။

ဝေါ၏နောက်ဆုံးပေးပို့သောသတင်းတွင် ဘုန်းတော်ကြီး စမစ်က ကျွန်ုပ်တို့သတင်းစာကြီး၏အယ်ဒီတာထံ ပေးပို့သောစာပါ ဖြစ်ရပ်များသည် မှန်ကန်နေကြောင်း၊

- လူနေခြင်း မရှိသော ဘုန်းတော်ကြီး၏နေအိမ်အပေါ်ထပ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိထားသည်ကို သတင်းထောက်ကြီး ဝေါကိုယ်တိုင် တွေ့ရကြောင်း
- ယခင်ထွန်းညှိထားသော ဖယောင်းတိုင်ကြီးအနီးတွင် ထပ်၍ ဝေါနှင့် ဘုန်းတော်ကြီးစမစ်တို့သည် ဖယောင်းတိုင်တစ်တိုင် ထပ်၍ထွန်းညှိထားခဲ့ကြောင်း
- သို့သော် မကြာမီ ယခင် မည်သူထွန်းထားမှန်း မသိသော



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မီးသည် အလိုအလျောက် ငြိမ်းနေသည်ကို တွေ့ရကြောင်း

◆ အိမ်ဖော်မလေး၏ထုတ်ဖော်ပြောချက်အရဆိုလျှင် သီလရှင်တစ်ဦး မကြာခဏ အိမ်ဝင်းအတွင်း လမ်းလျှောက်နေသည်ကို တွေ့ရှိရကြောင်း

. . . စသည်တို့ ပါရှိသည်။

မနောသုတေသန ဓါတ်ခွဲခန်းမှူးကြီး ဟယ်ရီပရိုက်(စ်)သည် သတင်းစာကြီးကို ဆက်လက်ဖတ်ရှုခြင်း မပြုလိုတော့။

သူက ယင်းသတင်းကို မယုံကြည်။ သေဆုံးသူများ သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်သည်ဆိုသည်မှာ လူတို့၏စိတ်တွင် အာရုံထင်လာခြင်း(Hallucianation)သာ ဖြစ်သည်ဟု ယူဆသည်။

မနောသုတေသီအသင်းကြီး၏ မှတ်တမ်းများအရဆိုလျှင် "နာနာဘာဝဟူသည် ရုပ်ဒြပ်ကင်းမဲ့သည်။ ဓါတ်ပုံရိုက်၍လည်း မရနိုင်။ ၎င်းတို့၏အသံကိုလည်း အသံသွင်း၍မရ။ ခြေသံများ၊ တံခါးခေါက်သံများသည် လေထဲ၌ အသံလှိုင်းမထ" ဟု ယူဆသည်။

ယင်းအယူအဆကို ဟယ်ရီပရိုက်(စ)က ယုံကြည်သည်။ ခြွင်းချက်မရှိ လက်ခံသည်။

ထို့ကြောင့် အများက ဟယ်ရီပရိုက်(စ)ကို မကောင်းဆိုးဝါးနာနာဘာဝမုဆိုး(Spook Hunter) နာမည်ကျော်ခဲ့သည်။

ဟယ်ရီပရိုက်(စ)သည် နာနာဘာဝတို့နှင့် မကြာခင် စစ်ခင်းရတော့မည်ဟု ယူဆထားသည်။

ရထားသည် အက်ဆက်ပြည်နယ် နယ်နိမိတ်အတွင်းသို့ ဝင်လာခဲ့ပြီဖြစ်သည်။ မကြာမီ ဘိုလေး(Borley) ဘုရားကျောင်း ရှိသည့်





ကျေးရွာဘူတာကလေးသို့ ရထားဆိုက်ပေတော့မည်ဖြစ်သည်။

မီးရထားသည် မိနစ်အနည်းငယ်အတွင်း ဘူတာငယ်တစ်ခု၌ ဆိုက်ကပ်ရပ်နားလိုက်သည်။

ဘူတာ၏နောက်ရှိ အဖြူရောင်ဆေးသုတ်ထားသော စည်းရိုးတန်း၏အပြင်ဘက်တွင် မြင်းလှည်းတစ်စီးကို တွေ့ရသည်။

ဟယ်ရီပရိုက်(စ)သည် ထိုမြင်းလှည်းဖြင့်ပင် ဘိုလေးဘုရားကျောင်းသို့ ထွက်ခွာလာခဲ့လေသည်။ မြင်းလှည်းသည် လျင်မြန်စွာမောင်းနှင်လျက်ရှိပြီး ဟယ်ရီပရိုက်(စ)သည် လမ်းဘေးဝဲယာကို ကြည့်ရှုမိသည်။

နွားစားကျက်များ၊ ခြံမြေများသည် ဝင်ခါစနေ၏ ဖျော့တော့သော ရောင်ခြည်ကြောင့် မှိုင်းပျပျဖြစ်နေသည်။

အချို့သောခြံမြေများတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဆောက်လုပ်ခဲ့ဟန်ရှိသော အိမ်အိုကြီးများကို ကြိုးကြားတွေ့ရသည်။ အချို့နေရာများတွင်လည်း မှိုင်းမှိုင်းပျပျ တောင်ကုန်းကလေးများကို တွေ့ရသည်။

ဟယ်ရီပရိုက်(စ)သည် သူ့မိတ်ဆွေတစ်ဦး ပေးလိုက်သည့် ဘိုလေးဘုရားကျောင်း လမ်းညွှန်မြေပုံအတိုင်း ကြည့်၍ မြင်းလှည်းသည် တစ်နေရာသို့အရောက်တွင် လမ်းမမှ လမ်းမြောင်တစ်ခုထဲသို့ ချိုးကွေ့လိုက်သည်။

လမ်းမြောင်၏ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော ကမ်းပါးများ၊ ထူထဲသောဆူးချုံများကို တွေ့နေရပြီး မြင်းလှည်း၏အသံကြောင့် ကျေးငှက်ကလေးများသည် ထိတ်လန့်၍ ထပျံကြသည်။

ဤလမ်းကလေးသည်လည်း နှစ်ပေါင်းများစွာက မပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ဟန်ရှိသည်။ လမ်းဘေးတစ်ဖက်ရှိ ကမ်းပါးများပေါ်တွင် ရေညှိများနှင့်ရေမှော်ပင်များကို တွေ့မြင်နေရလေသည်။

ဟယ်ရီပရိုက်(စ)သည် ရှုခင်းကို ငေးမောကြည့်ရှုရင်း မြင်းလှည်းဆရာကို မေးခွန်းများ မရေတွက်နိုင်အောင် ထုတ်သည်။

မြင်းလှည်းဆရာကလည်း ဘိုလေးစံအိမ်တော်၏အကြောင်းကို သူသိသမျှ ထုတ်ဖော်ပြောဆိုသည်။

- ညနေ နေဝင်ချိန်တွင် ယင်းအိမ်အနီးသို့ မည်သူမျှ မသွားဝံ့ကြောင်း
- ထာဝစဉ် လူမနေသောအိမ်ကြီး၏အပေါ်ထပ်မှ မီးရောင်လဲ့လဲ့ကို မြင်ရလေ့ရှိကြောင်း
- ပုဏ္ဏက တိုက်နေသည့် အိမ်ကြီးဖြစ်ကြောင်း

. . . စသည်ဖြင့် စိတ်ရှည်စွာ ပြောပြသည်။

ရော်ရွက်ဝါများသည် လမ်းကလေးကို ဖုံးလွှမ်းလျက် ရှိရုံမျှမက လျင်မြန်စွာ မောင်းနေသောမြင်းလှည်းပေါ်သို့လည်း ကြွေကျလျက်ရှိသည်။ တကျွီကျွီ မြည်နေသော ရထားဘီးသံသည် ဘူတာမှ ထွက်ခွာလာခဲ့စဉ်ကလို မမြည်နိုင်တော့ပေ။

မြင်းလှည်းသမားသည် နောက်သို့ကိုယ်တစ်ပိုင်း လှည့်ပြီး. . .

"ဆရာက ဘိုလေးဘုရားကျောင်း စံအိမ်ကြီးမှာ တည်းမှာလားဗျာ"

ဟု မေးလိုက်သည်။

"မှန်ကန်ပါသည်"

ဟူသော ဟယ်ရီပရိုက်၏အဖြေကို ကြားရသော မြင်းလှည်းသမားသည် ခရစ်တော်ကို တမ်းတလိုက်ပြီး. . .





"ဆရာရေ. . . ဒီအိမ်ကြီးကိုတော့ ရွာနီးချုပ်စပ်က ဘယ်သူမှ မသွားပါဘူးဗျာ"

ဟု ပြောဆိုလိုက်လေတော့သည်။

ဤစကား မှန်ပါသည်။

အင်္ဂလန်နိုင်ငံသည် နာနာဘာဝတို့ ခြောက်လှန့်လေ့ရှိသည်ဆိုသော အိမ်များ၊ ဘုရားကျောင်းများ၊ ယာတောစံအိမ်များ အများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဆိုကြသည်။

ပုဏ္ဏကတိုက်သည်(Poltergeist) ဟူသောအိမ်များအကြောင်းကိုလည်း ဓါတ်ပုံသက်သေများနှင့်တကွ တိတိကျကျ ဖော်ပြခဲ့ကြသည်များကို ဂမ္ဘီရ စွယ်စုံကျမ်းကြီးများတွင် ဖတ်ရှုခဲ့ကြရသည်။

ထိုအကြောင်းကို. . ပီတာအန်ဒါးဝု(ဒ) (Peter Underwood) ရေးသော နာနာဘာဝ ဂဇက်တီးယား (Gazettier of British Ghost) စာအုပ်တွင်လည်း တိတိကျကျ ဖော်ပြထားခဲ့လေသည်။

သို့သော် ယင်းကဲ့သို့ နာနာဘာဝများက ခြောက်လှန့်သည် ပုဏ္ဏကတိုက်သည်ဟူသော အဆိုများကို အင်္ဂလန်နိုင်ငံ မနောသုတေသနအသင်းကြီးက လက်ခံခဲ့ခြင်း ရှိဟန်မတူ။

ထို့ကြောင့်ပင် ဓါတ်ခွဲခန်းမှူးကြီး ဟယ်ရီပရိုက်(စ)ကို ယင်းစံအိမ်ကြီးသို့ စေလွှတ်ခြင်း ပြုခဲ့ဟန်ရှိသည်။

အသင်းကြီးသည် နာနာဘာဝလမ်းညွှန်ကျမ်းကို ပြုစုရေးသားခဲ့သူ ပီတာအန်ဒါးဝု(ဒ)ကိုလည်း ဘိုလေးစံအိမ်သို့ စေလွှတ်ခဲ့သည်။

မနောသုတေသနအသင်းကြီး၏မှတ်တမ်းများအရဆိုလျှင် နာနာဘာဝသည် လူတို့ ထင်မြင်သကဲ့သို့ မဟုတ်။

- အမာခံ ရုပ်ဒြပ်ကင်းမဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



- တွေ့ထိ၍မရ။
- ရုတ်တရက် ပေါ်လာ၍ ရုတ်တရက် ပျောက်ကွယ်သွားလေ့ရှိသည်။
- တံခါးအလုံပိတ်ထားသောအခန်းများတွင်လည်း ပေါ်လာတတ်သည်။

တွေ့မြင်သူတို့ကလည်း နာနာဘာဝသည် မနောသုတေသီများထင်သလို စိတ်အထင်သက်သက်သာ မဟုတ်နိုင်။

- မှန်ထဲ၌လည်း နာနာဘာဝ၏ပုံကို တွေ့ရသည်။
- မီးရောင်ရှေ့၌ နာနာဘာဝ ဖြတ်သွားလျှင် မီးကိုပင် ခဏကွယ်သွားကြသည်ဟု ဆိုခဲ့ကြသည်။

မနောသုတေသီဆရာတို့ကမူ စိတ်ဓါတ်ဆက်သွယ်ခြင်း (Telepathy) ကြောင့် အာရုံထင်ခြင်းဖြစ်သည်ဟု ယူဆသည်။

"ပုဏ္ဏကတိုက်သည်" ဟူသောအကြောင်းအရာကို မနောသုတေသီဆရာတို့ကမူ ယင်းပုဏ္ဏကတိုက်သည့်အိမ်များတွင် နေထိုင်သည့် စိတ်ဂနာမငြိမ် ဖြစ်နေသော လူငယ်၊ လူရွယ်၊ မိန်းမငယ်များ၏ စိတ်ကြောင့် ရုပ်ဝတ္ထုများကို သွားလာလှုပ်ရှားစေသည်ဟု ဆိုကြလေသည်။

ဟယ်ရီပရိုက်(စ)နှင့် အတူပါလာသူမိတ်ဆွေမှာ နာနာဘာဝဂဇက်တီးယားစာအုပ် ရေးသားသူ အန်ဒါးဝု(ဒ)ဖြစ်သည်။

သူတို့နှစ်ဦးအား ဘုန်းတော်ကြီးစမစ်နှင့် သူ့ဇနီးတို့က ဘိုလေးစံအိမ်မှ ကြိုဆိုခဲ့ကြသည်။

ဟယ်ရီပရိုက်(စ်)နှင့် သူ့မိတ်ဆွေ အန်ဒါးဝု(ဒ)တို့အား ဘုန်းတော်ကြီးစမစ်နှင့် သူ့ဇနီးတို့က သူတို့ တွေ့ကြုံနေရသည့်အကြောင်းကို





ရှင်းလင်းပြောပြခဲ့ကြသည်။

ဘုန်းတော်ကြီးစမစ်၏ပြောပြချက်တို့မှာ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်နေသည်။

မနောသုတေသီ ဒေါက်တာဟယ်ရီပရိုက်(စ)အဖို့ လက်ခံရန်ခဲယဉ်းနေလေသည်။

- ဘုန်းတော်ကြီးစမစ်၏စားပွဲပေါ်မှ ရောင်စုံခဲတံအချို့သည် အလိုအလျောက် တစ်စုံတစ်ယောက်က ယူခဲ့သလို ယူပြီး နံရံများပေါ်တွင် စာများ ရေးသားခဲ့ခြင်း။
- တံခါးများမှာ အလိုအလျောက် ပိတ်ခြင်း၊ အလိုအလျောက် ပွင့်သွားခြင်း။
- စကြံန်တစ်လျှောက်တွင် လျှောက်သွားနေသည့်ခြေသံများကြားရခြင်း။
- တံခါးခေါက်ခြင်း။
- ခွေးကဲ့သို့ တိရစ္ဆာန်တစ်ကောင် လျှောက်သွားနေသည့်ခြေသံများ ကြားရခြင်း။
- ဘုန်းတော်ကြီးစမစ်နှင့်ဇနီးတို့ နေထိုင်နေစဉ် အခန်းတွင်းမှ ဆေးလိပ်ပြာခွက် စသောဝတ္ထုပစ္စည်းများဖြင့် ပစ်ပေါက်ခြင်း။
- ပန်းကန်စင်များပေါ်တွင် ထားသော ဇွန်း၊ ခက်ရင်း၊ ပုလင်း စသောပစ္စည်းများကို ညှော်ခန်းအတွင်းသို့ တစ်စုံတစ်ယောက်မှ ရွှေ့ပြောင်းခြင်းမရှိဘဲ အလိုအလျောက် ရောက်ရှိခြင်း။
- အိမ်ကြီး၏အပေါ်ထပ်ရှိ အိပ်ခန်းအတွင်း ထာဝစဉ်လိုလို ဖယောင်းတိုင်တစ်တိုင် အလိုအလျောက် ထွန်းညှိထားသည်ကို မြင်တွေ့ရခြင်း. . .



www.burmeseclassic.com

www.burmeseclassic.com



စသောဖြစ်ရပ်များကို အသေးစိတ် ပြောပြခဲ့ကြသည်။

ဘုန်းတော်ကြီးစမစ်၏ဇနီးကမူ သူမတစ်ဦးတည်း ဧည့်ခန်းတွင် ထိုင်နေစဉ် သီလရှင်တစ်ဦး ပြတင်းပေါက်ဝမှာ လာရပ်သည်ကို တွေ့မြင်လိုက်ရသည်ဟု ဆိုသည်။

တစ်ခါတစ်ရံ လသာသောညများတွင် မြင်းလှည်းကြီးတစ်စီး အိမ်ခြံဝင်းပေါက်ဝတွင် လာရောက်ရပ်နေခဲ့ပြီး ရထားပေါ်တွင် သီလရှင်တစ်ဦးနှင့် လူငယ်တစ်ဦးတို့ ထိုင်နေသည်ကို မြင်ရသည်ဟု ဆိုသည်။

အချို့ညများတွင် ညဉ့်နက်သန်းခေါင်အချိန် မြင်းလှည်းသံ၊ မြင်းခွာသံများကိုလည်း ကြားရသည်ဟု ဆိုသည်။

အိမ်ဖော်မလေးကမူ အိမ်ကြီးရှေ့ရှိ နှင်းဆီပင်အနီးတွင် ခေါင်းမပါသော လူတစ်ယောက်ကို မြင်တွေ့ရပြီး တစ်ခါတစ်ရံ သီလရှင်တစ်ဦး လမ်းလျှောက်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။

ယခင်ဘုန်းတော်ကြီး ဟယ်ရီဘူး(Harry Bull)လက်ထက်က လူယုံတော်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ မစ္စတာကော့ပါး(Mr.copper) ကလည်း ဘိုလေးစံအိမ်ကြီးရှေ့တွင် ရပ်ထားသော မြင်းလှည်းကြီးနှင့် သီလရှင်တစ်ဦးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်ဟု ဟယ်ရီပရိုက်(စ)နှင့် အန်ဒါဝု(ဒ)တို့အား ပြောပြခဲ့သည်။

ထူးဆန်းသည်မှာ မြင်းလှည်းကြီးကိုသာ ရုတ်တရက် မြင်တွေ့ရပြီး မြင်းလှည်းအသံကို လုံးဝမကြားရပါဟု ဆိုလေသည်။

ဟယ်ရီပရိုက်(စ)နှင့် အန်ဒါဝု(ဒ)တို့ ရောက်လာပြီး မကြာမီပင် အိမ်ကြီး၏ဝင်းတံခါးသည် အလိုအလျောက် ပွင့်သွားသည်ကို အံ့သြဖွယ်ကောင်းလောက်အောင် တွေ့ရတော့သည်။

မည်သည့်အခါကမှ နာနာဘာဝကို မယုံခဲ့သူ ဟယ်ရီပရိုက်(စ)





အဖို့ ထူးဆန်းနေသည်။

မကြာမီ . . .

- တံခါးခေါက်သံများ၊
- အပေါ်ထပ်လှေကားမှ တစ်စုံတစ်ယောက် ဆင်းလာသကဲ့သို့ ခြေသံများ၊
- ဧည့်ခန်းတွင်းမှ ဆေးလိပ်ပြာခွက်များ လွင့်စဉ်သွားခြင်း

. . . စသောဖြစ်ရပ်များကို မနောသုတေသီကြီး ဟယ်ရီပရိုက်(စ)ကိုယ်တိုင် တွေ့ကြုံရပြီဖြစ်သည်။

အပွဲပွဲ နွှဲခဲ့ပြီး နာနာဘာဝတို့နှင့် စစ်ခင်းခဲ့သူ နာနာဘာဝမုဆိုးကြီးများ ဖြစ်ကြသော ဟယ်ရီပရိုက်(စ)နှင့် အန်ဒါးဝု(ဒ)တို့အဖို့ ခက်ဖွယ် ကြုံရတော့သည်။

ဟယ်ရီပရိုက်(စ)နှင့် ဘုန်းတော်ကြီးစမစ်တို့သည် အိမ်ကြီးအပေါ်ထပ် လူမနေသော အခန်းတစ်ခန်းတွင် ထူးထူးခြားခြား ဖယောင်းတိုင် ထွန်းညှိထားသည်ကို တွေ့ရသဖြင့် နောက်ထပ် ဖယောင်းတိုင်တစ်တိုင် ထပ်မံထွန်းညှိထားခဲ့ပြီး အိမ်ကြီးအောက်ထပ်သို့ ဆင်းခဲ့ကြသည်။

မကြာမီ ယင်းအခန်းသို့ သွားရောက်ကြည့်ရှုသောအခါ ဟယ်ရီပရိုက်(စ) ထွန်းညှိထားသော ဖယောင်းတိုင်မှာ လင်းလျက်ရှိသော်လည်း ယခင်ထွန်းညှိထားသော ဖယောင်းတိုင်မှာမူ ငြိမ်းလျက်ရှိသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရလေသည်။

ဟယ်ရီပရိုက်(စ)သည် လန်ဒန်တိုင်း(မ်) (London Times) သတင်းစာကြီးနှင့် လန်ဒန်မြို့ရှိ မနောသုတေသနအသင်းကြီးသို့ ချက်ချင်း သတင်းပေးပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်တိုင်း(မ်) သတင်းစာကြီးကလည်း ဘိုလေးစံအိမ်တော်ကြီးနှင့် ဆက်နွယ်သည့်သတင်းများနှင့် လျှို့ဝှက်ချက်များကို မနောသုတေသီ ဒေါက်တာဟယ်ရီပရိုက်(စ)နှင့် တွေ့ဆုံ၍ သတင်းပေးပို့ကြရန် နှိုးဆော်သည့်ကြော်ငြာကို နေ့စဉ်ရက်ဆက် ထည့်သွင်းဖော်ပြခဲ့သည်။

ဟယ်ရီပရိုက်(စ)ကမူ "မနောသုတေသီတို့ ခံယူထားသည့် ထူးခြားဆန်းကြယ်သော စိတ်စေတသိက်တို့၏ဖြစ်စဉ်" ဟူသော အချက်ကို သံသယ ဖြစ်လာသည်။

သူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်နေရသည်။ ဆူဆူညံညံ အသံတွေ ကြားနေရသည်။

ဤသို့ဖြင့် ဟယ်ရီပရိုက်(စ)သည် ဘိုလေးစံအိမ်ကြီးနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုကို အသေးစိတ် ဆောင်ရွက်ခဲ့တော့သည်။

လန်ဒန်တိုင်း(မ) သတင်းစာကြီးနှင့် မနောသုတေသနအသင်းကြီးတို့၏မေတ္တာရပ်ခံချက်ကြောင့် ဘိုလေးစံအိမ်ကြီးနှင့် ပတ်သက်သည့် ဆန်းကြယ်သောဖြစ်ရပ်များကို မျက်မြင်ကိုယ် တွေ့တွေ့ကြုံရသူ လေးဆယ့်ရှစ်ဦးသည် ဟယ်ရီပရိုက်(စ်)နှင့် လာရောက်တွေ့ဆုံခဲ့ကြသည်။

ယင်းသတင်းပေးပို့သူ လေးဆယ့်ရှစ်ဦး၏ တွေ့ကြုံရသောဖြစ်ရပ်အများစုသည် ဘုန်းတော်ကြီးစမစ်၊ ဒေါက်တာဟယ်ရီပရိုက်(စ်)၊ လန်ဒန်ကြေးမုံ သတင်းထောက်ကြီး ဗွီစီဝေါတို့ ဆုံရကြုံရသည့်ဖြစ်ရပ်များနှင့် တူညီနေသည်ကို တွေ့ရသည်ဟု ဆိုကြသည်။

ဒေါက်တာဟယ်ရီပရိုက်(စ်) စနစ်တကျ သုတေသနပြု၍ မနောသုတေသနအသင်းကြီးသို့ တင်သွင်းမည့် အစီရင်ခံစာကို ပြည့်





ပြည့်စုံစုံ တိတိကျကျ ဖော်ပြရန် ကြိုးပမ်းသည်။

ဤသို့ ဒေါက်တာဟယ်ရီပရိုက်(စ) သုတေသနပြုနေစဉ် အတွင်း ယင်းဘိုလေးအိမ်ကြီးနှင့် ပတ်သက်၍ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများတွင် သတင်းပေါင်း(၁၀၆)ပုဒ်မျှ ဖော်ပြခဲ့ကြသည်။

သို့ဖြစ်၍ ဘုန်းတော်ကြီးစမစ်နှင့် သူ့မိသားစုတို့သည် ယင်းအိမ်ကြီးတွင် ဆက်လက်နေထိုင်ခြင်း မပြုဝံ့တော့။ ပြောင်းရွှေ့သွားခဲ့ကြသည်။

မနောသုတေသီ ဒေါက်တာဟယ်ရီပရိုက်(စ်)သည် ယင်းစံအိမ်ကြီးကို ဆက်လက်ငှားရမ်းနေထိုင်၍ သုတေသနပြုပြီး နာနာဘာဝတို့၏ဆန်းကြယ်မှုကို စာအုပ်တစ်အုပ် ပြုစုခဲ့သည်။ ဒေါက်တာဟယ်ရီပရိုက်(စ်)သည် သုတေသန ပြုပြီးသောအခါ ယင်းစံအိမ်ကြီး၏ အကြောင်းကို အင်္ဂလန်ပြည်ရှိ နာနာဘာဝတို့၏ အခြောက်ခံရဆုံးသော အိမ်ကြီး(The Most Haunted House in England)ဟူသောစာအုပ်ကြီးတစ်အုပ် ပြုစုရေးသားထုတ်ဝေခဲ့သည်။

ဘိုလေး(Borley) ဘုန်းတော်ကြီးနေအိမ်ကို (၁၈၆၃)ခုနှစ်တွင် ယခင်ယာတောအိမ်အဟောင်းကြီးကို ဖျက်၍ ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့သည်။

ဘုန်းတော်ကြီးဘူး(လ်) (H.D. Bull)ကိုယ်တိုင် ကြီးကြပ်တည်ဆောက်ပြီး ပြောင်းရွှေ့နေထိုင်ခဲ့သည့်အချိန်မှ စတင်၍ နာနာဘာဝတို့၏အနှောင့်အယှက်ပေးမှု စတင်ခဲ့သည်ဟု ဆိုသည်။

ဘုန်းတော်ကြီးဘူး(လ်)၏သမီးဖြစ်သူ(Ethel-Bull)ကိုယ်တိုင် နှင်းဆီချုံများအနီးတွင် သီလရှင်တစ်ဦးကို မြင်တွေ့ရသည်ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးဘူး(လ်)(H.D.Bull) ကွယ်လွန်ခဲ့ပြီးနောက် သား ဖြစ်သူ ဘုန်းတော်ကြီး ဟယ်ရီဘူး(လ်)(Harry Bull) မိသားစု ဆက်လက် နေထိုင်ခဲ့ကြသည်။

သူ့မိသားစုလက်ထက်တွင်လည်း အခြားသူများ မြင်တွေ့ခဲ့ဖူး သည့်မြင်ကွင်းများ၊ အနှောင့်အယှက်များ ဆက်လက်ကြုံတွေ့ခဲ့ရသည် ဟု ဆိုသည်။

ဟယ်ရီဘူး(လ်) အိပ်နေသော ခုတင်အနီးတွင် တစ်ခါမှ တွေ့ ဆုံဖူးခြင်း မရှိခဲ့သော လူစိမ်းတစ်ဦး လာရပ်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။

သူတို့မိသားစုအားလုံးလိုလို မြင်းနှစ်ကောင်တပ် ရထားကြီးကို မကြာခဏဆိုသလို မြင်တွေ့ခဲ့ကြသည်။

(၁၉၂၈)ခုနှစ်တွင် ဘုန်းတော်ကြီးဟယ်ရီဘူး(လ်) ကွယ်လွန်ခဲ့ရ ပြီးနောက် ဘုန်းတော်ကြီးစမစ်(Rev. GE. Smith) ဆက်လက်တာဝန် ယူခဲ့ပြီး ဘိုလေးစံအိမ်ကြီးတွင် နေထိုင်ခဲ့သည်။

သူနေထိုင်နေစဉ်အတွင်းမှာပင် ဘုန်းတော်ကြီးစမစ်သည် လန်ဒန်တိုင်း(မ်)နှင့် ကြေးမုံသတင်းစာတိုက်ကြီးသို့လည်းကောင်း၊ မနောသုတေသနအသင်းကြီးသို့ စာများ ရေးသားပေးပို့ခဲ့ခြင်းဖြင့် ကမ္ဘာ ကျော်ခဲ့ရလေသည်။

ဘုန်းတော်ကြီးစမစ်သည် ဆက်လက်နေထိုင်ခြင်း မပြုတော့ဘဲ ပြောင်းရွှေ့သွားခဲ့ပြီး မနောသုတေသနအသင်းမှ ဒေါက်တာဟယ်ရီ ပရိုက်(စ)က ဆက်လက်ငှားရမ်းခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဟယ်ရီပရိုက်(စ)၏စာအုပ်ကြီး ထုတ်ဝေခဲ့သည်နှင့် အရောင်းရ အတွင်ကျယ်ဆုံးသော စာအုပ်ကြီးဖြစ်ခဲ့ရသည်။ ထို့ပြင်





အပြင်းထန်ဆုံး ဝေဖန်ခံရသည့်စာအုပ်ဖြစ်သည်။

လန်ဒန်တိုင်း(မ)သတင်းစာကြီးကမူ "နာနာဘာဝတို့နှင့် တကယ်စစ်ခင်းခဲ့သူ ဒေါက်တာပရိုက်(စ) အရှုံးပေးခဲ့ပြီလော" ဟူသော ခေါင်းစီးကြီးများဖြင့် ဝေဖန်ခဲ့ကြသည်။

ယင်းအိမ်ကြီးကို ဘုန်းတော်ကြီး ဖိုင်စတာ (L.A. Foyster) မိသားစုက ဆက်လက်နေထိုင်ခဲ့ကြသည်။

ထိုစဉ်က ထုတ်ဝေသော ပြဒါးရှင်(Mercury)ဟူသော ပြည် နယ်သတင်းစာ သတင်းထောက်နှင့် ဘုန်းတော်ကြီး ဖိုင်စတာတို့ တွေ့ ဆုံရာတွင် ဘုန်းတော်ကြီးကလည်း သူ ယခင်က "နာနာဘာဝ ဆိုသည် မှာ ယုံတမ်းစကားပြောသူတွေရဲ့ထွင်လုံး၊ လုပ်ကြံချက်တွေဟု ထင် ကြောင်း" ဘိုလေးစံအိမ်တော်ကြီး ရောက်မှ "နာနာဘာဝဆိုသည်မှာ တကယ်ပါပဲ" ဟု ယုံကြည်ပါကြောင်း ထုတ်၍ပြောဆိုခဲ့လေသည်။

ဝိညာဉ်ဆရာမ ဟယ်လင်ဂလင်ဖီး၏ပြောဆိုချက်အရဆိုလျှင် ယင်းစံအိမ်ကြီးအား ခြောက်လှန့်နေသည့် ဝိညာဉ်မှာ မေရီယာ(မ်) လော်ရီဆိုသူ ပြင်သစ်အမျိုးသမီး၏ဝိညာဉ်ဖြစ်သည်ဟု ဆိုသည်။

မေရီယာ(မ်)မှာ ပြင်သစ်ပြည် လာဟာဗားပြည်နယ်သူ ဖြစ် သည်။ ဘိုလေးစံအိမ်ကြီးပိုင်ရှင်ဖြစ်သူ ဝေါလ်တာဂရေး(ဖ) ဆိုသူနှင့် အကြောင်းပါခဲ့သည်။

ဝေါလတာဂရေး(ဖ)မှာ စိတ်သဘောထားသေးသူ ဖြစ်သဖြင့် သူ့ဇနီးအား မည်သူ့နှင့်မျှ စိတ်မချ။ သက်ကမကင်းဖြစ်လေ့ရှိသည်။ ထာဝစဉ် ဖောက်ပြန်မည်ဟု ထင်မှတ်လေ့ရှိသည်။

သို့အတွက် ဝေါလတာဂရေးသည်(ဖ)သည် သူ့ဇနီးအား သတ် ဖြတ်ခဲ့ပြီး ဝိုင်အရက်များ ထားသောမြေတိုက်ခန်းတွင် အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်နှံထားခဲ့သည်ဟု ဆိုသည်။

ဒေါက်တာဟယ်ရီပရိုက်(စ)နှင့် မနောသုတေသနအဖွဲ့ဝင်တို့သည် ဖော်ပြပါ ဝိုင်အရက်များ ထားသော မြေတိုက်ခန်းကို တူးဖော်ခဲ့ကြရာ အမျိုးသမီးတစ်ဦး၏ဦးခေါင်းခွံနှင့် မေးရိုးများကို တူးဖော်ရရှိသည်ဟု သတင်းဖြစ်ပွားခဲ့သဖြင့် ဘိုလေးစံအိမ်ကြီး၏သတင်းသည် တောမီးပမာ ပျံ့နှံ့လာခဲ့ပြန်လေသည်။

(၁၉၃၉)ခု၊ ဖေဖော်ဝါရီလတွင် ဘိုလေးစံအိမ်ကြီးမှာ မီးလောင်ပျက်စီးခဲ့ရလေသည်။

ထိုမီးလောင်ပျက်စီးသွားရသည့်မြေကွက်တွင် နာနာဘာဝများ၏ခြောက်လှန့်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်ဟု သတင်းများ ဖြစ်ပွားလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု လိုက်(ဖ်) (Life) ရုပ်စုံမဂ္ဂဇင်းကြီးမှ ဓာတ်ပုံသတင်းထောက်တစ်ဦး ပါဝင်သော ဘိုလေးစုံစမ်းရေး အဖွဲ့တစ်ဖွဲ့သည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် သွားရောက်ခဲ့ကြသည်။

(၁၉၄၄)၊ ဧပြီလ(၅)ရက်နေ့တွင် ဘိုလေးစံအိမ်သို့ ရောက်ရှိခဲ့သော ယင်းအဖွဲ့အား အုတ်ခဲကျိုးများနှင့် ပစ်ပေါက်ခြင်း ခံခဲ့ရသည်ဟု ဆိုလေသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ဂယက်သည် ရိုက်ခတ်လာခဲ့သဖြင့် ဘိုလေးစံအိမ်ကြီး၏သတင်းများ တိမ်မြုပ်သွားခဲ့ရလေသည်။

ဘိုလေးစုံစမ်းရေးအဖွဲ့က အဓိက ဇာတ်ဆောင်တစ်ဦး ဖြစ်ခဲ့သော ဒေါက်တာဟယ်ရီပရိုက်(စ)မှာလည်း (၁၉၄၈)တွင် ကွယ်လွန်ခဲ့ရရှာသည်။





ဒေါက်တာဟယ်ရီပရိုက်(စ) ကွယ်လွန်သောအခါတွင် မနောသုတေသနအသင်းကြီးက ဘိုလေးဘုရားကျောင်း နာနာဘာဝ ခြောက်လှန့်မှုများနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို လူသိရှင်ကြား ထုတ်ဝေခဲ့သဖြင့် ဘိုလေးစံအိမ်ကြီး၏သတင်းသည် တစ်ကျော့ပြန်လာခဲ့သည်။

ဒေါက်တာဟယ်ရီပရိုက်(စ)အားလည်း အမျိုးမျိုး စွပ်စွဲဝေဖန်မှုများ ပေါ်လာခဲ့သည်။ သူသည် ထင်ပေါ်ကျော်ကြားအောင် လုပ်ဇာတ်များကို ပိပိရိရိ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲခဲ့လေသည်။

သို့သော် ဒေါက်တာဟယ်ရီပရိုက်(စ)ကို ထောက်ခံသူတစ်ဦး ပေါ်ခဲ့လေသည်။

ထောက်ခံသူမှာ ဗြိတိသျှတပ်မတော်မှ အငြိမ်းစား ဗိုလ်မှူးချုပ် သူရဲကောင်းမှတ်တမ်းဝင်ဘွဲ့ ရရှိခဲ့သူ ဘရောင်းလိုး (Brownlow D.S.O)ဆိုသူဖြစ်သည်။

ဗိုလ်မှူးချုပ် ဘရောင်းလိုးသည် (၁၉၅၃)ခု၊ ဒီဇင်ဘာလ(၇)ရက်နေ့တွင် ယခင်ဘိုလေးစံအိမ် နေရာဟောင်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

(၁၉၅၄)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင်လည်း နောက်ထပ် သွားရောက်စုံစမ်းစစ်ဆေး သုတေသနပြုခဲ့ပြီး (၁၉၅၄)ခု၊ အောက်တိုဘာလတွင် ထုတ်ဝေသော ပရီဒစ်ရှင်း (Prediction) ဗေဒင်မဂ္ဂဇင်းကြီးတွင် ယနေ့ဘိုလေးစံအိမ်တော်(Boley Today)ဟူသောဆောင်းပါး ရေးသားခဲ့လေသည်။

သို့ရာတွင် (၁၉၇၈)ခုနှစ်တွင် ထုတ်ဝေသော ဟယ်ရီပရိုက်(စ)ကို ရှာဖွေခြင်း(Search for Harry Price) စာအုပ်တွင် စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဟော(လ်)(Hall)က ဒေါက်တာဟယ်ရီပရိုက်(စ)အား စွပ်စွဲဝေဖန်တိုက်ခိုက်ခဲ့ပြန်တော့သည်။

မည်သို့ပင်ဖြစ်စေကာမူ မနောသုတေသီအများစုကမူ ဘိုလေးစံအိမ်တော်တွင် ဖြစ်ပွားသည့် ခြောက်လှန့်မှုများသည် စိတ်အာရုံများတွင် ထင်လာခြင်း(Hallucination)ပင်ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

အထက်ပါအကြောင်းအရာများကို လေ့လာကြည့်သောအခါ တစ္ဆေသရဲ အခြောက်ဆုံးနေရာများမှာ အများအားဖြင့် နေအိမ်အဆောက်အဦးများဖြစ်ကြောင်း သိနိုင်ကြပေသည်။





# အခန်း(၂)

## ပရလောကသားများ၏ ဂမ္ဘီရဆန်သောနေရာများ

မြန်မာနိုင်ငံတွင် မြန်မာဘုရင်တို့ ရုံးစိုက်ရာ နေရာများစွာ ရှိကြသည့်အနက် အင်းဝလည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

တောင်တွင်းကြီးနယ်သည်လည်း ရှင်ဘုရင်တို့ ထီးနန်းစိုက်ရာမြို့ဖြစ်သော်လည်း ပေလေးပင် ရှင်လေးပါး မတစ်လုံးကြေ ဆရာတော်ကြီး၊ ခင်ကြီးဖျော်၊ ဘိုးဘိုးအောင် စသောပုဂ္ဂိုလ်တို့ကြောင့် နာမည်ကျော်ကြား လူသိများခဲ့ရပေသည်။

ထိုနည်းအတူ အင်းဝသည်လည်း နန်းမတော်မယ်နု၊ မင်းကြီးရန်နောင်နှင့် ယိမ်းနွဲ့ပါးဓါး၊ ဗားလေးဗား အပါအဝင် ဗားမဲ့ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး စသည်တို့ကြောင့် လူသိများခဲ့ရပေသည်။

ယခုတိုင် အင်းဝဟု ဆိုလိုက်သည်နှင့် ဂမ္ဘီရဆန်သောနေရာ တစ်ခုအဖြစ် သတ်မှတ်ထားကြလေသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ဥစ္စာသိုက်နှင့် ပတ်သက်ပြီး အများအပြား ရှိသောနေရာ နှစ်နေရာ ရှိသည်။ တစ်နေရာက ဒေးစွန့်ပါ ဖြစ်ပြီး ကျန်တစ်နေရာမှာ အင်းဝဖြစ်သည်။

အခြားနေရာများတွင် ဥစ္စာစောင့်များ စောင့်ရသည့် သိုက်များစွာ ရှိသော်လည်း အထက်ပါ နှစ်နေရာလောက်တော့ မများလှပေ။

ထိုသို့များရခြင်းမှာ အခြားမဟုတ်ပေ။ ဒေးစွန့်ပါ ရှိသောနယ်မြေမှာ ပဲခူးတိုင်းအတွင်းမှာ ရှိပြီး ရှေးအခါက ချမ်းသာကြွယ်ဝသော မွန်ကလိုင်လူမျိုးတို့ များစွာနေထိုင်ခဲ့ကြသည်။

ဟံသာဝတီ ပျက်စီးသောအခါ မွန်တလိုင်း သူဌေးသူကြွယ်တို့မှာ ၎င်းတို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်အောင် လျှို့ဝှက်စွာ မြှုပ်နှံသိုဝှက်ကြရာမှ ဥစ္စာသိုက်များ ပေါ်များရခြင်း အကြောင်းရင်းဖြစ်ပေသည်။

အင်းဝကောင်းစားစဉ်က ထိုနယ်တစ်ပိုက်တွင် ချမ်းသာကြွယ်ဝသော သူဌေးသူကြွယ်များစွာ ရှိခဲ့လေသည်။ ထိုအထဲတွင် အင်းဝရှိ သူဌေးသူကြွယ်များ စာရင်းဝင် သူဌေးကြီးဘောဂဗလတို့လည်း ပါဝင်ကြလေသည်။ မြန်မာသက္ကရာဇ်(၈၈၀)ကျော်အချိန် အင်းဝဘုရင် နရပတိ အုပ်စိုးနေစဉ် မိုးညှင်းစော်ဘွားတို့၏ကျူးကျော်တိုက်ခိုက်ခြင်း ခံကြရသည်။

အင်းဝထီးနန်း ရှမ်းစော်ဘွားတို့၏လက်အောက်သို့ ရောက်လုရောက်ခင်အချိန်တွင် သူဌေးသူကြွယ်တို့သည် ၎င်းတို့ ပိုင်ဆိုင်သော





ရွှေငွေဥစ္စာပစ္စည်းများကို သင့်လျော်သောနေရာများတွင် မြေကျင်းများ တူးပြီး သိုဝှက်မြှုပ်နှံခဲ့ကြလေသည်။

ဘောဂဗလသူဌေးကြီးဆိုလျှင် မနော်ရမ္မာဥယျာဉ်နှင့် မနီးမဝေးမှာ လိုဏ်ခေါင်းကြီးတစ်ခု အခိုင်အမာ တူးစေပြီး ထိုလိုဏ်ခေါင်းအတွင်း၌ ၎င်းပိုင်ဆိုင်သော ရွှေငွေရတနာပစ္စည်းများကို မြှုပ်နှံထားခဲ့လေသည်။

ပြီးမှ လိုဏ်ခေါင်းကို ပိတ်ပြီး စေတီတစ်ဆူ တည်ထားခဲ့လေသည်။

အင်းဝသို့ ရှမ်းစော်ဘွားများ ဝင်ရောက်သိမ်းပိုက်သောအချိန်ကာလတွင် အခြားသူဌေးသူကြွယ်များသည်လည်း ၎င်းတို့ ပိုင်ဆိုင်သော ရတနာပစ္စည်းများကို ထိုကဲ့သို့ပင် လျှို့ဝှက်မြှုပ်နှံခဲ့ကြလေသည်။

ရှမ်းစော်ဘွားများကလည်း အင်းဝကို သိမ်းပိုက်မိသောအခါ သူဌေးသူကြွယ်များထံမှ ရွှေငွေရတနာပစ္စည်းများကို သိမ်းယူလေသည်။

သို့သော် သူတို့ မျှော်လင့်ထားသလောက်တော့ မရကြပေ။ အမျိုးမျိုး စစ်မေးသော်လည်း မရသဖြင့် အချို့သူဌေးများကို သတ်ပစ်လေသည်။

ထိုအထဲတွင် ဘောဂဗလသူဌေးကြီးနှင့် မိသားစုများလည်း အသတ်ခံရသောအထဲတွင် ပါသွားကြလေသည်။ သေပြီးနောက်ပိုင်းမှာတော့ မိမိတို့ မြှုပ်နှံထားသော ဥစ္စာပစ္စည်းများကို စွဲလန်းတပ်မက်စိတ်ကြောင့် ဘောဂဗလ ဥစ္စာသိုက်ကို စောင့်ကြရသည်။ နောက်ပိုင်းကာလရောက်လာသောအခါ ထိုဥစ္စာသိုက်မှာ သိုက်စောင့်များ၏ခြောက်လှန့်နှောင့်ယှက်မှုကြောင့် တဖြည်းဖြည်း နာမည်ကြီးလာခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်သိုက်ဆရာမှလည်း ထိုသိုက်ကို တူးဖော်ဖို့ မစွမ်းသာကြပေ။ လာရောက်နှောင့်ယှက်သူများမှာ သေသူသေ ပြေးသူပြေးရသည်က များလေသည်။

အချို့ဆရာများဆိုလျှင် အနားရောက်အောင်ပင် မကပ်နိုင်ကြပေ။

အချို့ သီလသမာဓိ သစ္စာရှိသူများသာ ထိုသိုက်အတွင်းသို့ ရောက်လိုသဖြင့် သွားရောက်လည်ပတ်ပါက တွေ့ဆုံလက်ခံလေသည်။

သို့သော် ဒီအတိုင်းတော့ သွား၍မရပေ။

(၄၅)ရက် သက်လွတ်စား၊ ဥပုသ်စောင့်ကာ သစ္စာဆိုပြီးမှ တွေ့ခွင့်ရနိုင်လေသည်။

ထိုအစီအစဉ်ဖြင့် သိုက်အတွင်းသို့ ဧည့်သည်အဖြစ်နှင့် ရောက်သွားဖူးသူများလည်း ရှိလေသည်။

ထိုအခါ သက်ဆိုင်သူများက ၎င်းတို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို လိုက်လံပြသပေးကြသည်။

တစ်ခါက လူတစ်ယောက်သည် ဘောဂဗလသိုက်အတွင်းသို့ ဝင်ကြည့်လိုသောဆန္ဒ ရှိသောကြောင့် သက်သက်လွတ်စား၊ ဥပုသ်စောင့်ပြီးနောက် ရက်စေ့သောအခါ ထိုနေရာသို့ သွားလေသည်။

သိုက်ရှိရာ ဘုရားပျက်အနီးသို့ ရောက်သောအခါ ထနောင်းပင်အောက်မှာ စည်းချပြီး အတွင်း၌ ဝင်ထိုင်ကာ သက်ဆိုင်ရာ ဂါထာမန္တာန်များကို ရွတ်ဖတ်နေလေသည်။

ညအချိန်ရောက်သောအခါ မြွေ၊ သရဲ၊ သဘက်၊ ဘီလူး စသည်တို့ အနီးသို့ ရောက်လာပြီး ကိုယ်ထင်ပြကာ ခြောက်လှန့်ကြလေတော့သည်။





ဘယ်လို ဂါထာမန္တာန် ရွတ်၍မှ မရဘဲ ခြောက်မြဲ ခြောက်လှန့်ကြလေသည်။

နောက် ဘောဂဗလသိုက်နှင့် သက်ဆိုင်သူတစ်ဦး ရောက်လာတော့မှ အခြောက်အလှန့်များ ကင်းသွားလေသည်။

နောက်ဆုံးမှာတော့ ထိုပုဂ္ဂိုလ်၏ခေါ်ဆောင်သွားမှုကြောင့် ဘောဂဗလသိုက်အတွင်းသို့ ရောက်ခွင့်ရလေသည်။ သိုက်အတွင်း ရောက်သောအခါ အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံပြီး ၎င်းတို့ စောင့်ရှောက်နေသော ဥစ္စာပစ္စည်းများကို လိုက်လံပြသလေသည်။

ရွှေငွေရတနာပစ္စည်းတို့မှာ တိုက်တစ်လုံးစာခန့် များပြားလေသည်။

ဘုရားတည်ရန် ပြုလုပ်ထားသောရွှေအုတ်များမှာ တစ်လုံးလျှင် နှစ်ပိဿာခန့် ရှိလေသည်။

ထိုကဲ့သို့ သဘောကောင်းသောသိုက်များ ရှိသလို ကြောက်စရာကောင်းသော သိုက်အချို့လည်း ရှိပေသည်။

အချို့က ၎င်းတို့ ရှိသော နယ်မြေအတွင်းမှ သစ်ရွက်တစ်ရွက်ကိုပင် အခြားနေရာသို့ ယူဆောင်ခွင့် မပြုကြပေ။

တောထဲမှ လှည်းဖြတ်မောင်းသွားစဉ် သစ်ရွက်ကြွေတစ်ရွက်က လှည်းပေါ်မှာ ပါသွားသောကြောင့် မျက်စိလည်ပြီး တောထဲမှ ထွက်မရသည်အထိ ကြမ်းသောနေရာများ ရှိသည်။

ဒေးစွန်ပါဘက်မှာ ကျောက်စက်ယိုသိုက်မှာ ထိုကဲ့သို့သော နာမည်ကြီးလှသည့် သိုက်အမျိုးအစားထဲတွင် ပါဝင်လေသည်။

ထိုသိုက်ရှိသောနေရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိသော ကျောက်တုံးကြီးများမှ ရေများ တစ်စက်ချင်း ကျနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ယိုသိုက်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုရေများကို သောက်မိလျှင်ပင် သိုက်စောင့်များ၏ဖမ်းစားခြင်းကို ခံကြရသည်။

ထိုသိုက်နှင့် ပတ်သက်ပြီး လူအသေအပျောက် များသောအခါ အရပ်သူအရပ်သားများက "လူစားသည်" ဟု အရပ်စကားဖြင့် ပြောကြသည်။

အချို့ကလည်း "လူစားလဲသည်" ဟု ပြောလေသည်။

ထိုကျောက်စက်ယိုသိုက်မှ လူစားလဲကာနီးပြီဆိုပါက မီးရောင်များ လင်းထိန်နေသည်ကို ထိုပတ်ဝန်းကျင်တစ်ဝိုက်ရှိ လူများက မြင်တွေ့ကြရသည်။

မီးရောင်များ ပေါ်လာပြီး မရှေးမနှောင်းမှာပင် ဆိုင်းသံ ဗုံသံများကိုပါ ကြားကြရသည်။

မီးရောင်များ ပေါ်လာပြီး ဆိုင်းသံဗုံသံများပါ ကြားရလျှင် ပတ်ဝန်းကျင်မှ ရှေ့မီနောက်မီ လူကြီးများမှာ များစွာထိတ်လန့်ကြောက်ရွံ့ကြလေသည်။

"သိုက်အော်သံ ကြားရပြီဟေ့၊ လူစားလဲတော့မယ် ထင်တယ်၊ လူစားတော့မယ် ထင်တယ်" ဟု မှတ်ချက်ပေးကြလေသည်။

၎င်းတို့ ထင်သည့်အတိုင်းပင်. . .

မီးရောင်များနှင့် ဆိုင်းသံဗုံသံများကို ကြားရမြင်ရပြီးလျှင် ထိုအနီးပတ်ဝန်းကျင်သို့ ရောက်သွားသောလူမှန်သမျှ ဘေးအန္တရာယ်တစ်ခုခုနှင့် တွေ့ကြုံပြီး သေကြရသည်က များလေသည်။

သူ့အကြောင်းနှင့်သူ သေရသည်ဖြစ်စေ. . .

ထိုကဲ့သို့ သေရခြင်းကိုပင် လူစားလဲသည်၊ သိုက်က လူစား





သည်ဟူ၍ အမျိုးမျိုး ထင်မြင်ချက်ပေး ပြောဆိုကြလေသည်။

အင်းဝတွင် ဘောဂဗလသိုက်ကဲ့သို့ ကြီးကျယ်ခမ်းနားသော သိုက်ကြီးများ အများအပြား ရှိသလို နန်းမတော်မယ်နု မြှုပ်နှံထားခဲ့သော ရတနာပစ္စည်းများအကြောင်းကလည်း ကဏ္ဍတစ်ခုအနေနှင့် ရှိနေပေသည်။

အင်းဝရာဇဝင်အကြောင်းကို ပြောမည်ဆိုလျှင် နန်းမတော်မယ်နုအကြောင်းကိုလည်း မလွှဲမသွေ ပါရမည်သာ ဖြစ်ပေသည်။

နန်းမတော်မယ်နုဟာ အဖမ်းမခံရခင်အချိန်လေးမှာပဲ သူပိုင်ဆိုင်တဲ့ပစ္စည်းတွေ၊ ရွှေငွေလက်ဝတ်ရတနာတွေကို တစ်နေရာမှာ မြှုပ်နှံဖျောက်ဖျက်ခိုင်းလေသည်။

နန်းတွင်းမှာ အရေးနိမ့်တော့မယ့်အခြေအနေ ရောက်တာနဲ့ လူယုံတော်လေးယောက်ကို ရွှေငွေလက်ဝတ်ရတနာများ ထည့်ထားသောသေတ္တာနှင့်အတူ ဖလံနန်းရွာသို့ စေလွှတ်လိုက်လေသည်။

ကုန်းဘောင်မင်း နန်းတက်သောအချိန်တွင် ရတနာပစ္စည်းများက နန်းမတော်မယ်နု ဇာတိမြေ ဖလံနန်းရွာသို့ ရောက်ရှိသွားလေသည်။

ဖလံနန်းရွာ၌ နန်းမတော်မယ်နု ကောင်းမှုတော်များ ဖြစ်သော ဘုရားကြီးနှစ်ဆူနှင့် အုတ်ကျောင်းကြီး ရှိလေသည်။

ရှေးအခါက ကန်ကြီးသုံးကန်ကို တညီတည်း တရွယ်တည်း တူးစေပြီး နှစ်ကန်က ထွက်တဲ့အုတ်ကို ဘုရားနှစ်ဆူတည်ပြီး ကျန်တစ်ကန်က ထွက်တဲ့အုတ်နှင့် အုတ်ကျောင်းကြီး တည်ဆောက်လေသည်။

သို့ကြောင့် ဘုရားကြီးနှစ်ဆူ၏အရွယ်အစားမှာ အကြီးအသေး ကွာခြားမှု မရှိဘဲ တစ်ရွယ်တည်း ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ ရှိသော အုတ်ဖုတ်သည့် ကန်ကြီးများမှာလည်း နောင်သောအခါ ရေကန်ကြီးများ ဖြစ်သွားကြသည်။ လူယုံတော် လေးယောက်တို့မှာ နောက်မှ ဘုရင့်တပ်သားများ လိုက်လာကြသောကြောင့် နန်းမတော်မယ်နု၏ရတနာသေတ္တာကို အလယ်ရေကန်အတွင်းသို့ ပစ်ချကာ ဖျောက်ဖျက်ပစ်လိုက်ကြလေသည်။

မရှေးမနှောင်းမှာပင် ဘုရင့်စစ်သည်တော်များ ရောက်လာပြီး ဖမ်းမိသွားသောကြောင့် လေးယောက်စလုံး အသတ်ခံကြရလေသည်။

၎င်းတို့လေးယောက်စလုံးမှာ ရေကန်ထဲမှာ ပစ်ချခဲ့သော ဥစ္စာပစ္စည်းများကို စွဲလန်းတပ်မက်စိတ်ကြောင့် ထိုရေကန်မှာပင် သရဲဘဝနှင့် နေကြရလေသည်။

နောက်ပိုင်းအချိန် ရောက်လာတော့ ဘုရားကြီးနှင့်ကျောင်းကြီးများကြားတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်ကာ ဘုန်းကြီးများ လာရောက်သီတင်းသုံးကြလေသည်။

သို့သော်လည်း ထိုကျောင်းသို့ ရောက်ပြီး မကြာမီမှာပင် ဦးပဉ္စင်းတစ်ပါး၊ ကိုရင်တစ်ပါးနှင့် ကျောင်းသားတစ်ယောက်တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြလေသည်။

ရွာသူရွာသားတွေက အမှောင့်ပယောဂတွေရဲ့လက်ချက်ဆိုတာ ရိပ်မိကြသဖြင့် အထက်လမ်းဂိုဏ်းဆရာတစ်ယောက်ကို ခေါ်ပြီး စစ်ကြည့်တော့မှ သရဲလေးကောင်လက်ချက် ဆိုသည်ကို သိကြရသည်။

၎င်းတို့ကို ခေါ်မေးသောအခါ ဥစ္စာပစ္စည်းများကြောင့် ထိုနေရာမှာ စောင့်နေရပါသည်ဟု ပြောသည်။

ထို့ကြောင့် ထိုပစ္စည်းများကို အခြားသိုက်တစ်ခုသို့ ပြောင်းရွှေ့စေပြီး သရဲလေးကောင်ကို အဝေးသို့ နှင်ထုတ်လိုက်သည်။





သည်။

ဦးဘပွားသည် မြေယာအတော်များများ ပိုင်ဆိုင်ပြီး ဥယျာဉ်ခြံမြေ အတော်များများလည်း ရှိပေသည်။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဒေါသ မာန်မာနကြီးသူတစ်ယောက်လည်းဖြစ်သည်။

လယ်မြေယာမြေ ဥယျာဉ်ခြံများတွင် အငှားချထားသော အလုပ်သမားများအပေါ်မှာ ဆက်ဆံရာမှာ မောက်မာရက်စက်တတ်သောကြောင့် အားလုံးက ကြောက်ရွံ့ကြလေသည်။

ထို့နောက်မှာတော့ သူဌေးကြီးဦးဘပွားသည် တံတားဦးနှင့်မဝေးလှသော မြို့စွန်တစ်နေရာတွင် ဧကအတော်များများ ကျယ်ဝန်းသော ဥယျာဉ်ခြံတစ်ခြံ ဝယ်ယူကာ ထိုခြံဝန်းအလယ်တွင် နှစ်ဆောင်ပြိုင် တိုက်ခံအိမ်ကြီးတစ်လုံးကို ဆောက်လေသည်။

ထိုအိမ်ကြီးကို တည်ဆောက်ရာမှာ မြေအောက်ခန်း လျှို့ဝှက်ခန်းများလည်း ပါဝင်လေသည်။

ထိုအိမ်ကြီးကို တည်ဆောက်ရာတွင် လက်သမားပညာရေး ပန်းရံပညာပါ ကျွမ်းကျင်သော ဆရာကြီး ဦးမြသာကို အပ်နှံကာ လက်ခပေး၍ တည်ဆောက်စေသည်။ ဦးမြသာလည်း ပန်းရံနှင့် လက်သမား ကျွမ်းကျင်သော တပည့်တပန်းများကို ခေါ်လာပြီးနောက် နှစ်ဆောင်ပြိုင်အိမ်ကြီးကို တည်ဆောက်လေသည်။

အိမ်ကြီး၏မြေတိုက်အခန်းများအတွက် မြေများ တူးဖော်ပြီး ထိုမြေများကိုပင် အုတ်ဖုတ်ကာ အိမ်ကြီးကို တည်ဆောက်ခြင်းဖြစ်ပေသည်။

အိမ်ဆောက်ရန် ကျွန်းသစ်များကိုပင် အထက်သစ်တောများ



www.burmeseclassic.com

www.burmeseclassic.com



မကျွတ်မလွတ်ဘဲ ယခုတိုင် ရှိနေသော ဘုမ္မိယ လောကသားဟု ခေါ်သော သိုက်စောင့်များ၊ ပရလောကသားများနှင့် ပတ်သက်သော အကြောင်းအရာများကလည်း အင်းဝနယ်တကြောမှာ ရှိနေသည်က အမှန်ပင်ဖြစ်လေသည်။

ထိုကဲ့သို့ ခြောက်လှန့်မှုများထဲတွင် မယ်နုအုတ်ကျောင်းကြီးနှင့် လေးထပ်ကြီးဘုရားတို့မှာ ပရလောကသားတို့ နှောင့်ယှက်မှု များသော နေရာများအဖြစ် ထင်ရှားကြပေသည်။

မယုံကြည်သောကြောင့် သွားရောက်စမ်းသပ်ကြည့်ကြသူများမှာ သေသူသေ ပြေးသူပြေးကြရလေသည်။ တကယ်တော့ အင်းဝနယ်တကြောမှာ အထိကရ ဂမ္ဘီရနယ်မြေတစ်ခု ဆိုက မမှားပါချေ။





# အခန်း(၃)

# အာဃာတရန်ငြိုး

ရှေးအခါက တံတားဦးနှင့် အင်းဝကြားတစ်ဝိုက်တွင် သူဌေးသူကြွယ်များ နေထိုင်ခဲ့သောဥယျာဉ်ခြံများ၊ အိမ်ကြီးအိမ်ကောင်းများ ရှိခဲ့ဖူးသည်။

နောက်ပိုင်း ရှမ်းစော်ဘွားများ အင်းဝကို ဝင်ရောက်တိုက်ခိုက်ပြီး ဖျက်ဆီးပစ်သောအခါမှသာ အတော်များများ ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်မျက်နှာဖြူများ ဝင်ရောက်လာပြီးနောက်ပိုင်းမှာတော့ ထိုနေရာများမှာ လာရောက်အခြေချနေထိုင်သူတို့ ရှိခဲ့လေသည်။

ထိုအထဲတွင် သူဌေးဦးဘပွားလည်း တစ်ဦးအပါအဝင် ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



ဆရာက အခြားသိုက်စောင့်လက်မှ ထိုပစ္စည်းများကို ယူကြည့်သောအခါ အင်ကြင်းကျောက် သေတ္တာတစ်လုံးကို ပြသည်။

ထိုသေတ္တာမှာ အလျားတစ်ပေ၊ အနံ(၆)လက်မ၊ အကျယ်(၉)လက်မခန့်ရှိပြီး ထိုအထဲတွင် နန်းမတော်မယ်နု အသုံးပြုခဲ့သော ရွှေငွေလက်ဝတ်ရတနာ အမြောက်အများကို တွေ့ရလေသည်။

ကုန်းဘောင်မင်း နန်းတက်ပြီးနောက်မှာ မယ်နုအပါအဝင်သူ့ရဲ့ဆွေမျိုးများ ရှိသော ဖလံနန်၊ ဝက်မိုး၊ မြင်းပေါက်၊ မံအိုး ဆိုတဲ့ရွာတွေမှာ ရှိကြတဲ့ဆွေမျိုးတွေအားလုံးလည်း အသတ်ခံကြရသည်။

ထို့ကြောင့် ထိုနေရာများတွင် အကြောင်းမဲ့ အသတ်ခံကြရသောကြောင့် မကျွတ်မလွတ်သေးသော ပရလောကသားတို့ များစွာရှိနေကြသည်။

နန်းမတော်မယ်နု သေပြီးတဲ့နောက်မှာ ရွှေသိုက်စာရင်းဝင်ရတနာပစ္စည်းများဖြစ်သည့် မြလည်ဆွဲရတနာ၊ ပတ္တမြားလည်ဆွဲရတနာ၊ နဝရတ်လက်စွပ်၊ ပတ္တမြားလက်စွပ်၊ ပတ္တမြား ရင်လွှမ်းတန်ဆာတို့မှာ ပျောက်သွားခဲ့လေသည်။

အချို့ကလည်း ဖလံနန်ရွာသို့ ပို့လိုက်သော ရတနာပစ္စည်းသေတ္တာအတွင်းမှာ ပါသွားသည်ဟု ထင်သည်။

အချို့ကလည်း နန်းမတော်မယ်နု တစ်နေရာမှာ ဝှက်ထားခဲ့သည်ဟု ယူဆကြသည်။

မည်သို့ပင်ရှိစေ. . .

အင်းဝနယ်မြေတစ်ကြောမှာတော့ စိတ်ဝင်စားဖွယ် နေရာအများအပြား ရှိနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ရှေ့က ရေးသားဖော်ပြခဲ့သည့်အတိုင်း ရှေးအခါကတည်းက





အတွင်းမှ ရှာဖွေထုတ်ယူပြီး ဗြိတိသျှအစိုးရထံမှ လိုင်စင်ခံ၍ သယ်ယူလာခြင်းဖြစ်သည်။

ဆရာကြီးဦးမြသာမှာ တပည့်များအပြင် အားကိုးရသော သားတစ်ယောက်လည်း ရှိလေသည်။

ထိုသား၏အမည်မှာ မောင်သူရဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်ခန့်ရှိသည်။

မောင်သူရသည် သာမန်လက်လုပ်လက်စားတစ်ယောက် ဖြစ်သော်လည်း ယောကျ်ားပီသသောရုပ်ရည်ရှိပြီး အလုပ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

ထို့ကြောင့် ဦးမြသာက သားတစ်ယောက်အဖြစ် ချစ်ခင်သလိုတပည့်တစ်ယောက်လိုလည်း မျက်နှာလွှဲရလေသည်။

သူက စီစဉ်ညွှန်ကြားပေးရုံနှင့် မောင်သူရက အလုပ်သမားများကို ကြီးကြပ်ပြီး စေခိုင်းတတ်လေသည်။ အိမ်တစ်ဆောင် တည်ဆောက်ရာမှာ ရက်ပေါင်းလပေါင်း အတော်ကြာအောင် လုပ်ရသဖြင့် အလုပ်သမားများနှင့် အိမ်ရှင်များမှာလည်း နေ့စဉ်လိုလိုပင် မြင်တွေ့ဆက်ဆံကြရလေသည်။

ထိုသို့ဆက်ဆံကြရာတွင် သူဌေးကြီးဦးဘပွား မရှိသည့်အခါ သမီးအကြီးဖြစ်သူ မြနှင်းဖြူက တာဝန်ယူ ဆောင်ရွက်ပေးရလေသည်။

မြနှင်းဖြူသည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး လိမ္မာရေးခြားရှိကာ ရုပ်ရည်ချောမောသူတစ်ဦးဖြစ်သည်။

ဦးဘပွားနှင့် ဖနီးဒေါ်မင်းသူတို့မှာ သားယောကျ်ားလေး မထွန်းကားဘဲ သမီးနှစ်ယောက်သာ ရှိသည်။ မြနှင်းဖြူက အကြီး၊ မြသင်းကြူက အငယ်ဖြစ်သည်။ မြသင်းကြူမှာ အသက်(၂၃)နှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး မြနှင်းဖြူနှင့်လည်း ရုပ်ချင်း များစွာတူလေသည်။ အသက်အရွယ်ချင်းက နှစ်နှစ်ခန့် ကွာသော်လည်း မသိသူများက အမြွှာညီအစ်မဟုထင်ရလောက်အောင် အရွယ်ချင်းရော ရုပ်ချင်းပါ တူကြလေသည်။

သို့သော်လည်း စရိုက်ချင်းကတော့ မတူကြပေ။ မြနှင်းဖြူက ရိုးသားတည်ငြိမ်ပြီး မြသင်းကြူက ဖျတ်လတ်သူဖြစ်သည်။

တစ်ခါတစ်ရံ မြနှင်းဖြူ မအားလပ်သည့်အချိန်တွင် မြသင်းကြူက အလုပ်များကို ဝင်ရောက်လုပ်ကိုင်ပေးရင်မှ မောင်သူရနှင့် တွေ့ပြီး လူငယ်တို့သဘာဝ ချစ်ခင်နှစ်သက်မှု ဖြစ်ကြလေတော့သည်။

သူတို့နှစ်ယောက်သည် လူကြီးများ မသိအောင် ဥယျာဉ်ခြံအတွင်းမှာ မကြာခဏ ချိန်းတွေ့ကြလေသည်။

"ကိုယ်ကတော့ မြနဲ့ ချစ်သူဖြစ်ရတာ ဝမ်းလည်း သာတယ်၊ စိုးရိမ်စိတ်တွေလည်း များနေရတယ်"

"ဘာ့ကြောင့်လဲဟင်"

"ဘာကြောင့်ရမလဲ မြလေးရယ်၊ ကိုယ်နဲ့မြလေးတို့ဘဝက အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာခြားနေတော့ မြရဲ့မိဘတွေ သိသွားခဲ့ရင် ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူးလေ"

"အို. . . ဒါကတော့ မြရဲ့ဘဝတစ်သက်တာ အိမ်ထောင်ဘက်ရွေးတဲ့နေရာမှာ ကျွန်မရဲ့သဘောဆန္ဒလည်း ပါရမှာပေါ့"

"ဒါပေမယ့် မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာကိုပဲ တွေ့ချင်မြင်ချင်မှာပေါ့၊ တကယ်လို့ မိဘတွေ သိသွားပြီးတော့ သဘောမတူဘဲ ခွဲကြရင် ဘယ်လိုလုပ်ကြမလဲ"

"မြလေးကတော့ လူချမ်းသာတာထက် စိတ်ချမ်းသာမှုကိုပဲ လိုချင်ပါတယ်၊ ကိုနဲ့ အတူတူသာ နေရမယ်ဆိုရင် ဘယ်လိုဘဝမျိုးပဲဖြစ်





ဖြစ် နေနိုင်ပါတယ်"

ချစ်သူက ထိုကဲ့သို့ ပြောသည့်တိုင်အောင် မောင်သူရခမျာ ရတက်မအေးနိုင်ရဘဲ အမြဲတစေ စိုးရိမ်ပူပန်နေရလေသည်။

တစ်နေ့တော့ သူတို့နှစ်ယောက်အကြောင်းကို ဒေါ်မင်းသူ သိသွားပြီးနောက် ထိုမှတဆင့် ဦးဘပွားပါ သိသွားတော့သည်။

ထိုအခါယမ်းပုံမီးကျ ဒေါသပေါက်ကွဲလေတော့သည်။

"ငါကတော့ သမီးတွေ လိမ္မာလှချည်ရဲ့ဆိုပြီး စိတ်ချလက်ချရှိနေခဲ့တာ၊ ခုတော့ နင်က ယောက်မမြင်းစီးထွက်ပြတာပေါ့လေ၊ နင့်မှာရွေးစရာလူ ဒီလောက်ရှားလို့ ကိုယ့်အိမ်မှာ ပန်းရံလာလုပ်တဲ့လူကိုမှရွေးရသတဲ့လား၊ လူကြားလို့မှ ကောင်းကြသေးရဲ့လား"

မြသင်းကြူကတော့ တရှုံ့ရှုံ့ ငိုကြွေးနေလေသည်။

"ကိုသူရက ဥစ္စာပစ္စည်း ချို့တဲ့ပေမယ့် စိတ်သဘောထား ဖြူစင်ပြီး ရိုးသားတဲ့လူတစ်ယောက်ပါ အဖေရယ်"

"တော်စမ်း. . . လောကမှာ ရိုးသားနေရုံနဲ့ ဘဝတင့်တယ်မှာမှမဟုတ်တာ၊ ရိုးသားပြီး ထန်းတက်နေရတဲ့လူကို ဘယ်သူက အထင်ကြီးမှာလဲ၊ နင်သဘောကျတဲ့လူကို ငါသဘောမတူနိုင်ဘူး၊ ငါတို့နဲ့ ဂုဏ်ရည်အဆင့်အတန်း တူတဲ့လူတွေထဲက သားသမီးတစ်ဦးဦးနဲ့ ပေးစားရမယ်"

ဟု ပြောကာ ထိုနေ့မှစပြီး မြသင်းကြူကို အိမ်ထဲမှ အိမ်ပြင်ထွက်ခွင့်မပေးတော့ပေ။ မောင်သူရနှင့်လည်း မတွေ့ရတော့ပေ။ ထိုကိစ္စများကိုတော့ လက်သမားဆရာကြီး ဦးမြသာက မသိရှာသေးပေ။

ဦးဘပွားမှာ ဒေါသကြီးသူတစ်ယောက်မို့ သူ့ဒေါသက ထိုမျှနှင့် မပြီးသေးဘဲ ဦးမြသာထံသို့ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြသာ... ကျုပ်ကတော့ ခင်ဗျားကို ယုံကြည်မှုရှိလို့ အိမ်ဆောက်တဲ့ကိစ္စမှန်သမျှကို လွှဲအပ်ထားခဲ့တယ်၊ အခုတော့ ဒီလိုလုပ်တာ ကောင်းရော့သလားဗျာ"

"ကျုပ်က ဘာများ လုပ်မိလို့လဲ ဦးဘပွားရယ်"

"ခင်ဗျား မသိသေးတာလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား၊ ခင်ဗျားသားက ကျုပ်သမီးကို အပိုင်ရအောင် ကြံစည်နေတာ ခင်ဗျား တကယ်ပဲ မသိသေးတာလားဗျ"

"ဒီအကြောင်းတွေကို ကျုပ်မသိသေးတာ အမှန်ပါပဲ ဦးဘပွားရယ်၊ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး၊ ကျုပ်ရဲ့သားကို ဆုံးမပေးပါ့မယ်"

"ခင်ဗျားဆုံးမပေးလို့ ရပ်တန်းက ရပ်သွားတော့လည်း ကောင်းတာပေါ့ဗျာ၊ ဒီလိုမှ မဟုတ်လို့ ရှေ့ဆက်တိုးဖို့ ကြိုးစားလာရင်တော့လည်း ကျုပ်အဆိုးတော့ မဆိုနဲ့ပေါ့ဗျာ"

ဟု အလုပ်သမားများရှေ့မှာပင် ဆူပူအပြစ်တင်လေရာ ဦးမြသာမှာ များစွာအရှက်ရလေတော့သည်။

ထို့နောက်မှ သားဖြစ်သူ မောင်သူရကို ခေါ်ပြီး တိုးတိုးတိတ်တိတ် ဆိုဆုံးမလေသည်။

"ကျွန်တော်ဆင်ခြင်ပါ့မယ် အဘရယ်၊ အဘ စိတ်မချမ်းသာတာကို ကျွန်တော်မလုပ်တော့ပါဘူး"

ဟု ကတိပေးကာ မြသင်းကြူနှင့် ကင်းနိုင်သမျှ ကင်းအောင် ဝေးနိုင်သမျှ ဝေးအောင် နေကာ ကိုယ့်အလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်ကိုင်လေသည်။

မောင်သူရက ယောက်ျားတစ်ယောက်မို့ စိတ်တင်း၍ ကြိတ်





မှိတ် နေနိုင်သော်လည်း စိတ်ပျော့သော မြသင်းကြူအဖို့ကတော့ မနေနိုင်ရှာပေ။

အခန်းထဲမှ အပြင်မထွက်ရသောကြောင့် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာသည်။

ကြာတော့ အစ်မဖြစ်သူ မြနှင်းဖြူက မကြည့်ရက်တော့သဖြင့် လူချင်း မတွေ့ရသည့်တိုင်အောင် အချင်းချင်း အဆက်အသွယ် ရစေရန် လျှို့ဝှက်စွာ ကူညီဆောင်ရွက်ပေးရှာသည်။

ဤသို့ဖြင့် တိုက်ဆောက်နေစဉ်အချိန်အတွင်းမှာ သူတို့နှစ်ဦး စာဖြင့် အဆက်အသွယ် ရကြလေသည်။

တစ်နေ့သောအခါ မောင်သူရထံသို့ စာတိုလေးတစ်စောင် ရောက်လာသည်။

မောင်...

ဒီကနေ့ည ကျွန်မတို့နှစ်ယောက် တွေ့ရဖို့ အခွင့်အရေး

ရနိုင်တယ်၊ အဖေနဲ့အမေ အင်းဝဘက် သွားကြမှာဖြစ်လို့

အစ်မကို ခွင့်တောင်းပြီး ကျွန်မ လာခဲ့ပါ့မယ်၊

အဟာမှတ်တဲ့အဟာဖို့နားက မောင် စောင့်နေပါ။

မြသင်းကြူ

ဟူ၍ ရေးထားလေသည်။

ထိုစာကို ဖတ်ရသောအခါ မောင်သူရမှာ များစွာဝမ်းသာသွားလေသည်။

ချစ်သူမြသင်းကြူနှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်သောကြောင့် တွေ့ချင်နေသည်။

မောင်သူရမှာ ချစ်သူထံမှ စာရသဖြင့် ဝမ်းသာစိတ် လှိုက်ကာနေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သတိမထားသော်လည်း ယခုရောက်လာသောစာမှာ ယခင်ရောက်လာသောစာများနှင့် လက်ရေးချင်း မတူလှပေ။

သို့သော် ထိုအချက်ကို လုံးဝသတိမထားမိဘဲ ညဘက် လူခြေတိတ်ချိန် ရောက်သောအခါ အုတ်ဖုတ်သည့် အုတ်ဖိုရှိရာဘက်သို့ ထွက်လာခဲ့သည်။

အုတ်ဖိုသောဖိုဘက်မှာ မီးတောက်များကြောင့် ပတ်ဝန်းကျင်မှာ အတန်အသင့် အလင်းရောင် ရနေလေသည်။ အုတ်ဖိုများ ရှိရာဘက်မှာတော့ လူစောင့်မရှိချေ။

မောင်သူရမှာ ထိုနေရာရောက်သောအခါ ချိန်းထားသော ချစ်သူမြသင်းကြူကို လိုက်လံရှာဖွေရင်းနှင့် အုတ်ဖိုအနောက်ဘက်သို့ ရောက်လာတော့သည်။

ထိုအချိန်မှာပင် အုတ်ဖိုအနောက်ဘက်မှ ရုပ်ဖျက်ထားသော လူသုံးယောက် ထွက်လာပြီးနောက် မောင်သူရကို ဝိုင်းဝန်းချုပ်နှောင်ကာ သတ်ဖြတ်ပစ်လိုက်လေတော့သည်။

ထိုသို့သတ်ဖြတ်ပြီးနောက် မီးတောက်ကြီးများ တောက်လောင်နေသော အုတ်ဖိုအပေါက်ဝအတွင်းသို့ ပစ်ချလိုက်လေတော့သည်။

မီးတောက်ကြီးများမှာ အရှိန်များလှသောကြောင့် မကြာခင်မှာပင် မောင်သူရဆိုသော လူတစ်ယောက်မှာ လူ့လောကအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ထိုအဖြစ်အပျက်ကို မြသင်းကြူလည်း မသိလိုက်ပေ။ မြနှင်းဖြူလည်း မသိလိုက်ပေ။

ထို့အတူ လက်သမားဆရာကြီး ဦးမြသာနှင့် အလုပ်သမားများလည်း မသိလိုက်ရတော့ပေ။





နောက်တစ်နေ့ မောင်သူရ ပျောက်နေမှန်း သိတော့မှ လိုက်လံရှာဖွေကြရာ ဘယ်နေရာမှ မတွေ့ရတော့ပေ။

နောက်ဆုံးမှာမှ အလုပ်သမားတစ်ယောက်က အုတ်ဖုတ်သော အုတ်ဖိုအနီးတွင် မောင်သူရ စီးသောဖိနပ်တစ်ဖက်ကို တွေ့ရလေတော့သည်။

နောက်တစ်နေ့မှာတော့ ထိုသတင်းကို မြနှင်းဖြူ သိသွားလေသည်။

သို့သော် စိတ်မကောင်းဖြစ်မည်စိုးသောကြောင့် ညီမဖြစ်သူကို မပြောပေ။

ညအချိန်ရောက်သောအခါ မြသင်းကြူမှာ အိပ်ပျော်သွားစဉ် ချစ်သူမောင်သူရကို ပြန်တွေ့ရသည်။

သို့သော် ယခင်က တွေ့ရသကဲ့သို့ ချစ်ခင်ကြင်နာသော မျက်နှာမျိုး မတွေ့ရဘဲ ဒေါသဖြင့် နာကြည်းကြေကွဲနေသော အမူအရာမျိုးသာ တွေ့ရသည်။

"ဟင်. . . ကိုပါလား၊ မျက်နှာအမူအရာကလည်း ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မနဲ့ မတွေ့ရတဲ့ကာလမှာ ကျွန်မအပေါ်မှာ စိတ်ဆိုးနေတယ် ထင်ပါရဲ့၊ ကျွန်မလည်း အခုလို ဘယ်ဖြစ်ချင်ပါ့မလဲ၊ အခုကိစ္စမှာ ကျွန်မ သစ္စာမဲ့လို့ ဖြစ်ရတာ မဟုတ်ပါဘူး၊ အဖေတို့ကြောင့်သာ ဖြစ်ရတာပါ"

"တော်ပါတော့ မြသင်းကြူရယ်၊ အခုမှတော့ အပိုစကားတွေ ပြောမနေပါနဲ့တော့၊ မင်းနဲ့ မင်းအဖေတို့ရဲ့ရက်စက်မှုကြောင့် ငါ့မှာ အရှင်လတ်လတ်ကနေ အုတ်ဖိုထဲမှာ မီးလောင်တိုက်သွင်းခံရပြီး သေခဲ့ရပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ရှင်သေခဲ့ပြီ ဟုတ်လား"

"ဟုတ်တယ်. . . သေတာမှ အရှင်လတ်လတ် မီးဖိုထဲမှာ အထည့်ခံရပြီး သေခဲ့ရတာ၊ အဲဒါ မင်းကြောင့်ပဲ"

"ကျွန်မက ဘာလုပ်မိလို့လဲဟင်၊ ကျွန်မလည်း ဘာမှမသိရပါလား"

"အခုမှတော့ ဟန်ဆောင်မနေပါနဲ့တော့ မြသင်းကြူရယ်၊ မင်းပဲ ငါနဲ့ တွေ့ရအောင် လာခဲ့ပါဆိုပြီး စာရေးမှာခဲ့ပြီးမှ အခုမှ ငြင်းမနေပါနဲ့တော့"

ထိုစကားကြားသောအခါ မြသင်းကြူမှာ မျက်လုံးပြူးသွားလေသည်။

"ဒီအကြောင်းတွေ ကျွန်မ ဘာမှမသိရပါလား၊ ကို့ဆီကိုလည်း စာရေးပြီး မမှာမိပါလား"

"အေးလေ. . . အခုမှ ငြင်းနေလို့လည်း အပိုပါပဲ၊ မင်းအဖေရဲ့လူတွေ သတ်လို့ ငါလည်း သေခဲ့ရပြီး ငါ့မှာ အပြစ်မရှိဘဲ သတ်ခဲ့တဲ့အတွက် မင်းတို့မိသားစုတွေ တစ်နေ့မှာ ဝဋ်လည်ကြလိမ့်မယ်"

ဟု ပြောဆိုကာ ပျောက်ကွယ်သွားလေတော့သည်။ မြသင်းကြူလည်း အိပ်ပျော်ရာမှ လန့်နိုးလာပြီး စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေလေသည်။

နောက်တစ်နေ့မနက်မှာတော့ အစ်မဖြစ်သူ မြနှင်းဖြူကို ထိုအကြောင်း ပြောပြလိုက်လေသည်။

"မမ. . . ကိုသူရတစ်ယောက် တကယ်ပဲ ပျောက်နေတာလား ဟင်"

"ညီမလေးက ဘယ်လိုသိလို့လဲ"





"ညတုန်းက အိပ်မက်ထဲမှာ ကိုသူရနဲ့ တွေ့ရတယ်၊ သူ့အကြောင်းတွေကိုလည်း ပြောပြသွားတယ်"

"ဘာတွေ ပြောပြသွားသလဲဟင်"

မြသင်းကြူက အိပ်မက်ထဲမှာ မောင်သူရ ပြောသွားသော အကြောင်းများကို ပြန်ပြောပြလိုက်ရာ မြနှင်းဖြူပင် များစွာထိတ်လန့်သွားလေတော့သည်။

"အိပ်မက်ဆိုတာ စိတ်စွဲလန်းရင်လည်း မက်တတ်ပါတယ်၊ ဒီအကြောင်းတွေကိုတော့ ဘယ်သူ့ကိုမှ မပြောပါနဲ့ ညီမရယ်၊ တော်ကြာ သူ့အကြောင်းနဲ့သူ ဖြစ်ရင်တောင်မှ အဖေ့အပေါ်မှာ သံသယဖြစ်နေကြပါဦးမယ်"

ဟု ဖျောင်းဖျပြောဆိုထားရလေသည်။

နောက်တစ်ရက်မှာတော့ ထူးခြားမှုတစ်ခု ထပ်မံကြုံတွေ့လေသည်။ လက်သမားဆရာကြီးဦးမြသာမှာ မမျှော်လင့်ဘဲ သားဖြစ်သူ မောင်သူရ ပျောက်သွားသောကြောင့် ပူဆွေးသောက ရောက်နေလေသည်။

ဘာကြောင့် ပျောက်နေမှန်းတော့ မသိရသေးပေ။ မောင်သူရနှင့် သူဌေးသမီးတို့ မေတ္တာမျှနေကြသည်ကို သိသော်လည်း မောင်သူရ ပျောက်နေသောကိစ္စမှာ ထိုအကြောင်းနှင့် ဆက်စပ်မှု ရှိနေမည်ဟုတော့ မထင်မိပေ။

ထိုသို့ ပူဆွေးသောက ရောက်နေရသော်လည်း မိမိတာဝန်ယူ၍ လုပ်ကိုင်နေသောအလုပ်များကိုတော့ အထိခိုက်မခံပေ။

တပည့်အလုပ်သမားများနှင့် ဆက်လက်လုပ်ကိုင်လေသည်။ နှစ်ဆောင်ပြိုင်အိမ်ကြီးမှာလည်း အကြမ်းထည် ပြီးစီးသွားပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အချောသတ်နေသည့်အဆင့်သို့ပင် ရောက်နေချေပြီ။

သူ့အနေနှင့်လည်း ထိုအိမ်ကြီးကို အမြန်အချောသတ်ကာ အိမ်ရှင်သို့ အပ်ပြီးနောက် ထိုနေရာမှ အမြန်ဆုံး ထွက်ခွာသွားလိုလှပေပြီ။

တစ်နေ့သောအခါ လက်သမားဆရာကြီး ဦးမြသာမှာ ထူးခြားသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် ပျောက်နေသော သားဖြစ်သူ မောင်သူရကို ပြန်တွေ့ရသည်။ သို့သော် ပကတိအတိုင်းတော့ မဟုတ်တော့ပေ။

တစ်ကိုယ်လုံး မီးလောင်ထားသောဒဏ်ရာများကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေပြီ။ ပထမတော့ ဦးမြသာပင် မမှတ်မိပေ။

"မင်းဘယ်သူလဲ"

"ကျွန်တော် အဘရဲ့သား မောင်သူရပါ"

"ဟင်. . . ဘယ်လိုဖြစ်လာရတာလဲ သားရယ်"

"ကျွန်တော်အသတ်ခံရလို့ သေသွားပါပြီ၊ ကျွန်တော့်ကို လိုက်မရှာပါနဲ့တော့ အဘရယ်၊ ကျွန်တော့်အကြောင်းနဲ့ကျွန်တော် ရှိပါစေတော့"

"ဖြစ်ရလေကွယ်. . . ဒါထက် မင်းကို ရက်ရက်စက်စက် ဘယ်သူသတ်လိုက်တာလဲဟင်"

"သူဌေးကြီးဦးဘပွားရဲ့လူတွေ သတ်လိုက်တာပါ၊ ကျွန်တော် စီးသွားတဲ့ ဖိနပ်တစ်ဖက်ကို တွေ့ရတယ်မဟုတ်လား၊ အဲဒီနေရာမှာပဲ မီးလောင်ပြီး တစ်ဝက်တစ်ပျက် ကျန်နေသေးတဲ့ ဖိနပ်တစ်ပိုင်း ကျန်နေသေးတယ်၊ အဘ သွားကြည့်ရင် တွေ့ရပါလိမ့်မယ်၊ ကျွန်တော့်အပေါ်မှာ ရက်စက်ခဲ့ကြတဲ့ ဦးဘပွားတို့မိသားစုတွေကို ကလဲ့စားပြန်ချေပေးပါ





အဘ"

ဟု ပြောဆိုပြီးနောက် ပျောက်ကွယ်သွားလေတော့သည်။ ထို့နောက်မှာတော့ ဦးမြသာလည်း ယခင်ဖိနပ်တစ်ဖက် တွေ့ခဲ့သော အုတ်ဖိုရှိရာတစ်ဝိုက်သို့ သွားရောက်ရှာဖွေကြည့်သောအခါ မီးဖိုအပေါက်ဝ ပြာပုံများအောက်မှ တဝက်တပျက် မီးလောင်ထားသော နောက်ထပ်ဖိနပ်တစ်ဖက်ကို တွေ့ရလေသည်။

"ဒီအတိုင်းဆိုရင် မောင်သူရက ပြောပြတာတွေဟာ အမှန်ဖြစ်မှာပေါ့၊ ဖြစ်ရလေ သားရယ်"

ဟု ရေရွတ်ကာ မျက်ရည်များ ကျလာလေသည်။ ရင်ထဲမှာလည်း ဆို့နင့်လှုက်ရှိနေသည်။

"ဖြစ်မှဖြစ်ရလေ၊ ဦးဘပွားရယ်. . . ကျုပ်သားက ခင်ဗျားတို့မိသားစုအပေါ် အရှက်တကွဲ အကျိုးနည်းအောင် လုပ်ခဲ့တာလည်း မရှိခဲ့ပါဘူး၊ စီးပွားဥစ္စာ ပျက်စီးအောင်၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီးတော့ ဂုဏ်သိက္ခာ ကျဆင်းအောင်လည်း မလုပ်ခဲ့ပါဘူး၊ ဒါနဲ့များ အခုလို ရက်ရက်စက်စက် သတ်ပစ်တာကတော့ ရက်စက်လွန်းရာ ကျပါတယ်ဗျာ၊ ကျုပ်တို့မိသားစုတွေ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရသလို ခင်ဗျားတို့မိသားစုတွေလည်း မကြာခင်မှာ အခုလို အဖြစ်မျိုးတွေနဲ့ ကြုံတွေ့ရစေမယ်ပေါ့ဗျာ"

ဟု စိတ်ထဲမှ ကြိမ်းဝါးကာ မီးလောင်ထားသော ဖိနပ်ကလေး တစ်ဖက်ကို ကိုင်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# မရဏစံအိမ်မှ ဝဋ်ကြွေးဆပ်ရသူ

ထိုအိမ်ကြီး တည်ဆောက်ပြီးသောအခါ မနောသုခ စံအိမ်ဟု အမည်ပေးခဲ့ကြသည်။

သို့သော်လည်း နာမည်နှင့် လိုက်အောင် စိတ်ချမ်းသာမှု မဖြစ်ဘဲ တက်ရောက်နေထိုင်သောအချိန်မှစပြီး စိတ်မချမ်းသာစရာများနှင့်သာ ကြုံရလေသည်။

မနောသုခစံအိမ်ကို အိမ်တက်မင်္ဂလာ ပြုသောအခါ ဘုန်းတော်ကြီးများ ပင့်၍ ပရိတ်တရားတော်များ နာကြားကြသည်။

ထိုသို့ပြုလုပ်နေစဉ်မှာ အနှောင့်အယှက်အချို့ကို တွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော်လည်း ပရိတ်ရွတ်ခြင်းကိစ္စကို ပြီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဘုန်းကြီးတစ်ပါးက ပြန်ကြွကာနီးတွင် ဦးဘပွားအား တိုးတိုးတိတ်တိတ် ပြောသွားလေသည်။

"ဒကာကြီးရဲ့အိမ်မှာ မကောင်းဆိုးဝါးတစ်ကောင် ရှိနေပုံရတယ်၊ ကျုပ်တို့ ပရိတ်ရွတ်နေတုန်းက ထုတ်တန်းပေါ်က ငုတ်တုတ်ထိုင်ပြီး ငုံ့ကြည့်နေတာ တွေ့လိုက်ရတယ်"

ထိုစကားကြားသောအခါ ဦးဘပွားမှာ ထိတ်လန့်သွားလေသည်။

"ဒီလိုဖြင့် အရှင်ဘုရားတို့ပဲ ပရိတ်ရွတ်ပြီး နှင်ထုတ်ပေးပါလားဘုရား"

"ဒီနေရာဟာ သူပိုင်တဲ့ပိုင်နက်ဆိုရင် အကြောင်းမဲ့ နှင်ထုတ်လို့မရပေဘူး၊ ဒီကိစ္စတွေက လောကီပညာရပ်နဲ့ သက်ဆိုင်တာမို့ သက်ဆိုင်ရာ ဆရာတစ်ဦးကို ခေါ်ပြီးနှင်ထုတ်တာ ပိုကောင်းမယ် ထင်တယ်"

ဟု ပြောပြီး ဘုန်းကြီးများက ပြန်ကြွသွားလေသည်။

ထိုနောက်ပိုင်းမှာတော့ ဦးဘပွားက ထိုနယ်တစ်ဝိုက်မှာ ရှိသော အောက်လမ်းဆရာ အထက်လမ်းဆရာများကို ခေါ်ပြီး မကောင်းဆိုးဝါးများကို နှင်ထုတ်ရန် ကြိုးစားလေသည်။

သို့သော် မရပေ။

သူတို့မိသားစု အိမ်ပေါ် ရောက်သည်နှင့် ကြောက်မက်ဖွယ်ကောင်းသော ခြောက်လှန့်မှုများနှင့် ကြုံတွေ့ရလေတော့သည်။

ညအချိန်ရောက်လာလျှင် အိမ်အပေါ်ထပ် အောက်ထပ်မှ





ခြေသံများ ကြားရခြင်း၊ ပရိဘောဂပစ္စည်းများကို တွန်းရွှေ့သွားသောအသံများ၊ ပိတ်ထားသောတံခါးများ အလိုအလျောက် ပွင့်သွားခြင်း၊ ဖွင့်ထားသောတံခါးများ အလိုအလျောက် ပိတ်သွားခြင်းကို ကြားရမြင်ရသည်။

ထို့ပြင် ပန်းကန်၊ ဇွန်း၊ ရေခွက်၊ မီးအိမ် စသော ပစ္စည်းကိရိယာများမှာ အလိုအလျောက် လေထဲမှာ ဝဲပျံထွက်လာခြင်း၊ ကျကွဲခြင်း။

တစ်ခါတစ်ရံမှာလည်း ဗီရိုများ၊ အိုးခွက်ပန်းကန် တင်သောစင်များကို တစ်စုံတစ်ယောက်က တွန်းလှဲလိုက်သကဲ့သို့ ဝုန်းကနဲ ပြိုလဲကျသွားလေသည်။

ထို့ပြင် ညအချိန်ရောက်လာလျှင် အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်သွားသောခြေသံများ၊ တံခါးခေါက်သံများကိုလည်း ကြားကြရသည်။

ထို့ထက်ဆိုးသောအဖြစ်များလည်း ရှိကြသေးသည်။

ညဘက် အမှောင်ထု ဖုံးသောအချိန်များ ရောက်လာလျှင် အပြင်ဘက်မှ ခွေးအူသံများ ပေါ်လာပြီး မရှေးမနှောင်းမှာ တစ်နေရာမှ အော်လိုက်သော အသံနက်ကြီးများကို ကြားရလေသည်။

"ငါတို့နေရာ ဖယ်ပေး"

"ငါတို့ပစ္စည်းတွေ ပြန်ပေး"

"ငါ့ခေါင်းတလားပျဉ်ကို ယူသွားတာ ပြန်ပေး"

"ငါ့မြေပုံက မြေကြီးတွေ ယူသွားတာ ပြန်ပေး"

ဟု အမျိုးမျိုး လာရောက်တောင်းနေသောအသံများကို တစ်အိမ်သားလုံး ကြားကြရသည်။

ထိုအသံများ ကြားသောအခါ အိမ်သူအိမ်သားများနှင့် အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသော အစေအပါးများမှာ များစွာကြောက်ရွံ့ကြလေသည်။

တစ်ခါတစ်ရံလည်း ထုတ်တန်းပေါ်မှ အိမ်ကြမ်းပြင်ပေါ်သို့ တဝုန်းဝုန်းနှင့် ခုန်ချသောအသံများ ကြားရသဖြင့် ထကြည့်သောအခါ ဘီလူးလိုလို သရဲလိုလို တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင်ကို တွေ့ကြရသည်။ ထိုသတ္တဝါမှာ မျက်လုံးက နီရဲနေပြီး အစွယ်များပင် အဖွေးသား ထွက်နေလေသည်။

သူတို့ ထွက်ကြည့်သောအခါ ထိုသတ္တဝါက မျက်ထောက်နီဖြင့် လှမ်းကြည့်ပြီး သွားဖြဲကာ အလယ်ခေါင်တိုင်မှ အပေါ်သို့ ဖောက်ထိုးပြန်တက်သွားလေတော့သည်။

ဦးဘပွားတို့မိသားစုများမှာ မနောသုခအိမ်ကြီးပေါ်သို့ စတင်ပြောင်းရွှေ့နေထိုင်သည့်အချိန်မှစပြီး တစ်ချက်ကလေးမှ စိတ်မချမ်းသာကြပေ။

ညအချိန်ရောက်လာလျှင် အခြောက်အလှန့်များက တစ်ခုမဟုတ်တစ်ခု ပေါ်လာသောကြောင့် ကောင်းစွာမအိပ်ကြရပေ။

အဆိုးဆုံးကတော့ ထမင်းစားချိန် ရောက်လာ၍ ထမင်းစားရန် ပြင်နေသောအခါ ဘယ်နေရာက ပါလာမှန်း မသိသော လေနှင့်အတူပါလာသည့် လူသေကို မီးရှို့ရာမှ ထွက်လာသော ညှော်နံ့ကြီးက ရောက်လာတတ်သည်။

ထိုအနံ့ကြီးကြောင့် မည်သူမှ ထမင်းမစားနိုင်ကြတော့ပေ။

ထိုသို့ဒုက္ခများ ကြုံရသောအခါ မြနှင်းဖြူနှင့်မြသင်းကြူတို့ ညီအစ်မနှစ်ယောက်က ဖခင်ဖြစ်သူကို ပြောပြကြလေသည်။

"အဖေ. . . ကျွန်မတို့တော့ ဒီအိမ်မှာ ဆက်နေရင် သေမှာအမှန်ပဲ၊ တခြားနေရာကို ရွှေ့ပြောင်းပြီး နေရအောင် စီစဉ်ပေးပါ





အဖေရယ်"

"ဟုတ်ပါတယ် အဖေရယ်၊ ညဘက်ရောက်လာလို့ အပြင်ဘက်က အသံတွေ ကြားလို့ ဖွင့်ကြည့်လိုက်ရင် ကျွန်မ အခန်းအောက်မှာ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် လျှောက်နေတာကို တွေ့ရတယ်၊ သိပ်ပြီးကြောက်ဖို့ကောင်းတာပဲ"

သမီးနှစ်ယောက်က ထိုသို့ပြောသလို ဒေါ်မင်းသူအနေဖြင့်လည်း ထိုအိမ်မှာ မနေလိုတော့ပေ။

"ကျုပ်တို့ဒီအိမ်မှာ ဆက်နေလို့ကတော့ မိသားစုတွေ အားလုံးသေကြမှာ အမှန်ပဲ၊ တစ်နေရာ ပြောင်းပြီးနေဖို့သာ စီစဉ်ပေးပါတော့"

"အေးပါကွာ. . . ငါလည်း စိတ်ကူးနေပါတယ်၊ ဒါပေမယ့် တစ်နေရာနဲ့တစ်နေရာ ရွှေ့ပြောင်းရတယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးကွယ့်၊ ဒီလို စိတ်တိုင်းကျ ဆောက်ထားတဲ့အိမ်ကြီးကို ဒီအတိုင်းထားခဲ့ရမှာကလည်း နှမြောစရာပဲ၊ ဒီအိမ်ကြီးမှာ ရှိနေတဲ့ မကောင်းဆိုးဝါးတွေကို နှင်ထုတ်ပစ်ဖို့ ငါတတ်နိုင်သလောက်တော့ ကြိုးစားကြည့်ပါဦးမယ်"

ဟု ပြောဆိုကာ အထက်လမ်းဆရာ အောက်လမ်းဆရာတို့ဖြင့် အိမ်မှာ ရှိသော မကောင်းဆိုးဝါးများအား နှင်ထုတ်ရန် ကြိုးစားလေသည်။

သို့သော် မရပေ။

သူ့ကြိုးစားမှုများမှာ အချည်းနှီးသာ ဖြစ်လေသည်။

မနောသုခစံအိမ်၌ ပထမဆုံး အဖြစ်ဆိုးနှင့် ကြုံရသူမှာ သမီးအငယ်ဖြစ်သူ မြသင်းကြူဖြစ်သည်။

သူမသည် မကြာခဏ အိပ်မက်ဆိုးများ မက်နေပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ချောက်ခြားလည်း ဖြစ်နေလေသည်။

အိပ်မက်ထဲမှာလည်း ချစ်သူ မောင်သူရကို မကြာခဏ တွေ့နေရသည်။

ယခုတစ်ကြိမ် ပြန်တွေ့ရသောအခါမှာ မောင်သူရသည် ယခင်တစ်ကြိမ် မီးလောင်ဒဏ်ရာများနှင့် မဟုတ်တော့ဘဲ လူကောင်းပကတိ အတိုင်း ချောမောလျက်ရှိနေသည်။

တစ်ညသ၌ မောင်သူရသည် မြသင်းကြူ နေသောအခန်းတွင်းသို့ ရောက်လာလေသည်။

မောင်သူရကို မူလပုံစံမျိုးဖြင့် ပြန်တွေ့ရသဖြင့် မြသင်းကြူမှာ များစွာအံ့သြနေလေသည်။

"ဟင်. . . ကိုသူရ၊ ရှင့်ကိုယ်ပေါ်က ဒဏ်ရာတွေ ပျောက်သွားပြီလားဟင်"

"ပျောက်သွားပါပြီ မြလေးရယ်"

"ရှင် အခု ဘယ်ရောက်နေလဲဟင်"

"ကိုယ် ဘယ်မှမရောက်ပါဘူး၊ မြလေးအနားမှာပဲ ရှိပါတယ်"

"ဒါဖြင့် ဟိုတလောက ပြောသလို ရှင်သေသွားခဲ့တယ်ဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး. . . မြလေးရဲ့စိတ်ကို စမ်းတာပါ"

"ကျွန်မ ဝမ်းသာလိုက်တာ ကိုသူရရယ်၊ အခု ဘယ်လိုလုပ်ကြမှာလဲဟင်"

"ကိုယ်တို့နှစ်ယောက် အတူတူ နေကြရအောင် လာခေါ်တာလေ"

"ကျွန်မက ဘယ်ကို လိုက်ရမှာလဲဟင်"





"မြလေးရဲ့မိဘတွေကမှ ကိုယ်နဲ့ သဘောမှ မတူကြတာ၊ မြလေး ကိုယ့်အပေါ်မှာ တကယ်ချစ်တယ်ဆိုရင် ကိုယ့်နောက်ကို လိုက်ခဲ့မှ ဖြစ်မှာပေါ့"

"ဘယ်လိုလိုက်ရမှာလဲဟင်"

"မြလေး လိုက်မယ်ဆိုရင် ဘယ်လိုလုပ်ရမယ်ဆိုတာ နောက်ညကျတော့ ကိုယ်ပြောပြပါ့မယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘယ်သူ့ကိုမှ အသိပေးလို့ မဖြစ်ဘူးနော်"

ဟု ပြောဆိုမှာကြားပြီး ပြန်သွားလေတော့သည်။

ထိုကဲ့သို့ မောင်သူရနှင့် တွေ့ရပြီးနောက်ပိုင်းမှာ မနောသုခအိမ်ကြီး၌ ခြောက်လှန့်နှောင့်ယှက်မှုများ တစ်ခုမှ မမြင်ရ မကြားရတော့ပေ။

ဦးဘပွားကတော့ ရင်းပြုလုပ်သော အစီအရင်များကြောင့် မကောင်းဆိုးဝါးများ ထွက်ပြေးသွားပြီဟု ယူဆကာ အကျေနပ်ကြီး ကျေနပ်နေသည်။

တကယ်တော့ မုန်တိုင်းမကျခင် ငြိမ်သက်နေခြင်းမျိုး ဖြစ်သည်ဟုသာ သိရလျှင် ထိုကဲ့သို့ ကျေနပ်နိုင်မည် မဟုတ်တော့ပေ။

မနောသုခ အိမ်ကြီးပေါ်မှာ ခြောက်လှန့်နှောင့်ယှက်မှုများ ငြိမ်သက်နေသည်မှာ တစ်ပတ်ခန့် ကြာသွားလေပြီ။

ထိုရက်အတွင်းမှာတော့ မြသင်းကြူတစ်ယောက် မှုပျက်နေသည်ကိုတော့ မည်သူမှ သတိမထားမိကြပေ။

တစ်ညမှာတော့ သူမ နေသောအခန်း ရှိရာဘက်မှ စူးစူးဝါးဝါး အော်သံများ ပေါ်ထွက်လာလေတော့သည်။

"လာပါပြီရှင်. . . လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံကြောင့် အိပ်ပျော်နေသူများပင် လန့်နိုးလာကြသည်။

မရှေးမနှောင်းမှာပင် အော်သံများက ဆက်လက်ပေါ်ထွက်လာသည်။

"လာပါပြီရှင်. . . လာပါပြီ"

"ဝုန်း. ."

အော်သံကြီးနှင့် မရှေးမနှောင်းမှာပင် အခန်းတွင်းမှ တစ်စုံတစ်ခု ပြိုလဲကျသွားသံပါ ပေါ်ထွက်လာသည်။ ထို့ကြောင့် သူမ နေသော အပေါ်ထပ်အခန်း ရှိရာသို့ တက်သွားကြသည်။

အခန်းချင်း ယှဉ်လျက်မှာ ရှိသော မြနှင်းဖြူလည်း ထွက်လာသည်။

"ဘာဖြစ်တာလဲ သမီး"

"သမီးလည်း မသိဘူး အဖေ၊ ညီမလေးအခန်းဘက်ကတော့ အော်သံလိုလို ကြားလိုက်ရတာပဲ"

ထိုသို့ပြောသဖြင့် မြသင်းကြူအခန်းရှိရာသို့ သွားရောက်ကြည့်ရှုကြသည်။

အခန်းတံခါးမှာ အတွင်းမှ ဂျက်ထိုးထားသဖြင့် ဖွင့်မရပေ။

"မြသင်းကြူ. . . မြသင်းကြူ"

"သမီး. . . သမီး. . . ဘာဖြစ်တာလဲ"

ထိုသို့ အကြိမ်ကြိမ် ခေါ်သော်လည်း အသံမကြားရသဖြင့် ပိတ်ထားသောတံခါးကို အတင်းတွန်းဖွင့်ကြတော့မှ ဂျက်ပြုတ်ပြီး တံခါးပွင့်သွားလေသည်။

အခန်းထဲမှာ မီးရောင်မရှိသောကြောင့် မှောင်နေသည်။ သို့





သော် အပြင်ဘက်မှ မီးအိမ်အလင်းရောင်ကြောင့် ဝိုးတဝါးတော့ မြင်ရသည်။

အခန်းအလယ်လောက်မှာ မတ်တတ်အနေအထားနှင့် မြသင်းကြူ ရှိနေသည်။

ထိုနံဘေးမှာတော့ စားပွဲခုံတစ်လုံးက လဲကျလျက်ရှိနေသည်။

အနီးသို့ သွားကြည့်တော့မှ မြသင်းကြူမှာ ပုံမှန်အနေအထားမျိုးဖြင့် ရပ်နေခြင်း မဟုတ်ဘဲ ခြေထောက်နှင့်ကြမ်းပြင် မထိသောအနေအထားဖြင့် လေထဲမှာ တန်းလန်းကြီး ရှိနေတော့သည်။

သူမ၏အသက်ဝိညာဉ်ကို နှုတ်ယူသွားသော သေမင်းကျောကွင်းဟု ခေါ်ရမည့် ကြိုးတစ်ချောင်းကတော့ ထုပ်တန်းမှတဆင့် သူမလည်ပင်းမှာ ရစ်ပတ်ချည်နှောင်ထားလျက် ရှိနေလေသည်။

မြသင်းကြူတစ်ယောက်ကတော့ ကြိုးဆွဲချကာ သေဆုံးသွားခဲ့လေသည်။

ဒီတော့မှ ဦးဘပွားတို့မိသားစုများမှာ ယူကျုံးမရ ဖြစ်ကြရသည်။

သို့သော် သမီးတစ်ယောက် ဆုံးရှုံးသွားခြင်းကိုတော့ အစားထိုးမရတော့ပေ။

အကုသိုလ်နှင့် ကံကြမ္မာဆိုးများသည် တစ်ဦးတစ်ယောက်ထံသို့ ဝင်ရောက်လာပါက တစ်ခုချင်း လာလေ့မရှိဘဲ အဖော်အပေါင်းနှင့် အစုလိုက်အပြုံလိုက် ဝင်လာတတ်ကြသည်။

ယခုလည်း ထိုအတိုင်းပင် ဖြစ်ပေသည်။

ဦးဘပွားတို့မိသားစုများ ရှိရာသို့ ကံကြမ္မာဆိုးများက ရှေ့ဆင့်နောက်ဆင့်ဆိုသလို တစ်ခုပြီးတစ်ခု ဝင်ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူအလောင်းကို သင်္ဂြိုဟ်ပြီးနောက် ရက်လည်ဆွမ်းပင် မသွတ်ရသေးမီ နောက်ထပ်အနှောင့်အယှက်တစ်ခုက ဝင်ရောက်လာလေတော့သည်။

ညအချိန်တွင် အပေါ်ထပ်မှ လမ်းလျှောက်နေသောခြေသံများကို ကြားရသည်။

မြသင်းကြူ သေဆုံးပြီးကတည်းက မြနှင်းဖြူလည်း အပေါ်ထပ်မှာ မနေတော့သောကြောင့် ဘယ်သူမှ မရှိပေ။

သို့တိုင်အောင် ညဉ့်နက်ပိုင်း လူခြေတိတ်ချိန် ရောက်သည်နှင့် အပေါ်ထပ်မှ ခြေသံများကို ကြားနေရသည်။

နောက်ညများမှာတော့ စကားပြောသံများပါ ကြားလာရသည်။

ဦးဘပွားက စိတ်ထဲမှာ မသင်္ကာသဖြင့် အပေါ်ထပ် တက်ပြီး တစေ့တစောင်း ကြည့်ရှုသောအခါ အလယ်တိုင် ရှိသောနေရာတွင် မည်းမည်းသဏ္ဌာန်တစ်ကောင်မှာ အပေါ်သို့ တက်သွားလိုက်၊ အောက်သို့ ဆင်းလာလိုက်နှင့် ပြုလုပ်နေသည်ကို မသဲမကွဲ တွေ့မြင်ရသည်။

ထို့ပြင် တစ်ကိုယ်လုံး မီးလောင်ထားသောဒဏ်ရာများ ရှိသောလူတစ်ယောက်နှင့် လည်ပင်းဆစ်များ ပြုတ်နေသဖြင့် ဒယိမ်းဒယိုင်ဖြစ်နေသည့် မိန်းမတစ်ယောက်၏သဏ္ဌာန်တို့ကိုလည်း တွေ့ရလေသည်။

ထိုမိန်းမ၏ပုံသဏ္ဌာန်မှာ မြသင်းကြူပုံသဏ္ဌာန်နှင့်တော့ တူသလို ရှိလေသည်။

မြသင်းကြူအသုဘကိစ္စအတွက် ရက်လည်ဆွမ်း လလည်ဆွမ်းများ သွတ်ပြီးသောညတွင် ဦးဘပွားအတွက် ကြောက်စရာ အန္တရာယ်





ဆိုးများက ရောက်လာလေတော့သည်။

တစ်ည ပင်ပင်ပန်းပန်းနှင့် အိပ်မောကျနေစဉ် အိပ်မက်မက်နေသလိုလိုနှင့် အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာနေသည်ကို မြင်ရသဖြင့် အိပ်နေရာမှ ကပျာကယာ ထလိုက်လေသည်။

"မင်းဘယ်သူလဲ"

ထိုသူက မနီးမဝေးနေရာ ရောက်အောင် လျှောက်လာလေရာ ဗိုက်ထဲမှ မီးလောင်သဖြင့် ထွက်သောညှော်နံ့များ ထွက်နေသည်။

ထိုညှော်နံ့များသည် အစားအစာ စားကာနီးတိုင်း ရသော ညှော်နံ့များပင်ဖြစ်သည်။

"ကျုပ်ကို မမှတ်မိတော့ဘူးလား၊ ခင်ဗျားစနက်ကြောင့် မီးပုံထဲမှာ အရှင်လတ်လတ် သေသွားရတဲ့ မောင်သူရလေဗျာ"

"မင်းကို သတ်တာ ငါမဟုတ်ပါဘူးကွာ. . . အထင်မလွဲပါနဲ့၊ အခု ငါတို့မိသားစုတွေမှာလည်း ဘေးအန္တရာယ်ဆိုးတွေနဲ့ တစ်မျိုးပြီး တစ်မျိုး ကြုံနေရပါပြီ"

"ဒါကတော့ ကိုယ်ပြုခဲ့တဲ့စေတနာကံအတိုင်း ကိုယ့်ထံ ပြန်တာပေါ့ကွာ"

"ဒါတွေဟာ မင်းအဖေရဲ့လက်ချက်တွေ မဟုတ်လား"

ထိုစကားကြားသောအခါ မောင်သူရဆိုသူက ရယ်နေလေသည်။

"ခင်ဗျားက လူတွေရဲ့အပေါ်မှာ အထင်အမြင် သေးတတ်တာကိုး၊ လူဆိုတာ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး၊ သူ့မှာ စွမ်းဆောင်နိုင်တဲ့အချက် တစ်ခုမဟုတ်တစ်ခု ရှိနေတယ်ဆိုတာတော့ သဘောပေါက်ထားဖို့ ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှားခဲ့ပါတယ်ကွာ. . . အခု ငါ့သမီးတစ်ယောက်လည်း သေခဲ့ရပြီဆိုတော့ နောင်တရပါပြီ၊ ဒီအိမ်မှာ မင်းအဖေ ဘယ်လိုအစီအရင်မျိုးတွေ လုပ်ခဲ့တယ်ဆိုတာ မင်းသိရင် ငါ့ကို ပြောပြခဲ့ပါ"

ထိုစကားကြားသောအခါ ရယ်နေပြန်သည်။

"ကိုယ့်ပေါင်ပေါ် မီးကျတော့ ပူတတ်သလားဗျ၊ လူတစ်ယောက်ကို အုတ်ဖုတ်တဲ့မီးဖိုထဲ ထည့်သတ်ခဲ့တုန်းကတော့ ပူမှန်း မသိဘူးလား၊ ဒါပေမယ့် ခင်ဗျားရက်စက်သလို ကျုပ်တို့က မရက်စက်ပါဘူး၊ ဒီအိမ်ကြီးမှာ ဘယ်လိုလူတွေက နှောင့်ယှက်နေတယ်ဆိုတာ သိချင်ရင်တော့ ကျုပ်နောက်ကို လိုက်ခဲ့ပေတော့"

"ဘယ်. . ဘယ်ကို လိုက်ရမှာလဲဟင်"

"မြေအောက်အခန်းထဲကို လိုက်ခဲ့ပါ"

ဟု ခေါ်သွားရာ ဦးဘပွားမှာ စိတ်ညှို့ခံထားရသူပမာ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်သွားရလေတော့သည်။

မူလတည်ဆောက်စဉ်ကတည်းက နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အောက်ဘက်၌ မြေအောက်အခန်း ရှိလေသည်။

ခေတ်ကာလ အခြေအနေ ပျက်လာလျှင် လူများ ပုန်းခိုရန်နှင့် ရတနာများကို သိုဝှက်မြှုပ်နှံရန် ရည်ရွယ်ပြီး ပြုလုပ်ထားခဲ့ခြင်း ဖြစ်လေသည်။

မြေအောက်ခန်း ရှိရာသို့ အပေါ်ကြမ်းပြင်မှ အံဝှက်တံခါးကို ဖွင့်ပြီး ဆင်းသွားရသည်။

မောင်သူရဆိုသူက ဦးဆောင်ခေါ်သွားသောကြောင့် မြေအောက်အခန်းသို့ ရောက်သောအခါ မီးရောင်မရှိသောကြောင့် မှောင်မည်းနေသည်။



BURMESE CLASSIC .com



ထို့ကြောင့် နံရံမှာ ချိတ်ထားသောမီးအိမ်ကို မီးထွန်းလိုက်တော့မှ အလင်းရောင် ရလာသည်။

မြေအောက်ခန်းထဲသို့ ရောက်သောအခါ မောင်သူရက နံရံတစ်နေရာမှာ ရေးထားသော လျှို့ဝှက်စာများကို ပြလေသည်။

ထိုစာများမှာ ပေါ်ရာဏစကားလုံးများ သုံးပြီး ရေးထားသောကြောင့် အဓိပ္ပာယ် သိရန် မလွယ်လှပေ။ ဦးဘပွားက မီးအိမ်ကို လက်တစ်ဖက်မှ ကိုင်ပြီး ထိုစာများကို ဖတ်ကြည့်သည်။

(ပေါရာဏ စကားလုံးများကို မြန်မာစကားလုံးများဖြင့် ပြောင်းလဲ ဖော်ပြပေးပါမည်)

(မြေတိုင်ကျိုးနေ သားစားကအဆက်စာထိုင်နဲ့ ဆက်လေ့ထိုးစေ ကျိန်စေတ်သူပုပ်ဖျဉ် ငါတစေ လားကတာသစ် လူးဘိဖေါ် ၏ သေ အဘွိမိုး. .)

ထိုစာများကို ဖတ်ရသော်လည်း အဓိပ္ပာယ်ကိုတော့ လုံးဝနားမလည်ပေ။

"ဘာတွေလဲ. . . ငါ တစ်ခုမှ နားမလည်ဘူး"

"ဒီစာတွေက တခြားမဟုတ်ဘူး၊ ခင်ဗျားတို့အိမ်ကို ကျိန်စာတိုက်ထားခဲ့တာပဲ၊ ဒီစာတွေကို ဖျက်ပစ်မှ ကျိန်စာက လွတ်မယ်"

"ဘယ်လိုဖျက်ရမလဲ"

"ရေနံဆီလောင်းပြီး မီးရှို့မှ ပျက်မယ်"

ဟု ပြောသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အပေါ်ပြန်တက်သွားပြီး မီးထွန်းရန် ထားသော ရေနံဆီပုံးကို ယူလာသည်။

မြေအောက်ခန်း ရောက်သောအခါ နံရံမှ စာများကို ရေနံဆီဖြင့် ပက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေနံဆီများက သူ့ကိုယ်ပေါ်သို့ လောင်းချသကဲ့သို့ ဖြစ်သွားလေတော့သည်။

ထိုသို့ဖြစ်သွားစဉ် ရေနံဆီများက နံဘေးနားမှာ ချထားသော မီးအိမ်ဆီသို့ ကူးသွားပြီး မီးတောက်ကြီးများ ထလာသည်။

"ဝုန်း" ကနဲ အသံကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သော အခါ မီးတောက်များက သူ့ကိုယ်ပေါ်သို့ ရောက်လာလေတော့သည်။

"ဝုန်း. . . ဝုန်း"

"အမယ်လေး. . . လုပ်ကြပါဦးဟ"

ထိုသို့အော်ဟစ်ရင်း ကိုယ်ပေါ်မှ မီးများကို ငြိမ်းရန် ကြိုးစားသော်လည်း မရတော့ပေ။

ထိုအချိန်မှာ စောစောက အနားမှာ ရပ်နေသော မောင်သူရ ဆိုသူလည်း မရှိတော့ပေ။

ဘယ်လိုမှ ငြိမ်းသတ်၍မနိုင်တော့သော မီးတောက်များက ဦးဘပွားတစ်ကိုယ်လုံးသို့ ဖုံးအုပ်လောင်ကျွမ်းလေတော့သည်။

ရှေးဟောင်း ဘဝ,ဝဋ်ကြွေးတစ်ခုပေလား။

ဒါမှမဟုတ် မောင်သူရ၏ဝဋ်ကြွေးကို ပြန်ဆပ်ရလေသလား မပြောတတ်တော့ပေ။

ဦးဘပွားအတွက် ဇာတ်သိမ်းကတော့ မကောင်းခဲ့ပါချေ။





# အခန်း(၅)

# ဝိညာဉ်နှင့် ပွဲစားလုပ်ပေးမည့်သူ

အင်းဝတစ်ဝိုက်သည် ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသောနေရာတစ်ခု မဟုတ်ပေ။

အင်းဝနှင့် အနီးတစ်ဝိုက်တွင် မိတ်ဆွေကောင်းများ ရှိသောကြောင့် အကြောင်းကိစ္စတိုက်ဆိုင်လျှင် မကြာခဏဆိုသလို ရောက်လေ့ရှိသောနေရာလည်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် ရန်ကုန်၌ ရှိနေစဉ်မှာပင် ဘလဲ့ဘ အရပ်တွင် ရှိသော ဦးဇန်ကောင်းထံမှ စာတစ်စောင် ရောက်လာသည်။

"မောင်ထင်ကျော်. . .

ကျုပ်တော့ အခု အင်းဝကို ရောက်နေတယ်၊ ဘားမဲ့ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ဓါတ်ပညာကျမ်းတွေကို ရှာဖွေလေ့လာဖို့ပဲပေါ့၊ ရသင့်သလောက်လည်း ရနေပြီး အတော်လည်း ခရီးပေါက်နေပြီလို့ ဆိုရမှာပဲ၊ မောင်ထင်ကျော် အခြားကို ထွက်စရာအကြောင်း မရှိရင် အင်းဝကို လာခဲ့ပါလား၊ ဒီမှာ မောင်ကျော်စွာတို့လည်း ရှိနေကြတယ်"

ကျော်စွာမှာ ဒေါက်တာမင်းထင်ကျော်အပေါ်မှာ အစ်ကိုလို ဆရာတစ်ယောက်လို ခင်မင်လေးစားသူဖြစ်သည်။ တံတားဦးဘက်မှ အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျကာ ထိုနယ်ဘက်သို့ လိုက်သွားခဲ့သည်မှာ သုံးနှစ်ခန့် ရှိနေပြီ။

ဒေါက်တာမင်းထင်ကျော်က စာကို ဖတ်လေသည်။

*"မောင်ထင်ကျော်ကို စာရေးမှာရတဲ့ အကြောင်းကတော့ တခြားမဟုတ်ဘူး၊ တံတားဦးနဲ့အင်းဝကြားမှာ သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ မနောသုခဆိုတဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး ရှိတယ်၊ ဘယ်သူမှ မနေဝံ့အောင် အတော်ကလေး ကြမ်းတယ်၊ မူလ အိမ်ရှင်တွေ တစ်ယောက်ပြီးတစ်ယောက် သေကြပြီးတဲ့နောက်ပိုင်း အခြားလူတွေလည်း လာငှားပြီး နေကြသေးတယ်၊ ဒါပေမယ့် မရဘူး၊ ဘယ်သူမှ တစ်ပတ်ပြည့်အောင် မနေနိုင်ကြဘူး၊ သေသူသေ ပြေးသူ ပြေးကြရတာပဲ၊ အဲဒီအိမ်ကြီးမှာ စိတ်ဝင်စားစရာတွေလည်း အများကြီး ရှိပုံရတယ်၊ မောင်ထင်ကျော် စိတ်ဝင်စားလို့ လေ့လာကြည့်ချင်တယ် ဆိုရင် လာခဲ့ပါလား၊ ကျုပ်တို့လည်း အဖော်ရတာပေါ့။*

*သင့်ရဲ့မိတ်ဆွေကြီး*
*ဦးဇန်ကောင်း"*

ဟု စာရေးမှာသောကြောင့် ဒေါက်တာမင်းထင်ကျော်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခရီးသွားလျှင် အဖော်ခေါ် နေကျ





စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို ခေါ်ပြီး မန္တလေးသို့ တက်ခဲ့လေသည်။

မန္တလေးမှတဆင့် တံတားဦးသို့ ရထားစီးခဲ့ပြီး အင်းဝဘက်သို့ ခြေလျင်လျှောက်ကြလေသည်။

ဦးဇန်ကောင်း နေသောအိမ်မှာ ဘလဲ့ဘအရပ်တွင် ရှိပြီး သူတို့ ရောက်သွားချိန်တွင် ဦးဇန်ကောင်းအပြင် ကျော်စွာပါ တွေ့လေသည်။

ထို့ပြင် အခြားလူသုံးယောက်တို့လည်း ရှိနေကြသည်။

၎င်းတို့က ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာမည်ဟု သတင်းကြားထားသောကြောင့် လာရောက်စောင့်နေကြခြင်းဖြစ်သည်။

ထိုလူသုံးယောက်မှာ အင်းဝ၊ တံတားဦး နယ်ခံများ ဖြစ်ကြကာ ကိုထွန်းနိုင်၊ ကိုသာဇံနှင့် ဦးမင်းဟန်ဆိုသူတို့ ဖြစ်ကြသည်။

ဦးဇန်ကောင်းနှင့်ကျော်စွာတို့ စီစဉ်ပေးထားသော [illegible]ရည်နှင့် အခြားစားသောက်ဖွယ်ရာများကို စားသောက်ရင်း တစ်[illegible] တစ်ဦး မိတ်ဆက်ပြီးသောအခါ စကားဝိုင်း စတင်ကြလေသည်။

"ဒေါက်တာ့ရဲ့ အကြောင်းတွေကတော့ စာအုပ်တွေထဲမှာ မကြာခဏဆိုသလို ဖတ်ရပါတယ်၊ လူချင်းတော့ အခုမှပဲ တွေ့ဖူး မြင်ဖူး ပေတော့တယ်၊ အခု အင်းဝဘက် လာတာ မနောသုခ စံအိမ်ကြီးကို လေ့လာဖို့ဆိုလား သတင်းကြားရတယ်"

ဦးမင်းဟန်က မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်း ညိတ်ပြလိုက်သည်။

"မှန်ပါတယ်"

"ကျုပ်တို့အရပ်မှာတော့ အဲဒီအိမ်ကြီးဆိုရင် နေဝံ့ဖို့ မဆိုထားနဲ့ အချိန်လွန်သွားရင် တစ်ယောက်ချင်းနှစ်ယောက်ချင်း အနားကတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မလျှောက်ဝံ့ကြဘူးဗျ”

“ဘယ်လိုကြောင့်လဲ ဦးမင်းဟန်ရဲ့”

“ဘယ်လိုကြောင့်ရမလဲဗျာ. . . သရဲတစ္ဆေ ခြောက်တာပဲပေ့ါ၊ ဒီလိုခြောက်တာလည်း အဆန်းတော့ မဟုတ်ပါဘူးလေ၊ နှစ်ဆောင်ပြိုင် အိမ်ကြီး ဆောက်နေဆဲမှာပဲ လက်သမားဆရာကြီးရဲ့သားက မီးလောင် ခံရလို့ သေသွားရတယ်”

“အော်. . .”

ဒေါက်တာမင်းထင်ကျော်က မထူးဆန်းသောအကြောင်းအရာ တစ်ခုကို နားထောင်နေရသကဲ့သို့ ဝတ္တရားမပျက် စကားထောက်ပေး ရင်းနှင့် စီးကရက်တစ်လိပ်ကို မီးညှိဖွာနေသည်။

တချာ။ “အိမ်ကြီး ပြီးလို့ အိမ်ရှင်တွေလည်း အိမ်ပေါ် ရောက်တာနဲ့ နာမည်ကြာတ်လမ်းစတာပါပဲ”

ရှိတယ် “ဘယ်လို စတာလဲ ဦးမင်းဟန်ရဲ့”

အိ “သရဲခြောက်တာပေ့ါဗျာ. . . နည်းမျိုးစုံနဲ့ကို ခြောက်တာဗျ၊ နောက်ဆုံး ဘုန်းကြီးတွေ ခေါ်ပြီး ပရိတ်ရွတ်တာတောင် မရတော့ဘူး”

“တယ်လည်း ကြမ်းပါလား”

“ကြမ်းဆို အဲဒီမှာ ရောက်နေတဲ့ သရဲတွေ ဘီလူးတွေက အိမ်ရှင်တွေကို မနေနိုင်အောင် လုပ်ရုံမကဘူး၊ နောက်တော့ လူတွေကိုပါ သတ်စားတဲ့အဆင့်မျိုး ရောက်တော့တာပဲ”

ဦးမင်းဟန်၏စကားက ထိုနေရာရောက်လာသောအခါ စိတ် ဝင်စားဖို့ ကောင်းလာသည်။

“ဘယ်လိုသတ်စားတာလဲ”

“ပထမ သမီးတစ်ယောက်က အိမ်ပေါ်မှာတင် ဆွဲကြိုးချပြီး





ကိုယ့်ကိုယ်ကို သတ်သေသွားတယ်၊ နောက် မကြာပါဘူး၊ အိမ်ပိုင်ရှင် ဦးဘပွားလည်း မြေအောက်ခန်းထဲမှာ တစ်ကိုယ်လုံး မီးလောင်ပြီး သေရရှာတယ်၊ ဒါတောင် ကျန်တဲ့လူတွေက ချက်ချင်းသိကြတာ မဟုတ်ဘူး၊ အပေါ်ကို ညှော်နံ့တွေ တက်လာလို့ ဆင်းကြည့်တော့မှ ရုပ်ပျက်ဆင်းပျက်နဲ့ သေနေတာကို တွေ့ကြရတာ”

“ဒီလိုသေတာတွေဟာ အကြောင်းတိုက်ဆိုင်မှုတွေကြောင့် သေတာတွေရော မဖြစ်နိုင်ဘူးလား”

“ဒီလိုတွေးမယ်ဆိုရင်လည်း တွေးလို့ရပါတယ်၊ ဒါပေမယ့် သရဲ ခြောက်တဲ့ကိစ္စကတော့ အခုထိ ကြမ်းနေတုန်းပဲ”

“ပြောပြပါဦး”

ထိုအခါ အနားမှာ ရှိနေသော ကိုသာဇံဆိုသူက ဝင်ပြောပြ သည်။

“အဲဒီနှစ်ဆောင်ပြိုင်အိမ်ကတော့ဗျာ. . . သရဲခြောက်ပုံက တော့ ကမ်းကုန်လောက်ပါရဲ့၊ ညအချိန် မဆိုထားနဲ့၊ နေ့ဘက်သွားရင် တောင် အလွတ်မပေးပါဘူး၊ မနောသုခစံအိမ်လို့ နာမည်မပေးဘဲ ပုဏ္ဏာကစံအိမ်လို့ အမည်ပေးရင် ပိုတောင် ကောင်းမှာဗျ”

“ခင်ဗျားကော အခြောက်ခံရဖူးသလား”

“ကျွန်တော်တို့က ဒီအရပ်သားတွေပဲ၊ ဘယ်လွတ်ပါ့မလဲ. . . အခြောက်ခံရတာပေ့ါ၊ တလောက ဟိုဘက်ရွာက အသုဘကိစ္စတစ်ခု သွားပြီး ပြန်လာတာ နှစ်ဆောင်ပြိုင်နား ရောက်တော့ မှောင်ရီသမ်းစ ဖြစ်နေပြီ၊ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ စက်ဘီးကို တအားနင်းချလာတာ နှစ်ဆောင်ပြိုင်အလွန်ရောက်တော့ စက်ဘီး လေးကျသွားတာနဲ့ လှည့်ကြည့်လိုက်တော့ စက်ဘီးနောက် ကာရီယာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တစ်ကိုယ်လုံး မီးလောင်ခံထားရတဲ့လူတစ်ယောက် အခန့်သား ထိုင်လိုက်လာတာ တွေ့ရတော့တာပါပဲ"

"ဒီတော့. . ."

"ကျွန်တော်လည်း သတ္တိခေသူမှ မဟုတ်တာ၊ စက်ဘီးကို ဒီအတိုင်း ထားခဲ့ပြီး ထွက်ပြေးခဲ့တာပေါ့"

ကိုသာဇံစကားကြောင့် အားလုံးရယ်လိုက်ကြသည်။ ထို့နောက်မှာလည်း မနောသုခစံအိမ်နှင့် ပတ်သက်ပြီး သရဲခြောက်ခံရမှုများကို တစ်ယောက်တစ်မျိုး ပြောပြရာ အတော်များလေသည်။

ယခုအချိန်အထိတော့ စကားဝိုင်းမှာ ထိုင်နေသော ကိုထွန်းနိုင်ဆိုသူမှာ တစ်ခွန်းမှ ဝင်မပြောသေးဘဲ ကွမ်းတမြုံ့မြုံ့ ဝါးရင်းနှင့် ငြိမ်သက်စွာ နားထောင်နေလေသည်။

"ဒါထက် မောင်ထင်ကျော်တို့ အခု ဘယ်လိုစီစဉ်ကြမှာလဲ"

စကားပြတ်သွားသောအခါ ဦးဇန်ကောင်းက ဝင်မေးသည်။

"ဒါထက် အဲဒီအိမ်ကြီးမှာ နေတဲ့လူ ရှိသလား"

"ဒီလောက် သရဲခြောက်နေတဲ့အိမ်မှာ ဘယ်သူက နေဝံ့ကြမှာလဲ"

"အဲဒီလို နေမယ့်လူ မရှိရင်တော့ ကျွန်တော်တို့ ငှားရမ်းပြီး နေကြည့်မယ်လေ"

ဒေါက်တာမင်းထင်ကျော်က အားတက်သရော ပြောလိုက်လေရာ ကျော်စွာက ဝင်ပြောသည်။

"ဆရာ. . . ကျွန်တော် တစ်ခုတော့ အကြံပေးပါရစေ"

"ဘာများလဲ ကိုကျော်စွာရဲ့"

"တခြားမဟုတ်ပါဘူး. . . ဆရာတို့ အဲဒီအိမ်မှာ သွားနေရင်





အန္တရာယ်များပါတယ်၊ ဒီနားတစ်ဝိုက်မှာ ရှိတဲ့ အခြားအိမ်တစ်လုံးလုံးကို ငှားနေပြီး လေ့လာချင်တဲ့ကိစ္စတွေ သွားပြီးလေ့လာကြည့်ကြရင် ပိုမကောင်းဘူးလား"

ဟု တားသည်။

"ဘာကြောင့်လဲ ကိုကျော်စွာရဲ့"

"အဲဒီအိမ်က ရိုးရိုးသရဲခြောက်တာမျိုး မဟုတ်ဘူး၊ ပုဏ္ဏက တိုက်ထားသလိုမျိုးကို ကြမ်းနေတာ၊ တော်ကြာ အန္တရာယ်နဲ့ တွေ့မှာ စိုးလို့ပါ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကိုကျော်စွာရယ်၊ ကျွန်တော်တို့ တတွေ ခရီးသွားလာနေကြတာ ဒီထက်ကြမ်းတဲ့နေရာမျိုးတွေတောင် ရောက်ခဲ့ကြသေးတာပဲ"

"ဒီနေရာက အခြားနေရာတွေနဲ့ မတူဘူး၊ နေတဲ့လူတွေကို သေအောင်သတ်ပစ်တာဆိုတော့ ဆရာတို့အတွက် စိုးရိမ်လို့ပါ"

"ရပါတယ်. . . အန္တရာယ်ရှိတော့လည်း တစ်မျိုးစီစဉ်ကြတာပေါ့၊ ဒါထက် သူဌေးကြီးဦးဘပွားတို့ မိသားစုတွေအကြောင်းကို ပြောပြပါဦး"

ထိုအခါ ဦးဇန်ကောင်းက သူသိသမျှအကြောင်းများကို ပြောပြလေသည်။

"မြသင်းကြူနဲ့ ဦးဘပွားတို့ သေသွားပြီးတဲ့နောက်မှာ ကျန်တဲ့လူတွေက ဘယ်ရောက်သွားကြပြီလဲ"

ထိုအကြောင်းကို ကျန်လူများက မသိသောကြောင့် ကိုထွန်းနိုင်ဆိုသူက ဝင်ပြောပြသည်။

"သူဌေးကြီးနဲ့ သူ့သမီး သေပြီးတဲ့နောက်မှာ သူဌေးကတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့သမီးတစ်ယောက်လည်း အဲဒီအိမ်မှာ ဆက်မနေဝံ့တော့တာနဲ့ တခြားတစ်နေရာကို ထွက်သွားကြပါတယ်၊ သူတို့ ဘယ်နေရာကို ထွက်သွားတယ်ဆိုတာတော့ ဘယ်သူမှ မသိကြပါဘူး"

ဟု ပြောသည်။

"ဒါဖြင့် ကျွန်တော်က အဲဒီအိမ်ကြီးမှာ နေချင်လို့ ငှားချင်တယ်ဆိုရင် ဘယ်သူ့ဆီမှာ ငှားရမလဲဟင်"

"ပိုင်ရှင်တွေဆီမှာပဲ ခွင့်တောင်းပြီး ငှားရမှာပေါ့"

"ဟင်. . . သူဌေးကြီးကလည်း သေပြီ၊ သူဌေးကတော်ကလည်း ဘယ်ရောက်သွားမှန်း မသိတော့ ဘယ်လိုဆက်သွယ်ရမှာလဲ"

"မနောသုခစံအိမ်မှာ သူဌေးကြီးဦးဘပွားရဲ့ဝိညာဉ် ရှိနေတယ်လေ၊ သူ့ဆီမှာ ငှားမှ ရမှာပေါ့"

"ဟင်. ."

ကိုထွန်းနိုင်၏ထူးထူးဆန်းဆန်းစကားကြောင့် ကျန်လူများမှာ အံ့သြသွားကြလေသည်။

"ဝိညာဉ်ဆီမှာ အိမ်ငှားလို့ ရပါ့မလား"

"ရနိုင်ပါတယ်"

"ဘယ်သူက ငှားပေးမှာလဲ"

"ကျွန်တော် ငှားပေးရင် ရနိုင်ပါတယ်၊ ကျွန်တော်က ဝိညာဉ်တွေကို ပွဲစားလုပ်ပေးနေတဲ့ လူတစ်ယောက်ပါ"

"ဟင်. . . ဝိညာဉ်ပွဲစား ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်တော်က ဝိညာဉ်တွေနဲ့ ဆက်သွယ်လို့ရတဲ့လူတစ်ယောက်ပါ၊ ဆရာတို့ ဒီအိမ်ကြီးမှာ တကယ်နေမယ်ဆိုရင် တစ်လကို ဘယ်လောက်ပေးနိုင်မယ် ဘယ်လောက်ကြာအောင် နေ





မယ်လို့ စာချုပ်စာတမ်းပေါ်မှာ လက်မှတ်ထိုးပေးမယ်ဆိုရင် ပိုင်ရှင်တွေဆီမှာ ခွင့်တောင်းပြီးတာနဲ့ နောက်တစ်နေ့ ရပါစေမယ်"

ပထမတော့ ကိုထွန်းနိုင်တစ်ယောက် အတည်ပေါက်နှင့် နောက်နေသည်ဟု ထင်မိကြသေးသည်။

သို့သော် အမှန်ပြောနေခြင်းဖြစ်ကြောင်း သူ့အမူအယာက ဖော်ပြနေလေသည်။

ထိုကိစ္စမျိုးကလည်း အခက်သားပေ။

ယုံရခက် မယုံရခက်သောကိစ္စမျိုးဖြစ်သည်။

အခြားသူများထက် ဒေါက်တာမင်းထင်ကျော်ကတော့ ထိုကိစ္စများကို အတွေ့အကြုံရှိသောကြောင့် ကိုထွန်းနိုင် ပြောနေသော အကြောင်းများကို အလေးအနက် ထားလေသည်။

"ကောင်းပြီလေ. . . ခင်ဗျား ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ မနောသုခစံအိမ်ကို ကျွန်တော် ငှားပါ့မယ်၊ နေမယ့်လနဲ့ ပေးမယ့်လစာကိုလည်း စာချုပ်ပေါ်မှာ ထည့်ရေးပြီး တစ်ခါတည်း လက်မှတ်ထိုးပေးလိုက်ပါမယ်၊ ဒါထက် ဝိညာဉ်တွေနဲ့ ဆက်သွယ်ပေးမှုအတွက် ပွဲစားခ ဘယ်လောက်ပေးရမလဲ"

"သက်ဆိုင်ရာတွေကို ကျွေးမွေးရမှာဆိုတော့ ကြက်ကြော်တစ်ပွဲနဲ့ ထန်းရည်ခါးတစ်အိုးဆိုရင် ဖြစ်ပါတယ်"

ဟု ပြန်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့ အတွက် မနောသုခစံအိမ်ကို ငှားရမ်းသည့်ကိစ္စ အဆင်ပြေသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

## လင်စုံမယားဖက် နေမရသောအိမ်

မနောသုခစံအိမ်သို့ သွားရောက်နေထိုင်ကြသောအချိန်တွင် ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်တည်း မဟုတ်ဘဲ ဦးဗန်ကောင်းပါ အတူလာနေသောကြောင့် အားလုံးလေးယောက်ဖြစ်သည်။

သူတို့ ပြောင်းနေမည်ဆိုသောအခါ ပတ်ဝန်းကျင်က အမျိုးမျိုး ပြောဆိုဝေဖန်ကြလေသည်။

"အင်းဝနဲ့ တံတားဦးတကြောမှာ ငှားစရာ နေစရာ ရှားလို့ ဒီအိမ်ကိုမှ ရွေးငှားကြရသတဲ့လား၊ မကြာပါဘူး. . . ပြန်ပြေးကြရတာ မြင်ရဦးမယ်"

"ဒါကတော့ သူတို့အကြောင်းပေါ့၊ နေမယ့်ညှော်သည်တွေက

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်က လာကြတာလို့ ပြောတယ်၊ သူတို့က ဒီနေရာအကြောင်း မသိသေးလို့ ငှားကြတာလည်း ဖြစ်မှာပေါ့၊ နောက်ပြီး တခြားလူတွေကို ခြောက်ပေမယ့် သူတို့ကိုတော့ ခြောက်ချင်မှ ခြောက်မှာပေါ့"

"ကြည့်ရဦးမယ်. . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ အရင်က လာနေတဲ့လူတွေက မိသားစုတွေ လင်စုံမယားဖက်တွေဆိုတော့ အိမ်ရှင်တွေက မကြိုက်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ သူတို့က ယောကျ်ားတွေချည်း နေကြမှာဆိုတော့ ဘယ်လိုဖြစ်လာဦးမယ် မသိဘူး"

ဟု အမျိုးမျိုး ပြောနေကြလေသည်။

သူတို့ ပြောသည့်အတိုင်းပင်. . .

ယခင်က လာရောက်နေထိုင်ကြသူများမှာ မိသားစုများ လင်စုံမယားဖက်များသာဖြစ်ကြသည်။

အချို့ဇနီးမောင်နှံများက အခြေအနေမှန်ကို မသိကြသောကြောင့် အပေါ်ထပ်မှာ ရှိသော ယခင် မြသင်းကြူ နေထိုင်ခဲ့သော အခန်းထဲမှာ နေကြလေသည်။

ထိုအခန်းမှာ လေဝင်လေထွက်လည်း ကောင်း၊ ပြင်ပရှုခင်းများလည်း ကောင်းသောကြောင့် ထိုအခန်းကို သဘောကျကြခြင်းဖြစ်သည်။

သို့သော် တစ်ညပြည့်အောင်ပင် အိပ်မရကြပေ။

သာမန်လူများ ဝင်အိပ်လျှင် ရိုးရိုးသာ အခြောက်အလှန့် ခံရသော်လည်း လင်စုံမယားဖက် ဝင်အိပ်မိပါက အသက်သေဆုံးသည်အထိ ကြမ်းကြမ်းတမ်းတမ်း အခြောက်အလှန့် ခံကြရသည်။

မကြာသေးခင်က ကလေးမရှိသေးသော အိမ်ထောင်ရှင် လင်မယားနှစ်ယောက် ထိုအိမ်မှာ လာရောက်နေထိုင်ကြသည်။ ထိုလင်





မယားမှာ နယ်ဘက်မှ ဖြစ်ပြီး ထိုအိမ်အကြောင်းကိုလည်း မသိကြပေ။

အိမ်ကောင်းပြီး အိမ်ငှားခ သက်သာသောကြောင့် ငှားရမ်းနေထိုင်ကြခြင်းဖြစ်သည်။

ထုံးစံအတိုင်း မြသင်းကြူ နေသွားခဲ့သည့်အခန်းမှာပင် အိပ်ကြသည်။

ညဦးပိုင်းအချိန် ရောက်တော့ အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်နေသောခြေသံများကို ကြားရသည်။ ပြီးနောက် တံခါးခေါက်သံ ကြားရသည်။ ဖွင့်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ရပေ။ သို့ကြောင့် ယောကျ်ားဖြစ်သူက တံခါးကို ဂျက်ထိုး၍ ပိတ်ထားလိုက်သည်။

သို့သော် သူတို့ အိပ်မပျော်ခင်မှာပင် ဂျက်ထိုးပြီး ပိတ်ထားသောတံခါးက အလိုလို ပွင့်သွားလေသည်။ သို့ကြောင့် နှစ်ယောက်စလုံး အလန့်တကြားဖြစ်သွားကာ တံခါးချပ်ကို အသေအချာ ပိတ်ပြီး ဂျက်ထိုးထားလိုက်သည်။

ထို့နောက်ပိုင်းမှာတော့ အနှောင့်အယှက် မတွေ့ရတော့သဖြင့် အိပ်ပျော်သွားကြသည်။

နံနက်လင်းသည်အထိ မည်သည့်အနှောင့်အယှက်မျိုးမှ ထပ်မတွေ့ရတော့သဖြင့် စိတ်သက်သာရာ ရသွားကြသည်။

နောက်တစ်ညမှာတော့ ပိုမိုဆိုးဝါးသောအဖြစ်မျိုးနှင့် ကြုံကြရသည်။ အခြားမဟုတ်ပေ. . .။

၎င်းတို့ အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က ဆွဲထုတ်ထားသောကြောင့် အခန်းအပြင်သို့ ရောက်နေလေတော့သည်။

"ငါတို့ကို ဘယ်သူက အပြင်ရောက်အောင် ဆွဲထုတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ကျွန်မလည်း အိပ်ပျော်သွားလို့ မသိလိုက်ဘူး"

"ငါတို့အိမ်ထဲ သူခိုးသူဝှက်များ ဝင်လာရှာသလား"

နှစ်ယောက်စလုံး ဇဝေဇဝါ ဖြစ်နေသည်မှလွဲပြီး အဖြေကိုတော့ မသိရပေ။

တတိယမြောက်ညမှာတော့ သူတို့အတွက် ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်နှင့် ကြုံရလေတော့သည်။

ညဦးပိုင်းအချိန်မှာတော့ လင်မယားနှစ်ယောက်စလုံး စိတ်တထင့်ထင့် ရှိနေသောကြောင့် အိပ်မရကြပေ။ အတော်ညဥ့်နက်ပိုင်းရောက်ကာမှ အိပ်ပျော်သွားကြလေသည်။ ထိုသို့အိပ်ပျော်သွားစဉ်မှာ ဝုန်းကနဲ အသံကြီးတစ်သံ ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး လန့်နိုးလာကြသည်။

ကြည့်လိုက်တော့ ထုပ်တန်းမှာ ကြိုးတန်းလန်းဖြင့် တွဲလောင်းကြီး ဖြစ်နေသော မိန်းမတစ်ယောက်ကို တွေ့ကြရသည်။

ထိုမိန်းမမှာ အသက်မသေသေးသောကြောင့် ခါယမ်းနေဆဲရှိနေရာ ဆံပင်များပင် လှုပ်နေသည်။

ကြိုးစက လည်ပင်းကို ပတ်ဆွဲထားသောကြောင့် တန်းလန်းကြီး ဖြစ်နေသော ထိုမိန်းမမှာ မူလက ချောမောသည့်မျက်နှာမျိုး ရှိဟန်တူသော်လည်း ယခုအခါမှာတော့ ကြောက်မက်ဖွယ်ရာမျက်နှာမျိုး ဖြစ်နေချေပြီ။ မျက်လုံးက ပြူးထွက်နေပြီး လျှာက အပြင်သို့ ထွက်နေသည်။

မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်ထဲမှ သွေးများ စီးကျနေသည်။

ခဏကြာသော် ကြေးစည်ကဲ့သို့ ချာလည်,လည်နေရာမှ





တဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေတော့သည်။ လင်မယား နှစ်ယောက်စလုံးမှာ အသက်ရှုရန်ပင် မေ့နေပြီး ထိုမြင်ကွင်းကို ကြည့်နေကြသည်။ သူတို့လင်မယားက သေပြီဟု ယူဆထားသော ထိုမိန်းမက ခဏကြာသောအခါ လည်ပင်းမှာ ရစ်ပတ်နေသောကြိုးကို သူ့ဖာသာ ဖြုတ်၍ အောက်သို့ ဆင်းလာသည်။

"ဟင်. . ."

နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

ထိုအမျိုးသမီးမှာ အသက်အရွယ် မကြီးလှသေးသော်လည်း ကြိုးဆွဲချကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ လည်ပင်းအဆက်ရိုးများ ပြုတ်ထွက်နေသဖြင့် ဦးခေါင်းက တလှုပ်လှုပ် ဖြစ်နေသည်။

မျက်လုံးက အပြင်သို့ ပြူးထွက်နေကာ သွေးများ စီးကျနေသည်။

ထိုအမျိုးသမီးက သူတို့နှစ်ယောက်အနီးသို့ လျှောက်လာပြီး မနီးမဝေး၌ ရပ်ကာ ခါးထောက်လျက် ဒေါသမျက်နှာဖြင့် ကြည့်သည်။

"ဒါ. . ငါနေတဲ့အပျိုခန်းဟဲ့၊ နင်တို့ ဘာကြောင့် ဒီအခန်းထဲမှာ လင်စုံမယားဖက် လာနေကြတာလဲ၊ ငါက ချစ်သူနဲ့ ကွဲခဲ့ရတဲ့မိန်းမဆိုတော့ သူများတွေ အတူတူ နေတာ တွေ့ရင် မကြိုက်ဘူး၊ အခုချက်ချင်း ငါ့အခန်းထဲက ထွက်သွားကြစမ်း၊ ဒီအိမ်ပေါ်မှာလည်း မနေကြနဲ့တော့၊ နင်တို့ ဆက်နေရင် ငါသတ်ပစ်မယ်"

ဟု ပြောဆိုကြိမ်းမောင်းကာ လက်ကြီးနှစ်ဖက်ကို ဆန့်တန်းပြီး ရှေ့သို့ တိုးလာသောကြောင့် လင်မယားနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆွဲပြီး အခန်းထဲမှ ထွက်ပြေးရလေတော့သည်။

ပတ်ဝန်းကျင်မှ အမျိုးမျိုး ပြောနေကြသော်လည်း ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်တို့ကတော့ မူလစီစဉ်ထားသည့်အတိုင်း မနောသုခစံအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ဝိညာဉ်လောကသားများကို ကြောက်ရွံ့ခြင်း မရှိသလို ဦးဇန်ကောင်းကလည်း အရေးထားတတ်သူ မဟုတ်ပေ။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာလည်း ထိုကိစ္စများအတွက် အဆန်းတကြယ် မရှိတော့။ သူတို့နှစ်ယောက်သည် ကျွန်ုပ်၏ ဇာတ်လိုက်ကျော်နှစ်ယောက်ဖြစ်သော ဒေါက်တာမင်းထင်ကျော်နှင့် သော်လည်းကောင်း၊ နီမောင်နှင့်သော်လည်းကောင်း အစဉ်အမြဲ လက်တွဲခဲ့ကြသူများ ဖြစ်သောကြောင့် ပရလောကသားများနှင့် ပတ်သက်သော အတွေ့အကြုံများကတော့ အဆန်းတကြယ်တော့ မဟုတ်ကြတော့ပေ။

အိမ်ကြီးပေါ် ရောက်သောအခါ သင့်လျော်သောအခန်းများမှာ အသီးသီး နေရာယူကြလေသည်။ ဦးဇန်ကောင်းကတော့ ဘုရားခန်းနှင့် နီးသောနေရာမှာ နေရာယူပြီး ဒေါက်တာမင်းထင်ကျော်ကတော့ တစ်အိမ်လုံးမှာ သရဲအခြောက်ဆုံးဟု နာမည်ကြီးနေသော မြသင်းကြူ နေသွားခဲ့သောအခန်းမှာပင် နေလေသည်။

ထိုအခန်းထဲမှာ ကုတင်၊ မွေ့ယာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးမှအစ ပရိဘောဂ အစုံအလင် ရှိလေသည်။

ထိုပစ္စည်းများမှာ မြသင်းကြူ ရှိစဉ်ကပင် အသုံးပြုသွားသော ပစ္စည်းများပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအသုံးအဆောင်ပစ္စည်းများကို တမင်မဖယ်ဘဲ ထားလေသည်။





ညအချိန်ရောက်သောအခါ တစ်ယောက်မှ မအိပ်ကြဘဲ သတိဖြင့် စောင့်ကြည့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းတံခါးကို မပိတ်ဘဲ စေ့ရုံစေ့ထားသည်။

ညဦးပိုင်း တစ်ချိန်လုံးတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်အိမ်လုံး ထူးထူးခြားခြား ငြိမ်သက်နေသောကြောင့် အံ့ဩနေကြလေသည်။

အောက်ထပ်မှာ ရှိနေကြသော စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ရော၊ အပေါ်ထပ်မှာ ရှိနေကြသည့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ပါ သူတို့မျှော်လင့်ထားသလို ဖြစ်မလာသောကြောင့် အများထင်ကြေးပေး ပြောဆိုနေသကဲ့သို့ သရဲခြောက်သည်ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါ့မလားဟု သံသယ ရှိနေကြသည်။

ညဉ့်နက်ပိုင်း ရောက်တော့မှ ထူးခြားမှုအချို့ကို တွေ့ရသည်၊ ကြားကြရသည်။

အိမ်အောက်ထပ်ဆီမှ ကယ်ပါယူပါနှင့် အော်ဟစ်သံများကို ကြားရသည်။

အိမ်ကြီးနှင့် မနီးမဝေးမှာလည်း တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် လူတစ်ယောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို လှမ်းမြင်ကြရသည်။

ထို့ပြင် လေနှင့်အတူ လူသေကို မီးရှို့ရာမှ ထွက်လာသော ညှော်နံ့များကိုလည်း ရကြသည်။

အောက်ထပ်မှာ ရှိနေကြသော စောထီးနှင့် ငမဲအောင်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုညှော်နံ့ကြီးကို ရရှိမကဘဲ ကြမ်းပြင်တစ်နေရာမှ မီးခိုးငွေ့များ ထွက်နေသည်ကို မြင်ရသဖြင့် အနီးသို့ သွားကြည့်သောအခါ အံဝှက်ဖြင့် ပြုလုပ်ထားသည့် တံခါးတစ်ချပ်ကို တွေ့ရသဖြင့် ဆွဲဖွင့်လိုက်သောအခါ အတွင်းမှ ညှော်နံ့များနှင့်အတူ မီးခိုးငွေ့များ ထွက်လာသည်။

တံခါးချပ် ပွင့်သွားသောအခါ အောက်ထပ်သို့ ဆင်းသော အုတ်လှေခါးထစ်များကို တွေ့ကြရသည်။

"မြေအောက်ခန်း ရှိနေပါလား. . . ဆင်းကြည့်ကြမလား"

"မဆင်းပါနဲ့တော့. . . မနက်လင်းမှပဲ ဆရာတို့နဲ့ အတူတူ ဆင်းကြည့်မှ ပိုကောင်းမယ်"

"မီးခိုးငွေ့တွေ တွေ့ရတယ်၊ မီးလောင်နေရင် ဘယ်လိုလုပ်မလဲ"

"ငါတို့တောင် ဒီကနေ့မှ ရောက်ကြတာ၊ မြေအောက်ခန်းထဲမှာ ဘယ်လို မီးရှိမှာလဲ၊ ဒီမှာရှိနေကြတဲ့ ပရလောကသားတွေက သူတို့ ဒီမှာရှိနေတဲ့အကြောင်း အသိပေးကြတာပဲ ဖြစ်မှာပါ"

ဟု ပြောပြီး လျှို့ဝှက်တံခါးကို ပြန်ပိတ်ထားလိုက်ကြသည်။

ထိုပြင် အပြင်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် အပေါက်မှ လှမ်းကြည့်သောအခါ ဘေးပျဉ်ချပ် ပွင့်နေသော ခေါင်းတလားတစ်လုံးကို ထမ်းပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ကြရသည်။

အပေါက်မှ သူတို့ ကြည့်လိုက်သောအခါ အသံနက်ကြီးဖြင့် လှမ်းအော်ပြောသည်။

"သချိုင်းက ယူသွားတဲ့ ငါ့ရဲ့ခေါင်းတလားပျဉ် ပြန်ပေး. . . ပြန်ပေး"





ဟု လှမ်းတောင်းနေသောကြောင့် အပေါက်ကို ကပျာကယာ ပြန်ပိတ်ထားလိုက်ရသည်။

တံခါးပိတ်ထားသော်လည်း အပြင်ဘက်မှ အသံနက်ကြီးဖြင့် ပြောနေသောအသံများကိုတော့ ကြားနေရသည်။

"ငါတို့ဆီက ယူသွားတဲ့သချိုင်းမြေတွေ ပြန်ပေး"

"ငါ့ရဲ့ခေါင်းတလားပျဉ်ကို ပြန်ပေး"

သို့ဖြင့် နှစ်ယောက်သား မအိပ်ကြတော့ဘဲ အပြင်မှ အသံများကိုသာ နားစွင့်နေကြသည်။

အပေါ်ထပ်မှာ ရှိနေသော ဦးဇန်ကောင်းကတော့ အောက်ထပ်မှ အသံများကို ကြားလည်းမကြား၊ သိလည်း မသိပေ။

သူမြင်နေရသည်က အိမ်ကြီး၏အလယ်ခေါင်တိုင်ပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ကောင် အောက်သို့ ဆင်းလာလိုက်၊ အပေါ်ပြန်တက်သွားလိုက်နှင့် ပြုလုပ်နေခြင်းဖြစ်သည်။

ဦးဇန်ကောင်းကတော့ ပုတီးစိပ်ရင်းနှင့် မတုန်မလှုပ် မော့ကြည့်နေလေသည်။

စိတ်ထဲမှာတော့. . . ဒင်းက ဒီအပေါ်မှာ ရှိနေတဲ့ပုံပဲဟု တွေးလိုက်မိသည်။ တိုင်ပေါ်မှ ဆင်းလာသော မည်းမည်းသဏ္ဌာန်မှာ ထို့ထက်တော့ ပိုပြီး ဘာမှမလုပ်ပေ။

အခန်းထဲမှာ ရှိနေသော ဒေါက်တာမင်းထင်ကျော်ကတော့ အခြားသူများ မြင်ရတွေ့ရသည်နှင့် မတူပေ။

သူ အခန်းထဲမှာ ရှိနေစဉ် တစ်စုံတစ်ယောက်က အနားမှာ ရှိနေသလို ခံစားနေရသည်။

ခန်းစည်းစ၊ ခြင်ထောင်စကလေးများ လှုပ်ရှားသွားခြင်း တံခါး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်များ အလိုလို ပွင့်လာခြင်း၊ ခဏကြာသောအခါ သူ့အလိုလို ပြန်ပိတ်သွားခြင်း၊ နားထဲမှာ မနီးမဝေးမှ ဖြတ်လျှောက်သွားသောခြေသံကို ကြားရခြင်းများလောက်သာ တွေ့ရကြားရလေသည်။

သရဲခြောက်နေသည်ဆိုလျှင်တော့ ကြောက်စရာကောင်းအောင် ခြောက်လှန့်နေခြင်းမျိုး မဟုတ်ဘဲ ယဉ်ယဉ်လေး ခြောက်လှန့်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

မိုးသာ လင်းသွားရော ထို့ထက်တော့ ဘာမှပိုထူးမလာတော့ပေ။ နောက်တစ်နေ့ လေးယောက်သား ပြန်ဆုံကြသောအခါ ညက မိမိတို့ တွေ့ကြုံရသောအကြောင်းများကို အချင်းချင်း ပြောကြလေသည်။ ခဏကြာသောအခါ ကျော်စွာတို့လင်မယား ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်တို့အတွက် စားသောက်စရာများ လာရောက်ပို့ပေးကြခြင်းဖြစ်သည်။

"ဒါထက် ညက အခြေအနေ ဘယ်လိုထူးသလဲ ဆရာ"

ကျော်စွာက စိတ်ဝင်စားစွာ မေးသည်။

"ဒီလောက်မဆိုးလှပါဘူး"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီသောက်ရင်း ထိုမျှလောက်သာ ပြန်ဖြေလေသည်။

"ဒါဖြင့် ပတ်ဝန်းကျင်က ပြောနေကြတာ မှန်နေသလို ဖြစ်နေပြီပေါ့"

"ဘယ်လိုတဲ့လဲ"

"ဒီအိမ်မှာက လူလွတ်တွေ နေတာထက် လင်စုံမယားဖက်နေရင် ပိုပြီးအခြောက်ခံရသတဲ့ ဆရာရဲ့"



"ကျွန်တော်တို့လေးယောက်စလုံးက လူလွတ်တွေချည်းပဲ၊ ဘယ်မှာ လင်စုံမယားဖက် နေလို့ရမှာလဲ၊ ဒီလိုလုပ်ပါလား. . . သူတို့ပြောတာ မှန်မမှန် စမ်းသပ်ကြည့်တဲ့အနေနဲ့ ကိုကျော်စွာတို့လင်မယား ဒီအိမ်မှာ တစ်ညလောက် လာအိပ်ကြည့်ပါလား"

"ဆရာတို့ ရှိနေမှတော့ မအိပ်ဝံ့စရာ မရှိပါဘူး၊ သူ မနေဝံ့မှာ တစ်ချက်ပါပဲ"

ကျော်စွာက သူ့မိန်းမကို လွှဲချလေသည်။

"အစ်ကိုတောင် နေဝံ့သေးတာ ကျွန်မက ဘာကြောင့် မနေဝံ့ရမှာလဲ"

ကျော်စွာမိန်းမက အင်းဝဇာတိသူ ဖြစ်သဖြင့် သတ္တိကောင်းဟန်ရှိသည်။

သူ့ကို အထင်အမြင် အသေးမခံဘဲ ချက်ချင်းပြန်ပြောလေသည်။ ဤသို့ဖြင့် ဒေါက်တာမင်းထင်ကျော် အပြောကောင်းမှုကြောင့် ကျော်စွာတို့လင်မယားမှာ ထိုအိမ်မှာ တစ်ညလာအိပ်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းနှင့်အတူ ဘုရားခန်းမှာ အိပ်ပြီး သူတို့လင်မယားကို အခန်းထဲမှာ ပေးသိပ်လိုက်သည်။

တစ်ညလုံးတော့ အခြေအနေ ဘာမှမဖြစ်ပေ။ မနက်မိုးလင်းမှသာ ကျော်စွာတို့လင်မယားနှစ်ယောက်စလုံး အခန်းအပြင်ဘက်၌ ခွေခွေကလေး ရောက်နေကြသည်ကို အံ့သြဖွယ်ရာ တွေ့ကြရလေတော့သည်။

www.burmeseclassic.com





# အခန်း(၇)

## ဦးပန်ကောင်းနှင့် ပရလောကမှတ်တမ်းများ

နောက်တစ်နေ့မနက်ပိုင်းမှာတော့ ညေ့ခန်းမှာ ဝိုင်းဖွဲ့ထိုင်ကြရင်း မိမိတို့ ညက တွေ့ကြုံခဲ့ရသည့်အကြောင်းများကို ပြောပြကြလေသည်။

ထိုသို့ပြောနေကြစဉ် ကျော်စွာမိန်းမ ခင်မြရွှေက အစားအသောက်များ ပြုလုပ်စီစဉ်ပေးသည်။

လက်ဖက်ရည်ကြမ်း ကော်ဖီ၊ ပဲပြုတ်၊ ကောက်ညှင်းပေါင်း၊ အမဲခြောက်ကြော် စသည်တို့မှာ နံနက်စာအတွက် များစွာအဆင်ပြေကြလေသည်။

"ဒါထက် နေပါဦး၊ ကျန်တဲ့လူတွေက တွေ့ရမြင်ရရုံပဲ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လင်မယားက ဘယ်လိုကနေဘယ်လို အခန်းအပြင်ဘက်ကို ရောက်နေကြတာလဲ၊ လူနှစ်ယောက်စလုံး အပြင်ရောက်အောင် ဆွဲထုတ်လာတာကို မင်းတို့က မသိကြဘူးလား"

ဟု ဦးဗန်ကောင်းက မေးတော့ ကျော်စွာက သွားဖြဲပြီး ရယ်နေသည်။

"ကျွန်တော်တို့နှစ်ယောက်စလုံး အိပ်ပျော်သွားလိုက်ကြတာ ဘယ်အချိန် အပြင်ဘက် ရောက်နေမှန်းတောင် မသိတော့ပါဘူး အဘရယ်၊ ညဦးပိုင်းကတော့ နည်းနည်းကြောက်တာနဲ့ မအိပ်ဘဲ စောင့်ကြပါသေးတယ်၊ သန်းခေါင်ကျော်အထိ ဘာမှ မထူးခြားတော့မှ စိတ်ချလက်ချ အိပ်ပျော်သွားကြတာ၊ ဒါပေမယ့် ထူးထူးခြားခြား အိပ်မက်တစ်ခုတော့ မက်လိုက်သေးတယ်"

"ဘယ်လိုအိပ်မက်မျိုးလဲ ပြောပါဦး"

"အိပ်မက်ထဲမှာ ဆံပင်ဖားလျားချထားတဲ့ အမျိုးသမီးတစ်ယောက် တွေ့ရတယ်၊ ရုပ်ရည်ကတော့ အတော်ကလေး ချောတယ်"

ထိုစကားကြောင့် အနားမှာ ရှိနေသော ခင်မြရွှေက မျက်စောင်းတစ်ချက် စွေကြည့်သည်။

"ဆက်ပြောပါဦး"

"သူက အနားလာပြီး ပြောတယ်၊ 'ဒီအခန်းက လင်စုံမယားဖက် အိပ်လို့မရဘူး၊ ဒါပေမယ့် ထောက်ထားရမယ့်လူ ရှိနေလို့ ဘာမှတော့ မလုပ်ပါဘူး၊ ဒါပေမယ့် ဒီအခန်းထဲမှာတော့ ဆက်အိပ်ခွင့်မပေးဘူး၊ အပြင်ထွက်အိပ်ကြပေတော့'

လို့ ပြောပြီး အပြင်ပြန်ထွက်သွားတာပါပဲ၊ မနက်လင်းတော့မှသာ အခန်းအပြင်ဘက် ရောက်နေတော့တာပါပဲ"





ဟု ကျော်စွာက ပြောပြသည်။

"အင်း. . . မင်းရဲ့အိပ်မက်ကတော့ အတော်ကလေး ထူးဆန်းတာပဲ၊ တစ္ဆေမက ထောက်ထားရမယ့်သူ ရှိနေလို့ ဘာမှမလုပ်ဘူးလို့ ပြောတယ်၊ သူ ထောက်ထားရမယ့်သူက ဘယ်သူလဲ မသိဘူး"

ထိုအခါ စောထီးနှင့်ငမဲအောင်က မဆိုင်းမတွ ဝင်ပြောလေသည်။

"တခြားလူ ဟုတ်ပါ့မလား အဘရယ်၊ အဲဒီအခန်းထဲမှာ အိပ်တဲ့ဆရာ့ကို ပြောတာပဲ ဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်ကတော့ ကော်ဖီကို စိမ်ပြေနပြေ သောက်ရင်း ပြုံးနေသည်။

"ဒါထက် အဘကို ကြုံကြိုက်တုန်း မေးရဦးမယ်"

"ဘာမေးမှာလဲ မောင်ကျော်စွာရဲ့"

"တခြားမဟုတ်ပါဘူး. . . ဒီအိမ်ကြီးမှာ ဘာကြောင့် ဒီလို အခြောက်အလှန့်တွေ များနေရတာလဲဟင်"

"အများအားဖြင့်တော့ ကျောင်းတွေ ဘုရားတွေ အိမ်တွေမှာ အခြောက်အလှန့် အနှောင့်အယှက်တွေ ဖြစ်တယ်ဆိုတာ သာမန်တော့ မဟုတ်ပါဘူး၊ ဒီလိုဖြစ်နိုင်ဖို့ အကြောင်းနှစ်ချက် ရှိတယ်"

"ဘယ်လိုအကြောင်းတွေလဲ အဘ"

"တစ်ချက်က သစ်နဲ့ သက်ဆိုင်တဲ့အချက်ပဲ၊ သစ်မှာ မသုံးအပ်တဲ့သစ်တွေ ရှိတယ်၊ သစ်တံခါး၊ သစ်ညီနောင်၊ သစ်ကြိုးဆွဲချ၊ သစ်ဘီလူး၊ ကျတ်ဝင်တဲ့သစ်ပင်၊ သွေးစွန်းနေတဲ့သစ်ပင်မျိုးတွေကို နေအိမ် အဆောက်အဦးတွေမှာ မသိလို့ သုံးထားမိရင် ခိုက်တတ်တယ်၊ အဲဒီလို အခြောက်အလှန့် အနှောင့်အယှက်မျိုးတွေ ရှိတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်း ပြောပြသည့် သစ်အမျိုးအစားများမှာ သစ်တံခါး ဆိုသည်မှာ သစ်ပင်တစ်ပင်တည်းမှ တံခါးပေါက်သဖွယ် အလယ်မှာ အပေါက်ဖြစ်သောအပင်မျိုးဖြစ်သည်။

ထိုအပင်မျိုး သုံးမိပါက စီးပွားပျက်တတ်သည်၊

သစ်ညီနောင်ဆိုသည်မှာ အောက်ပင်စည်က တစ်ပင်တည်း ရှိပြီး အပေါ်မှာ နှစ်ပင်ယှဉ်တက်သွားသောအပင်မျိုးဖြစ်သည်။

ထိုသစ်မျိုးကို သုံးမိပါက လူကို နိုက်တတ်လေသည်။

သစ်ကြိုးဆွဲချဆိုသည်မှာ သစ်ပင်လှဲချလိုက်သည့်အခါ မြေပေါ်သို့ မကျဘဲ အခြားသစ်ပင်ပေါ်သို့သော်လည်းကောင်း၊ နွယ်ကြိုးပေါ် တင်နေ၍သော်လည်းကောင်း တွဲလောင်းကြီး ဖြစ်နေသောသစ်မျိုးဖြစ်သည်။

ထိုသစ်မျိုးကို အသုံးပြုမိပါက ထိုအိမ်မှာ နေသူတို့ အန္တရာယ်ဆိုးများနှင့် တွေ့ကြုံရပြီး တစ်ယောက်ပြီးတစ်ယောက် သေရလေသည်။

သစ်ဘီလူးဆိုသည်မှာ သစ်ပင်ကို ပိုင်းဖြတ်ချလိုက်လျှင် ဘီလူးရုပ် ဒါမှမဟုတ် ဘီလူးမျက်နှာမျိုး ပေါ်နေသောသစ်မျိုးဖြစ်သည်။

ထိုသစ်မျိုးကို သုံးမိသောအိမ်မှာ နေသူတို့မှာ အခြောက်အလှန့်ခံရပြီး တစ်ယောက်ပြီးတစ်ယောက် သေဆုံးတတ်ပေသည်။

ကျွတ်ဝင်နေသောသစ်ပင်မှာ မကောင်းဆိုးဝါးများ စွဲကပ်နေသည့်သစ်ပင်မျိုးဖြစ်သည်။

ထိုသစ်ပင်မျိုးကို သုံးထားမိပါက ထိုအိမ်မှာ မည်သူမှ မနေဝံ့အောင် အခြောက်အလှန့် ခံကြရလေသည်။

သွေးစွန်းနေသောသစ်ပင်ဆိုသည်မှာ ထိုသစ်ပင်ကို လှဲဖြတ်စဉ်





က သစ်ပင်ပိ၍ သေရသည်လည်းကောင်း၊ သစ်လုံးပိ၍ သေရသည်သော်လည်းကောင်း သွေးစွန်းခဲ့သောသစ်မျိုးဖြစ်သည်။

ထိုသစ်မျိုးကို သုံးမိပါက အန္တရာယ်ဆိုးနှင့် တွေ့ရပြီး အစိမ်းသေမျိုးဖြင့် သေရတတ်သည်။

ထိုသစ်များအပြင် အခြား လူကို ထိခိုက်စေတတ်သော သစ်အမျိုးအစားအချို့လည်း ကျန်နေသေးသည်။

ထိုသစ်အမျိုးအစားများကို လက်သမားများကလည်း မသိနိုင်ပေ၊ အိမ်ရှင်များလည်း မသိနိုင်ပေ။ နောက်ဆုံး သစ်ခွဲသူများပင် အားလုံးမသိနိုင်ပေ။

ထိုအကြောင်းကို အများဆုံး သိနိုင်သူက ထိုသစ်ပင်ကို လှဲဖြတ်သော အလုပ်သမားများသာဖြစ်သည်။

သို့သော်လည်း တောထဲမှာ သစ်လုံးတစ်လုံး ရဖို့ မလွယ်သောကြောင့် ထိုအကြောင်းကို ပြောလေ့မရှိပေ။ မကောင်းသူထိပ် ကောင်းသူထိပ် သဘောမျိုးဖြင့်သာ ထည့်ပေးလိုက်ကြလေသည်။

ရှေးအခါက နန်းတော်များ၊ ကျောင်းများ၊ ဘုရားတန်ဆောင်းများ၊ သူဌေးသူကြွယ်တို့၏နေအိမ်များ ဆောက်တော့မည်ဆိုလျှင် အသုံးပြုမည့်သစ်ကို အခြားသူထံမှ ဝယ်ယူလေ့ မရှိကြဘဲ ဘုရင့်အမိန့်ခံကာ ကိုယ်တိုင် အလုပ်သမားများ စေလွှတ်၍ စိတ်ကြိုက်သစ်လုံးများကို ခုတ်ယူကြလေသည်။

ထိုသို့ခုတ်ယူရာမှာလည်း လူယုံတော်များ၊ သစ်ပင်အကြောင်းနားလည်ကျွမ်းကျင်သူများကို ကြီးကြပ်သူအဖြစ် ထည့်ပေးလိုက်ပြီး စိတ်ချယုံကြည်ရသော အလုပ်သမားများနှင့်သာ ထုတ်ယူလေ့ရှိသည်။

သစ်ထုတ်ယူရာမှာလည်း သစ်ညီနောင် သစ်တံခါးဖို့သည်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်မလှဲခင်ကတည်းက မြင်သာသောသစ်ပင်များ ဖြစ်ပြီး ကြိုးဆွဲချ သစ်၊ သွေးစွန်းနေသောသစ်၊ သစ်ညှပ်၊ ကျတ်ဝင်နေသောသစ်၊ သစ်ဘီလူးတို့မှာ လှဲဖြတ်ပြီးနောက်မှ သိရသော သစ်အမျိုးအစားတို့ ဖြစ်ကြလေသည်။

"သစ်ပင်ကြောင့် သစ်သားကြောင့် အန္တရာယ်ဖြစ်စေနိုင်တဲ့ အချက်တွေက အများကြီး ရှိပါသေးတယ်၊ ဒါပေမယ့် ကျန်တာတွေက ဒီလောက်အရေးမကြီးလှတော့ပါဘူး"

"ဒါတွေကို မသိလို့ အိမ်မှာ သုံးထားမိတဲ့အခါ ခိုက်တယ်ဆိုတာကတော့ မှန်ပါပြီ၊ တကယ်လို့ သုံးထားပြီးရင်ကော ဖြေဖျောက်သွားအောင် လုပ်လို့မရဘူးလား အဘ"

"ရနိုင်ပါတယ်. . . ပရိတ်ရွတ်တာတို့ ပရိတ်ရေနဲ့ ပက်ဖြန်းတာတို့ ကျွမ်းကျင်တဲ့ဆရာတွေနဲ့ ပပျောက်အောင် လုပ်မယ်ဆိုရင် ရနိုင်ပါတယ်၊ အဲ. . . အစီအရင်နဲ့ လုပ်ထားတယ်ဆိုရင်တော့ တော်ရုံနဲ့ မရတော့ဘူး"

"အစီအရင်ဆိုတာ ဘယ်လိုမျိုးလဲ အဘ"

"စောစောက ပြောတဲ့နှစ်ချက်မှာ နောက်တစ်ချက်က အစီအရင်နဲ့ လုပ်ထားခဲ့လို့ အန္တရာယ်ဖြစ်စေတဲ့အချက်ပဲ၊ ဒီလိုအစီအရင်မျိုးကတော့ အောက်လမ်းဆရာတွေ စုန်းပယောဂ ပညာတတ်တဲ့လူတွေ ပန်းရံတွေ လက်သမားတွေက လုပ်လေ့ရှိကြတယ်"

"အောက်လမ်းဆရာတွေနဲ့ စုန်းပယောဂ ပညာတတ်ကျွမ်းသူတွေက လုပ်တယ်ဆိုတာကတော့ ဟုတ်ပါပြီ၊ ပန်းရံတွေ လက်သမားတွေဆိုတာ ဒီလိုပညာမျိုးမှ မတတ်ကြတာ. . . ဘယ်လိုလုပ်ကြသလဲ"

ကျော်စွာက သိချင်တာများကို ကြုံကြိုက်တုန်း တစ်ခုပြီးတစ်ခု





မေးလေရာ ဦးဇန်ကောင်းမှာ လက်ဖက်ရည်သောက်ချိန်ပင် မရရှာဘဲ ပြောပြနေရလေသည်။

"ပန်းရံလက်သမားတွေ လုပ်တယ်ဆိုတာ တချို့ကတော့ မသိလို့ အမှတ်တမဲ့ လုပ်မိတာ ရှိတယ်၊ တချို့ကတော့ အိမ်ရှင်နဲ့ မသင့်မြတ်လို့ တမင်လုပ်ထားခဲ့တာ ရှိတယ်၊ ဒီအဖြစ်မျိုးတွေကတော့ အများကြီး ရှိတာပါပဲ"

ဟု သူမှတ်သားထားသော အကြောင်းအရာအချို့ကို ပြောပြလေသည်။

ကျောက်ပန်းတောင်းဘက်တွင် တိုက်တစ်လုံး ဆောက်နေစဉ် ပန်းရံဆရာက တပည့်ဖြစ်သူ မဆလာ သွားယူနေသည်ကို စောင့်ရင်း အင်္ဂတေ မခြောက်သေးသောနံရံတွင် ဘီလူးရုပ်တစ်ရုပ် ရေးဆွဲခဲ့သည်။

ထိုအိမ်ပြီး၍ တက်ရောက်နေထိုင်သောအခါ မည်သူမှ မနေနိုင်အောင် ခြောက်လှန့်ခဲ့ရုံမက နောက်ဆုံး နေသူများ မနေနိုင်သောကြောင့် အိမ်ကို စွန့်ပြေးကြရသည်။

နောက်ပိုင်း အခြားသူများက ဝယ်ယူနေထိုင်ကြသော်လည်း ထိုကဲ့သို့အဖြစ်မျိုးများ ထပ်မံကြုံတွေ့ကြရသဖြင့် ပြေးကြရပြန်သည်။

နောက်ပိုင်း မည်သူမှ မနေဝံ့ကြတော့ပေ။

ကြည့်မြင်တိုင်ဘက်မှ အိမ်တစ်အိမ်ကို ဆောက်နေစဉ် ဆရာဖြစ်သူ မရှိခိုက် တပည့်ဖြစ်သူက ထုပ်တန်းထည့်မည့် သစ်သား၌ ဆောက်ဖြင့် တောက်တဲ့ရုပ် ရေးထွင်းလိုက်သည်။

သူ့အနေနှင့် မည်သည့်ရည်ရွယ်ချက်မျိုးမှ မရှိဘဲ အချိန်အားနေခိုက် ဝါသနာပါသော အရုပ်ထွင်းခြင်းကို ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။

သို့သော်လည်း ထိုအိမ်မှာ နေသမျှ မိသားစုများမှာ ပါသမျှ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားပျက်စီးခြင်းသို့ ရောက်ကြလေတော့သည်။

တစ်ဦးပြောင်းလာ၊ မွဲတေပြီး ပြေးရပြန်၊ နောက်တစ်ဦး တက်လာပြန်လျှင်လည်း မွဲတေပြီး ပြေးကြရာမှ နောက်ဆုံး ထိုအိမ်ပေါ်မှာ မည်သူမှ မနေဝံ့တော့ပေ။

နောက်ဆုံးနေမည့်အိမ်ရှင်များက ဆရာတစ်ယောက်ကို ခေါ်၍ ရှာဖွေတော့မှ တောက်တဲ့ရုပ်ကို တွေ့ရသဖြင့် ဖျက်ပစ်ရလေသည်။

နောက်ပိုင်းတော့ ထိုအဖြစ်မျိုး မဖြစ်တော့ပေ။

ဖျာပုံဘက်မှ အိမ်တစ်လုံး ဆောက်ရာတွင် ယက်မ အသုံးပြုမည့် သစ်သားမှာ အပေါက်ပါသဖြင့် သစ်သားကို အစားထိုးထည့်ရာ ပြောင်းပြန်ချွန်၍ ရိုက်မိသောကြောင့် နေသူတိုင်း မျက်စိကွယ် ကျိုးကန်းမှုများ ဖြစ်ပေါ်လေသည်။

ရန်ကုန်တွင် နေသော ရာထူးအဆင့်အတန်းကြီးသော လူတစ်ယောက် ငင်းတိုက်ဆောက်လုပ်နေစဉ် ပန်းရံနှင့် လက်သမားများကို ဆူပူကြိမ်းမောင်းပြီး မောက်မာစွာ ဆက်ဆံသောကြောင့် လက်သမားဆရာက သချိုင်းမှ လူသေထည့်သော တလားဖျဉ်ချပ်ကို ယူလာပြီး မျက်နှာကြက်မှာ တပ်ဆင်ပေးခဲ့လေသည်။ ထိုအိမ်၏မျက်နှာကြက်ရှိသောနေရာမှာ မိသားစုများ အနားယူသောအခန်းဖြစ်သည်။

ထိုအခန်းထဲမှာ နေမိသည်နှင့် ထိုအရာရှိကြီးမှာ အပြစ်တစ်ခုပေါ်ပြီး ရာထူးမှ ပြုတ်သွားရရှာသည်။

ထိုမျှမကသေးဘဲ ပြဿနာများ တစ်ခုပြီးတစ်ခု ပေါ်လာသောကြောင့် ရာထူးရှိစဉ်က ရှာဖွေထားသော ဥစ္စာပစ္စည်းများလည်း ပျက်စီးသွားလေသည်။

နောက်ပိုင်း ဆရာတော်တစ်ပါးကို ပင့်ပြီး ဆန်မန်းရေမန်းများ





ဖြင့် ရှာဖွေတော့မှ မျက်နှာကြက်မှာ ကပ်ထားသော တလားဖျဉ်ချပ်တို့ တွေ့ကြရသည်။

တလားဖျဉ်၏အတွင်းဘက်တွင် သေသူ၏အမည်၊ အသက် သေဆုံးသော နေ့စွဲရက်များပါ ပါလေသည်။

ထိုဖျဉ်ချပ်ကို ဖယ်ရှားပြီး အခြားဖျဉ်ချပ်ဖြင့် အစားထိုးပြီး ပရိတ်တော်များ ရွတ်ဆိုလိုက်တော့မှ ဘေးအန္တရာယ်များ ချုပ်ငြိမ်းသွားပြီး ချမ်းသာစွာ နေကြရသည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပဘက်မှ အရာရှိတစ်ဦးသည် ငင်း၏ဒရိုင်ဘာကို ဆူပူကြိမ်းမောင်းရုံမက အများရှေ့မှာ အရှက်ရအောင် ပြုလုပ်ခဲ့သောကြောင့် ကားဂိုဒေါင်ထဲမှ မြေအချို့ကို တူးပြီး သုသာန်မြေမှ မြေကို ယူ၍ ထိုအထဲမှာ မြှုပ်ထားခဲ့သည်။

ထိုသို့ပြုလုပ်ထားခဲ့ပြီးမှ အလုပ်ထွက်သွားလေသည်။ ထိုနောက်ပိုင်းမှာတော့ တစ်အိမ်လုံး မနေနိုင်အောင် ခြောက်လှန့်လေတော့သည်။

ညအချိန်ရောက်လာသောအခါ မကောင်းဆိုးဝါး နာနာဘာဝများ ရောက်လာပြီး ခြောက်လှန့်ကြသောကြောင့် အိမ်ရှင်များ မနေဝံ့ကြဘဲ ပြေးကြရသည်။

နောက်ဆုံး ဆရာတော်တစ်ပါး ပင့်ပြီး မဟာသမယသုတ် ရွတ်ဆိုပြီး ဆန်မန်းပေါက်ပေါက်ဖြင့် ရှာဖွေတော့မှ ထိုနေရာမှာ မကောင်းသောမြေပုပ် ရှိမှန်း သိကြရတော့သည်။

ထိုမြေများကို တူးဆွဖယ်ရှားပစ်တော့မှ အခြောက်အလှန့် အနှောင့်အယှက်များ ကင်းသွားပြီး ချမ်းသာစွာ နေကြရလေသည်။

မော်ကျွန်းနယ်ဘက်မှာ ရှိသော လယ်ပိုင်ရှင်တစ်ဦး၏ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တတော့ ကြောက်စရာအကောင်းဆုံး ဖြစ်သည်။ လယ်ကန်သင်းသာ ခြားပြီး စီးပွားပြိုင်ဘက်တစ်ဦးက ရှိနေပြီး တစ်ဦးနှင့်တစ်ဦး မုန်းမာန်ပွား နေကြသည်။

ထိုလယ်ပိုင်ရှင် နေအိမ်ဆောက်သောအခါ စီးပွားပြိုင်ဘက်က လက်သမားကို ငွေပေးပြီး စေခိုင်းခဲ့သောကြောင့် အလယ်ခေါင်တိုင်ကို ဇောက်ထိုးစိုက်ကာ ဆောက်ထားပေးခဲ့သည်။

ထိုအိမ်မှာ နေသည်နှင့် မိသားစုများ တစ်ယောက်ပြီးတစ် ယောက် သေကာ စီးပွားဥစ္စာများလည်း ကုန်းကောက်စရာ မရှိတော့ လောက်အောင် မွဲပြာကျသွားလေသည်။

နောက်ဆုံး မိတ်ဆွေတစ်ယောက်မှတဆင့် ဦးဇန်ကောင်းကို လာခေါ်သဖြင့် လိုက်သွားလေသည်။

ထိုအိမ်ရောက်သည်နှင့် တစ်စုံတစ်ခု မှားယွင်းနေကြောင်း သိရလေသည်။

ဦးဇန်ကောင်းက သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပင့်ဖိတ်သောအခါ နယ်ပိုင်ပုဂ္ဂိုလ် ကြွလာသည်။

ဦးဇန်ကောင်းက မေးကြည့်သောအခါ ကွင်းပိုင်ပုဂ္ဂိုလ်ကို မေးပါဟု ပြောသည်။

ကွင်းပိုင်ပုဂ္ဂိုလ်ကို မေးသောအခါ ရွာစောင့်နတ်ကို မေးပါဟု ပြောသည်။

ရွာစောင့်နတ်ကို ပင့်ဖိတ်ပြီး မေးကြည့်သောအခါ ၎င်းမှာ ပြော ခွင့်မရှိသဖြင့် အိမ်စောင့်နတ်ကို မေးကြည့်ပါဟု ပြောသွားလေသည်။

ထို့ကြောင့် အိမ်စောင့်နတ်ဖြစ်သော မင်းမဟာဂီရိနတ်ကို ပင့် ဖိတ်ပြီး မေးကြည့်တော့မှ အလယ်ခေါင်တိုင်ကို လက်ညှိုးထိုးပြသည်။





ထိုအခါမှ အဖြေကို သိရသဖြင့် လက်သမားများကို ခေါ်ယူပြီး ထိုတိုင်ကို ပြန်ဖြုတ်ကြသည်။

တိုင်ဖြုတ်ပြီး ကြည့်တော့မှ အရင်းနှင့်အဖျား ဇောက်ထိုးစိုက် ထားကြောင်း သိရလေသည်။

တိုင်မှာ ဖျဉ်းကတိုးသစ် အနှစ်သား ဖြစ်သည်က တစ်ကြောင်း၊ ရွှေကော်တိုက်ထားသည်မှာလည်း ချောမွေ့လှသည်က တစ်ကြောင်း ကြောင့် ရုတ်တရက် ကြည့်ရုံနှင့် အရင်းအဖျား မသိနိုင်ပေ။

"ဒီသစ်တိုင်ကို ဖျက်ဆီးပစ်လိုက်ရမလား ဆရာကြီး"

"မဖျက်ဆီးနဲ့ . . . ဒီနေရာမှာ ပြောင်းပြန်လှည့်ပြီး ပြန်သုံးရ မယ်၊ သေတဲ့လူတွေ အသက်ပြန်မရှင်လာနိုင်တော့ပေမယ့် ဆုံးရှုံးသွား တဲ့ ဥစ္စာပစ္စည်းတွေကတော့ ပြန်တက်လာလိမ့်မယ်"

ဟု ပြောကာ တိုင်ထိပ်တစ်နေရာမှာ လယ်တီဆရာတော်ကြီး ချီးမြှင့်ပေးခဲ့သော အနန္တရာယ်ကင်း စမတ်ဆိပ်တော်ကို ရေးထွင်းစေ သည်။ ထိုအောက်မှာ . . .

"ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံမင်္ဂလ မုတ္တမံ"
ဟူသောဂါထာတော်ကို ရေးသည်။
ထိုအောက်ဖက်နေရာမှာတော့ . . .
"ပြုသူထံ ပြန်စေ"

ဟူသောစာများကို ရေးထွင်းစေပြီး ထိုတိုင်ကိုပင် ပြန်သုံးလိုက် လေသည်။ ထိုအခါ အခြေအနေမှာ သိသိသာသာကြီး ပြောင်းလဲသွား လေသည်။ အခြားမဟုတ်ပေ . . .။

ယခင် စီးပွားပျက်ခဲ့သောလယ်ရှင်မှာ စီးပွားဥစ္စာများ ထိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြီး ၎င်းတို့ကို မကောင်းကြံစည်ခဲ့သည့် လယ်သမားမှာ တစ်နေ့တခြား စီးပွားပျက်စီးသွားပြီး နောက်ဆုံး ထိုအရပ်မှာပင် မနေနိုင်တော့ဘဲ ရှိသမျှ လယ်မြေနှင့်ပစ္စည်းများကို ရောင်းချပြီး အဝေးသို့ ပြောင်းပြေးရလေတော့သည်။

"အဘ ပြောမှပဲ ဒီအကြောင်းတွေက အတော့်ကို ကြောက်စရာကောင်းတာပေါ့နော်"

"ဒါပေါ့ မောင်ကျော်စွာရယ်၊ လူတွေက မသိလို့သာ မကြောက်ကြတာ၊ သိရင်တော့ ကြောက်စရာချည်းပေါ့။ နေအိမ်တစ်လုံး အသစ်ဆောက်တာပဲဖြစ်ဖြစ် အဟောင်းဝယ်နေတာပဲဖြစ်ဖြစ် စင်းလုံးချော အဖြစ်ကင်းဖို့ဆိုတာတော့ မလွယ်လှဘူးပေါ့။ အဲ. . . နည်းနည်းရှိတာနဲ့ များများရှိတာချင်း ကွာသလို အကျိုးပေးတာချင်းလည်း ကွာမှာပေါ့"

ဦးပန်ကောင်းက စကားကို လက်စသတ်လိုက်ပြီး ကွမ်းယာတစ်ယာကို ယာပြီး ပါးစပ်ထဲသို့ ထည့်ကာ ဝါးနေသည်။

"ဒါဖြင့် ဒီအိမ်ကြီးမှာလည်း ဒီလိုအနှောင့်အယှက်မျိုးတွေ ရှိနေမှာ အမှန်ပဲပေါ့နော်"

"အခုလို ဖြစ်နေတာတွေက သာမန်ဖြစ်နေကျ မဟုတ်မှန်းတော့ သိသာပါတယ်၊ ဘာကြောင့် ဖြစ်နေတယ်ဆိုတာကတော့ တဖြည်းဖြည်း အဖြေရှာယူရမှာပေါ့"

ဟု ပြောဆိုကာ နံနက်ပိုင်း အစားအသောက် စားသောက်ခြင်းများကို လက်စသတ်လိုက်ကြလေသည်။





# အခန်း(၈)

# ဝိညာဉ်တစ်ယောက်၏သံယောဇဉ်

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ မနောသုခ စံအိမ်သို့ ရောက်ခဲ့ကြပြီး တစ်ပတ်ခန့် ကြာသည်အထိတော့ ဆိုးဆိုးဝါးဝါး ခြောက်လှန့်မှုမျိုးတော့ မတွေ့ရပေ။ နောက်ရက်များမှာတော့ ကျော်စွာတို့လင်မယားနှစ်ယောက်က ပြန်သွားပြီဖြစ်သောကြောင့် လေးယောက်သာ ကျန်ခဲ့လေသည်။

ထုံးစံအတိုင်း စောထီးနှင့်ငမဲအောင်တို့က အောက်ထပ်မှာ နေကြပြီး ဒေါက်တာမင်းထင်ကျော်နှင့် ဦးပန်ကောင်းတို့ နှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ နေကြသည်။

ဦးဇန်ကောင်းက ဘုရားခန်းမှာ နေပြီး ဒေါက်တာမင်းထင်ကျော်ကတော့ မြသင်းကြူအခန်းမှာ နေလေသည်။

တစ်ညမှာတော့ ပြတင်းပေါက်တံခါးကို ဖွင့်ထားပြီး အပြင်ဘက်သို့ လှမ်းကြည့်နေစဉ် သစ်ပင်ရိပ်များ ရှိသည့် အိမ်အနောက်ဘက်ဆီမှ ထူးခြားမှုကို လှမ်းမြင်ရသည်။

ထို့ကြောင့် နံရံမှာ ကွယ်နေပြီး အခြေအနေကို လှမ်းကြည့်နေလေသည်။

ထိုမည်းမည်းသဏ္ဌာန်သည် သစ်ပင်ရိပ်များကို ကွယ်ပြီး ခြံဝန်းအတွင်းသို့ ဝင်လာပြီးနောက် ဒေါက်တာမင်းထင်ကျော် ရှိနေသောအခန်းနှင့် နီးသောနေရာသို့ ရောက်သောအခါ ရပ်တန့်သွားသည်။

ပြတင်းပေါက် ဖွင့်ထားသောအခန်းရှိရာသို့ အကဲခတ်သည့်သဘောဖြင့် လှမ်းကြည့်နေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အောက်ဖက်မှာ ရှိနေသောသဏ္ဌာန်ကို မြင်ရလိုမြင်ရငြား မသိမသာ ငုံ့ကြည့်သော်လည်း သစ်ပင်ရိပ်များ ကွယ်နေသောကြောင့် မမြင်ရပေ။ အတန်ကြာတော့ ထိုသဏ္ဌာန်သည် အိမ်ကြီး၏အနောက်ဘက်သို့ လျှောက်သွားသည်ကို လှမ်းမြင်ရလေသည်။

"စောစောက တွေ့လိုက်ရတဲ့သဏ္ဌာန်က ပရလောကသားတစ်ယောက်တော့ မဟုတ်တာ အမှန်ပဲ၊ နောက်ပြီး မိန်းမတစ်ယောက်ရဲ့ပုံသဏ္ဌာန်မျိုးပဲ၊ ဒီအိမ်မှာလည်း ငါတို့ကလွဲပြီး တခြားလူ မရှိပါဘူး၊ အချိန်မတော်ကြီး ဘယ်က မိန်းမများ ဒီခြံထဲ ဝင်လာသလဲ မသိဘူး"

ဟု တွေးလိုက်သည်။





ထို့နောက်မှာတော့ ဘာမှထူးခြားမှု မတွေ့ရတော့ပေ။ ဒေါက်တာမင်းထင်ကျော်မှာ ညဦးပိုင်း တစ်ချိန်လုံး အိပ်မပျော်ဘဲ ရှိနေရာမှ သန်းခေါင်ယံ ကျော်တော့မှ မှေးကနဲ အိပ်ပျော်သွားသည်။

ထိုသို့အိပ်ပျော်သွားပြီးမှ နားထဲမှာ အသံတစ်ခုကို ကြားလိုက်ရသဖြင့် ပြန်နိုးလာသည်။

အသံကြားရသည်မှာ အခြားမဟုတ်ပေ။

တံခါးရွက် ပွင့်သွားသည်မှ ကျွိကနဲ ပေါ်ထွက်လာသောအသံဖြစ်သည်။

တံခါးက စေ့ရုံသာ စေ့ထားသောကြောင့် အလွယ်တကူ ပွင့်သွားခြင်းဖြစ်သည်။

ပထမတော့ လေတိုးသဖြင့် ပွင့်သွားသည် ထင်သဖြင့် အိပ်ယာမှ မထသေးဘဲ အပေါက်ဝသို့ လှမ်းကြည့်နေသည်။ တံခါးပွင့်သွားခြင်းမှာ လေတိုက်၍မဟုတ်ပေ။ အပြင်မှ တစ်စုံတစ်ယောက် တွန်းဖွင့်လိုက်သဖြင့် ပွင့်သွားခြင်ဖြစ်သည်။

အတန်ကြာတော့ ခန်းစည်းစကလေး လှုပ်သွားပြီး အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။

မျက်နှာကို ပုဝါဖြင့် ဖုံးအုပ်ကွယ်ထားသော အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

ထိုအမျိုးသမီး အခန်းထဲ ဝင်လာသောအခါ ဒေါက်တာမင်းထင်ကျော်က မျက်စိကို မှိတ်ကာ အိပ်ပျော်ဟန် ဆောင်နေလိုက်သည်။

အခန်းထဲမှာ မီးရောင်မှိန်မှိန်ကလေး ရှိသောကြောင့် အတန်အသင့် မြင်နိုင်လေသည်။

ထိုအမျိုးသမီးက ဒေါက်တာမင်းထင်ကျော်မျက်နှာကို အ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာအောင် ကြည့်နေပြီးမှ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ထိုအခါမှ နေရာမှ ကပျာကယာ ထပြီး အခန်းအပြင်သို့ ထွက်ကြည့်သောအခါ လှေခါးမှ အောက်သို့ ဆင်းသွားသည်ကိုသာ ရိပ်ကနဲ လှမ်းမြင်လိုက်ရသည်။

စိတ်ထဲမှာ မသင်္ကာသဖြင့် လက်နှိပ်မီးကို ယူ၍ နောက်မှ လိုက်သွားပြီး လှေခါးထိပ်မှ မီးရောင်ဖြင့် ထိုးကြည့်သောအခါ အောက်ထပ်မှာ ဘယ်သူမှ မတွေ့ရတော့ပေ။

ထိုညမှာ မအိပ်တော့ဘဲ စောင့်ကြည့်သော်လည်း အခြေအနေကတော့ မထူးတော့ပေ။

နောက်တစ်နေ့မနက်ပိုင်းမှာတော့ နံနက်စာ စားပြီးသည်နှင့် စက်ဘီးများ ငှားကာ အင်းဝတစ်ကြော၌ ရှိသော နာမည်ကျော်ကြားခဲ့သောနေရာများကို လိုက်လံကြည့်ရှုကြလေသည်။

အင်းဝတကြောမှာတော့ မယ်နုအုတ်ကျောင်းမှော်စင် စရည်းပင် ဟံသာဝတီပါမင်း တည်ခဲ့သော ဘုရားကြီးလေးကြီးဟု ခေါ်သော ကျောက်တော်ကြီးဘုရား၊ လေးထပ်ကြီးဘုရား ရွှေကျောင်းကြီးတို့အပြင် ဗားမဲ့ဆရာတော်ကြီး သီတင်းသုံးခဲ့သော ဗားမဲ့ကျောင်းတော်ကြီးကိုပါ ရောက်ခဲ့လေသည်။

ဗားမဲ့ကျောင်း ရောက်သောအခါ ဦးဇန်ကောင်းက အချိန်အတော်ကြာအောင် ကြည့်ရှုလေ့လာလေသည်။ မြန်မာသက္ကရာဇ် (၈၀၀)ကျော် (၉၀၀)ပတ်ဝန်းကျင်အချိန် အင်းဝခေတ် ထွန်းကားစဉ်ကာလ အင်းဝ၌ ဗားလေးပါးအမည်ဖြင့် ဆရာတော်လေးပါး ပေါ်ထွန်းခဲ့သည်။

တောင်တွင်းကြီးတွင် ပေလေးပင် ရှင်လေးပါးအမည်ကို လူသိများသလို အင်းဝမှာလည်း ဗားမဲ့ဆရာတော်ကြီးအပါအဝင် ဗားလေးပါးဟု ကျော်ကြားခဲ့သော ဆရာတော်များကို မသိသူ မရှိသလောက် ထင်ရှားခဲ့လေသည်။

ဎင်းဆရာတော်လေးပါးမှာ. . .

(၁) ဗားမဲ့ဆရာတော်၊ (၂) ဗားမြိုက်ဆရာတော်၊ (၃) ဗားတမွတ် ဆရာတော်၊ (၄) ဗားတမော့ဆရာတော်တို့ ဖြစ်သည်။

ထိုကဲ့သို့ လေးပါးရှိသော်လည်း ဗားမဲ့ဆရာတော်ကြီးကိုသာ လူသိများခဲ့လေသည်။

ဗားမဲ့ဆရာတော်ကို သက္ကရာဇ်(၈၈၄)ခုနှစ်တွင် ရာမညတိုင်း (မွန်ပြည်)တွင် ဖွားမြင်ခဲ့သည်။

ငယ်စဉ်ကတည်းကပင် အထုံပါရမီ ပါခဲ့သဖြင့် ဝိဇ္ဇာယာနလောကီပညာရပ်များကို များစွာဝါသနာပါခဲ့လေသည်။ ဟံသာဝတီငါးဆူဒါယကာမင်းလက်ထက်တွင် ဆရာတော်၏ဘုန်းကံ ပါရမီကြောင့် ဟံသာဝတီမြစ်အတွင်းမှ မိကျောင်းတစ်ကောင် ကိုက်ချီယူလာပေးသော ကြေးပုရပိုဒ်တစ်ဆူကို လက်ခံရခဲ့လေသည်။

ထိုကြေးပုရပိုဒ်တွင် တန္တယာန၊ မန္တရယာန၊ ဝိဇ္ဇာယာန ပညာရပ်များဖြစ်သော အင်း အိုင် ခလဲ့ လက်ဖွဲ့ မန္တာန် ယတြာ ဓါတ်ဆင် ဓါတ်ရိုက် အစီအရင်ပညာရပ်များ ပါလေသည်။

ထိုကြေးပုရပိုဒ်မှာ ပါသောပညာရပ်များကို လေ့လာဆည်းပူးသောကြောင့် ဗားမဲ့ဆရာတော်မှာ လောကီအစီအရင်မှာ တဖက်ကမ်းခတ် တတ်မြောက်ခဲ့ပေသည်။

သက္ကရာဇ်(၉၅၅)ခုနှစ်တွင် ဟံသာဝတီ ငါးဆူဒါယကာမင်းက ဗားမဲ့ဆရာတော်အား သာသနာတော်အတွက် မလုပ်ဘဲ လောကီအစီ







www.burmeseclassic.com

www.burmeseclassic.com



အရင်များသာ လုပ်နေသဖြင့် အလိုမကျသောကြောင့် ဆရာတော်အား ညောင်ရမ်းသို့ ပို့လိုက်လေသည်။

ညောင်ရမ်းမြို့သို့ ရောက်သောအခါ ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ် ခေါ် မောင်သစ္စာဆိုသူက ဆရာတော်အား ကိုးကွယ်ဆည်းကပ်ခဲ့လေသည်။

မောင်သစ္စာမှာ ဘုရင့်နောင် ခေါ် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏သားတော်အငယ်ဖြစ်ပြီး မမျှော်လင့်ဘဲ ဗားမဲ့ဆရာတော်ကို အနီးကပ် ကိုးကွယ်ခွင့် ရခဲ့သဖြင့် ၎င်းအတွက်လည်း များစွာ ကံကောင်းခဲ့သည်ဟု ဆိုရပေမည်။

ဗားမဲ့ဆရာတော်သည် ညောင်ရမ်းမြို့စား မောင်သစ္စာအား လောကီပညာ အစီအရင်များကို သင်ကြားပေးခဲ့လေသည်။ ထို့ပြင် သူ့အတွက် အဓိက ရွတ်ဆိုရမည့် 'အောင်ခြင်းရှစ်ပါးအချုပ် မန္တန်' (၂)ဂါထာလည်း ပါဝင်လေသည်။

ဆရာတော် သင်ကြားပေးသော ထိုဂါထာ(၂)ပုဒ်ကို နေ့စဉ်ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရာ သက္ကရာဇ်(၉၅၉)ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိခဲ့ကာ အင်းဝနိုင်ငံတော်ကိုလည်း အသစ်တစ်ဖန် ပြန်လည်ထူထောင်နိုင်ခဲ့ပေသည်။

သမိုင်းတွင် ညောင်ရမ်းမင်းတရားကြီးအမည်ဖြင့် ထင်ရှားကျော်ကြားခဲ့ပေသည်။

ညောင်ရမ်းမင်းတရားကြီးမှာ ဒုတိယ အင်းဝခေတ်ဟု ခေါ်ရမည့် ညောင်ရမ်းခေတ် ညောင်ရမ်းဆက်ကို တည်ထောင်နိုင်ခဲ့သူဖြစ်သည်။

ညောင်ရမ်းမင်းဆက်ကို အောင်မြင်အောင် တည်ထောင်နိုင်





သည်သာမက မြန်မာ့သမိုင်းတွင် အောင်မြင်ကျော်ကြားသော ဘုရင်တစ်ပါးအဖြစ် ထင်ရှားခဲ့လေသည်။

ထိုကဲ့သို့ ထင်ရှားလာရခြင်းအကြောင်းများထဲတွင် ဗားမဲ့ဆရာတော်ကြီး၏ဝိဇ္ဇာယာန လောကီပညာ အစီအရင်များလည်း အကြောင်းတစ်ရပ်အနေနှင့် ပါဝင်ခဲ့ပေသည်။

ညောင်ရမ်းမင်းတရားကြီးက ဗားမဲ့ဆရာတော်ကြီး သီတင်းသုံးရန်အတွက် အင်းဝတွင် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ရာမှ ဗားမဲ့ကျောင်းတော်ကြီးဟု ထင်ရှားခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်တို့သည် အင်းဝတကြော လှည့်လည်ကြည့်ရှုကြပြီးမှ မနောသုခစံအိမ်သို့ ပြန်ခဲ့ကြသည်။

ထိုသို့ပြန်လာစဉ် စောထီးနှင့်ငမဲအောင်တို့က ပြောသည်။

"ညသန်းခေါင်ကျော်အချိန်လောက်က အပေါ်ထပ်ကို အမျိုးသမီးတစ်ဦး တက်သွားတာ တွေ့လိုက်ရတယ်၊ တစ္ဆေလားတော့ မသိဘူး"

"အဲဒီတစ္ဆေမက ဆရာ့အခန်းကို ရောက်လာသေးလား"

"တွေ့တော့ တွေ့လိုက်တယ်၊ တစ္ဆေလား လူလားတော့ မသဲကွဲဘူး၊ တကယ်လို့ နောက်ညတွေမှာလည်း သူ့ကို တွေ့ရင် ဒီအတိုင်းသာ ကြည့်နေလိုက်ကြ"

ဟု မှာထားလေသည်။

နေအိမ်သို့ ပြန်ရောက်သောအခါ စောထီးနှင့်ငမဲအောင်တို့က စားသောက်စရာများ စီစဉ်နေကြစဉ် ဦးဇန်ကောင်းက ဘုရားခန်း ဝင်သွားလေသည်။

အခန်းထဲ ပြန်ရောက်သောအခါ ထူးခြားမှုကို သတိပြုမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခြားမဟုတ်ပေ. . . ။

မနက်က အိပ်ယာထစဉ်က ဒီအတိုင်း ထားခဲ့သော အိပ်ယာမှာ သပ်သပ်ရပ်ရပ် ဖြစ်နေလေသည်။

အိပ်ယာခင်းကို ပြန်ခင်းထားပြီး ခြင်ထောင်ကို အပေါ်သို့ မ,တင်ထားသည်။

ဒီအတိုင်း ပုံထားခဲ့သောစောင်က ကုတင်ခြေရင်းမှာ ခေါက်လျက်သားအတိုင်း သပ်သပ်ရပ်ရပ် ဖြစ်နေသည်။ ဒေါက်တာမင်းထင်ကျော်က ထူးခြားနေသောအိပ်ယာကို ဇဝေဇဝါဖြင့် ကြည့်နေသည်။

ထိုသို့ကြည့်နေရင်း ထူးခြားမှုတစ်ခုကို သတိပြုမိသွားလေသည်။

အခြားမဟုတ်ပေ။

သူအိပ်သော ခေါင်းအုံးနံဘေး၌ အခြားခေါင်းအုံးတစ်လုံး ယှဉ်လျက်သား ရောက်နေခြင်းဖြစ်သည်။

စောင်တစ်ထည်လည်း ခြေရင်းဘက်မှာ အပိုရှိနေလေသည်။

"ဒီအိပ်ယာကို ဘယ်သူ လာပြင်ထားတာပါလိမ့်၊ ငါ မနက်က အိပ်ယာက ထတော့ အိပ်ယာမသိမ်းဘဲ ဒီအတိုင်း ထားခဲ့တာ မှတ်မိပါတယ်၊ နောက်ပြီး ငါအိပ်တဲ့ခေါင်းအုံးနံဘေးမှာ အခြားခေါင်းအုံးတစ်လုံးလည်း ရောက်နေတယ်၊ ဘယ်သူ လာထားသွားတာလဲ၊ စောထီးနဲ့ငမဲအောင်တို့များ ငါမသိခင် လာပြင်ထားရော့သလား၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ သူတို့နှစ်ယောက်စလုံး ငါနဲ့ အတူတူ လိုက်လာတာပဲ"

ဟု တွေးရင်း ထူးဆန်းသည်ဟုတော့ စိတ်ထဲမှာ ထင်နေမိသည်။





သို့ကြောင့် ထိုအိပ်ယာအနေအထားကို မပြင်ဘဲ ဒီအတိုင်းပင် ထားလိုက်လေသည်။

ညဦးပိုင်းအချိန်မှာတော့ လေးယောက်စလုံး အောက်ထပ်မှာ ရှိနေပြီး အတော်ညဥ့်နက်တော့မှ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

အခန်းပေါက်ဝသို့ ရောက်ပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သောအခါ ဦးစွာ သူထွန်းထားခဲ့သည့်မီးအိမ်မှ မီးစာကို လျှော့ချထားသောကြောင့် အလင်းရောင် မှိန်နေသည်ကို အရင်တွေ့ရသည်။

အခန်းတွင်းမှာ သင်းပျံ့သောရနံ့တစ်မျိုးလည်း ရှိနေသည်။ ကုတင်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ ခြင်ထောင်မှာ ချလျက်သား တွေ့ရပြီး ကုတင်ပေါ်မှာ လူတစ်ယောက် ရှိနေလေသည်။

"ဟင်. . . "

မီးရောင်မှိန်နေပြီး ပြတင်းပေါက်မှ ဝင်နေသောလေကြောင့် ဇာခြင်ထောင်က တလှုပ်လှုပ် ဖြစ်နေသော်လည်း ခြင်ထောင်ထဲမှ သဏ္ဌာန်ကိုတော့ ကောင်းစွာမြင်နေရသည်။

လှဲအိပ်နေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး တစ်ဖက်သို့ စောင်းအိပ်နေခြင်းဖြစ်သည်။

စံပယ်ပန်းများကို ပန်ထားပြီး ဆံပင်ရှည်များကို တစ်ပတ်လျှို ထုံးပြီး ခေါင်းအုံးပေါ် တင်ထားသည်။ အရွယ်က အသက်နှစ်ဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး ကိုယ်လုံးကိုယ်ထည် အချိုးကျသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

"ဒီအိမ်ရောက်တာ တစ်ပတ်ကျော်ပြီ၊ အခုမှ မြသင်းကြူ ဆိုတဲ့ အမျိုးသမီးက စခြောက်တာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိပြီး ကုတင်အနီးသို့ လျှောက်သွားသည်။

ကုတင်နားရောက်တော့ လေတိုက်သကဲ့သို့ ခြင်ထောင်လှုပ်သွားပြီး ကုတင်ပေါ်မှာ ဘယ်သူမှ မရှိတော့ပေ။ ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားသဖြင့် တစ်ချက်ပြုံးလိုက်သည်။

"မင်းက အခုမှ လာခြောက်ပေမယ့် ငါက ဒီအိမ်ပေါ် ရောက်စကတည်းက မင်း ဒီမှာရှိနေမှန်း သိပါတယ်၊ မင်း ဘယ်လိုပဲ ခြောက်ခြောက် မကြောက်ပါဘူး"

ဟု ရေရွတ်လိုက်ပြီး ခြင်ထောင်ကို မ,ပြီး အတွင်းသို့ ဝင်လိုက်သည်။

ခြင်ထောင်ထဲမှာ စံပယ်ပန်းရနံ့များ ရှိနေသည်ကတော့ အံ့ဩစရာကောင်းလှပေသည်။

ထိုညက တစ်ညလုံး ကောင်းစွာအိပ်မပျော်ပေ။

စိတ်ထဲ၌ မိမိအိပ်ယာပေါ်မှာ တစ်စုံတစ်ယောက် ရှိနေသည်ဟု ခံစားနေသဖြင့် စိတ်ချလက်ချ မရှိဘဲ ဖြစ်နေသည်။

မှေးကနဲ အိပ်ပျော်သွားစဉ်မှာလည်း မိမိနောက်ကျောဘက်မှ တစ်စုံတစ်ယောက်နှင့် ထိတွေ့လိုက်သဖြင့် ပြန်နိုးလာသည်။

လက်ဖြင့် နောက်ပြန်စမ်းကြည့်တော့လည်း ဘာမှမရှိပြန်ပေ။

ဤသို့ဖြင့် တစ်ညလုံး အိပ်မရဘဲ ရှိနေရာမှ အရုဏ်တက်ချိန်ရောက်တော့မှ အနှောင့်အယှက် ကင်းသွားပြီး အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း ရောက်သောအခါ ခြင်ထောင်ကိုသာ အပေါ်သို့ မ,တင်ခဲ့ပြီး စောင်နှင့်ခေါင်းအုံးများကိုတော့ ဒီအတိုင်းထားခဲ့လေသည်။





တစ်နေ့လုံး အခြားလုပ်စရာရှိသောအလုပ်များ လုပ်နေပြီး ညနေ့နက်ပိုင်း ရောက်မှ အပေါ်ထပ်သို့ ပြန်တက်သွားသည်။ တစ်နေ့လုံး အောက်မှာပင် ရှိနေသောကြောင့် အခန်းထဲမှာ ရှိသော မီးအိမ်ကိုပင် မီးမထွန်းရသေးပေ။ သို့သော်လည်း လှေခါးထိပ် ရောက်သောအခါ သူနေသောအခန်းဘက်မှ မီးရောင်အချို့ကို လှမ်းမြင်ရသည်။ ပထမတော့ ဘုရားခန်းဘက်မှ မီးရောင်လေလားဟု ထင်လိုက်မိသည်။

သို့သော် မဟုတ်ပေ။

မီးရောင်က သူနေသောအခန်းတွင်းမှ ထွက်နေခြင်းဖြစ်သည်။

"ငါ့အခန်းထဲမှာ မီးရောင်တွေဘာတွေ ရှိနေပါလား၊ ဘယ်သူများ လာထွန်းပေးထားတာလဲ မသိဘူး"

ဟု စဉ်းစားရင်း အခန်းရှိရာဘက်သို့ တဖြေးဖြေး လျှောက်လာသည်။

အခန်းပေါက်ဝ ရောက်တော့ သင်းပျံ့သော စံပယ်ပန်းရနံ့တို့ အရင်ရသည်။

စေ့ထားသောတံခါးမှ အတွင်းသို့ ကြည့်လိုက်သောအခါ မနေ့ညက မြင်ရသည့်အတိုင်း အိပ်ယာကို အကျအန ပြင်ဆင်ထားသည်တို့ လှမ်းမြင်ရသည်။

ခြင်ထောင်ချထားပြီး စောင်၊ အိပ်ယာခင်း၊ ခေါင်းအုံး စသည်တို့အပြင် ဖက်လုံးကိုပါ သူ့နေရာနှင့်သူ ချထားသည်။ သေချာသွားပြီ။ သူ့အိပ်ယာကို တစ်စုံတစ်ယောက်က လာရောက်ပြင်ဆင်ပေးနေသည်ကတော့ သေချာနေပြီ။

မနက်က သူတင်ထားခဲ့သောခြင်ထောင် အောက်သို့ ကျနေသည်မှာ ပြတင်းပေါက်မှ လေတိုက်သောကြောင့် ဖြစ်နိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာပြင်ဆင်ထားပုံကတော့ ထူးခြားသည်။ တစ်စုံတစ်ယောက်က ပြင်မပေးဘဲနှင့်တော့ ထိုကဲ့သို့ ကျကျနန ဖြစ်မနေနိုင်ပေ။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ညဘက်တွင် တွေ့ရသော အမျိုးသမီးကို သတိရမိလေသည်။

ထိုအမျိုးသမီးများ ဖြစ်လေမလား။

ထို့နောက်မှာတော့ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အခန်းတွင်းသို့ ဝင်သွားလေသည်။

မနီးမဝေးနေရာ ရောက်သောအခါ ကုတင်ပေါ်မှာ တစ်ဖက်သို့ စောင်းအိပ်နေသည့် အမျိုးသမီးတစ်ယောက်၏ပုံရိပ်ကို ဝိုးတဝါး မြင်ရသည်။

အနီးရောက်သွားသောအခါ မတွေ့ရပြန်ပေ။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခြင်ထောင်ကို အသာမ, ပြီး အတွင်းသို့ ဝင်လိုက်သည်။

သူ့ခေါင်းအုံးနှင့် ဘေးချင်းယှဉ်ချထားသော ခေါင်းအုံးပေါ်မှာ ဘယ်သူမှ မတွေ့ရသော်လည်း အနေအထား ကြည့်ရသည်မှာ တစ်စုံတစ်ယောက် ဝင်အိပ်နေသည့်ပုံမျိုးတော့ ပေါ်နေသည်။

စံပယ်ပန်းရနံ့ကလည်း သင်းသင်းလေး မွှေးနေသည်။ တစ်ဖက်သို့ မျက်နှာလှည့်ပြီး အိပ်ယာပေါ်သို့ လှဲချလိုက်သောအခါ အသားချင်း မထိသော်လည်း မိမိနောက်ဖက်မှာ တစ်စုံတစ်ယောက် ရှိနေမှန်းတော့ စိတ်ထဲမှ အလိုလို သိနေသည်။

ထို့ထက်ပို၍ နှောင့်ယှက်ခြင်းလည်း မရှိသောကြောင့် ညဦးနက်ပိုင်း ရောက်သောအခါ အိပ်ပျော်သွားလေသည်။

ထိုအခါမှ အိပ်မက်ထဲမှာ အမျိုးသမီးတစ်ယောက်ကို တွေ့ခွင့်





ရလေသည်။

ထိုအမျိုးသမီးက ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးထားပြီး စံပယ်ပန်းများကို ဝေနေအောင် ပန်ထားသည်။

သူအိပ်နေသောနံဘေးမှာ ကျုံ့ကျုံ့လေး ထိုင်ပြီး သူ့မျက်နှာကို ငုံ့ကြည့်နေသည်။

“မင်းဘယ်သူလဲ”

“မြသင်းကြူပါ”

“ဘာကြောင့် ငါ့ကို နှောင့်ယှက်နေတာလဲ”

“ကျွန်မ မနှောင့်ယှက်ပါဘူး၊ အစ်ကို့ကို သဘောကျနေလို့ ကျွန်မအခန်းထဲမှာ နေခွင့်ပေးထားတာလေ”

“ဒါထက် ဒီအခန်းက လင်စုံမယားဖက် နေမရဘူးဆို”

“အစ်ကိုနဲ့ကျွန်မက လင်မယားမှ မဖြစ်သေးတာ၊ ကျွန်မ ပိုင်တဲ့ အခန်းထဲမှာ ကျွန်မ သဘောကျရင် ဘယ်သူမှ မနှောင့်ယှက်နိုင်ပါဘူး”

“ဒါထက် ဒီအိမ်ကြီးမှာ နှောင့်ယှက်နေတဲ့ အနှောင့်အယှက်တွေကိုရော မင်းသိသလား”

ခေါင်းညိတ်ပြသည်။

“ပြောပြပါလား”

“အခုတော့ ပြောလို့ မဖြစ်သေးဘူး၊ အစ်ကို ဒီမှာ အမြဲနေမယ်ဆိုရင်တော့ ပြောပြပါ့မယ်”

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို ဆက်မမေးတော့ပေ။

“ဒါထက် လူ့ဘဝတုန်းက မင်းမှာ ချစ်သူရှိတယ် မဟုတ်လား”

ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူရော အခု ဘယ်မှာလဲ"

"ဒီနားတစ်ဝိုက်မှာပဲ ရှိပါတယ်"

"သူက မင်း ဒီလိုနေတာ သဘောကျပါ့မလား"

"သူနဲ့ကျွန်မနဲ့က ဘဝခြားသွားပါပြီ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်ပင် အံ့ဩသွားလေသည်။

မြသင်းကြူက သူ့ကို မည်သို့မှ အနှောင့်အယှက် မပေးဘဲ ထိုင်ကြည့်ရုံ ကြည့်နေသောကြောင့် စိတ်ထဲမှာ မထူးခြားသကဲ့သို့ ဖြစ်လာပြီး နောက်တော့ အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ ထိုအကြောင်းကို ဦးဗန်ကောင်းအား ပြောပြလိုက်သည်။

"ဒါကြောင့် ဒီအိမ်ရှောက်ကတည်းက အခြောက်အလှန့် သိပ်မတွေ့ရသေးတာကိုး၊ လက်စသတ်တော့ ဒီအိမ်မှာ သေသွားတဲ့အမျိုးသမီးက မောင်ထင်ကျော်ကို သဘောကျနေတာကိုး"

"သနားစရာတော့ ကောင်းတယ်၊ ဘယ်လိုလုပ်ရရင် ကောင်းမလဲ အဘ"

"ဒီအတိုင်း နေလို့တော့ မရဘူး၊ သူ့ဆီက တစ်ခုခု သိရအောင်တော့ လုပ်ရမယ်၊ ဒီတော့ ဒီည မောင်ထင်ကျော် လည်ပင်းမှာ ဆေးနဲ့စီရင်ထားတဲ့ ပရိတ်ကြိုးတွေ ဆွဲထား၊ အဲသည့်အခန်းကိုလည်း အစီအရင်တွေနဲ့ ပတ်တားထားမယ်၊ ဒါမှ ဘယ်လိုတုံ့ပြန်လာမလဲဆိုတာ သိရလိမ့်မယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်လည်ပင်းမှာ ပရိတ်ကြိုးတစ်ကြိုး ဆွဲထားပြီး အခန်းပတ်လည်ကိုလည်း ပရိတ်ကြိုးများဖြင့်





ပတ်တားထားလိုက်သည်။

ထိုနေ့ညမှာတော့ အခန်းထဲမှာ ရှိသော အိပ်ယာခင်းများမှာ မနက်က ထားခဲ့သည့်အတိုင်း ရှိနေပြီး မြသင်းကြူ၏ဝိညာဉ်ကိုလည်း မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

# မြနှင်းဖြူနှင့် တွေ့ရခြင်း

ထိုညက အနှောင့်အယှက်ကင်းစွာဖြင့် တစ်ယောက်တည်း အိပ်ရသော်လည်း အိပ်မပျော်ပေ။

မကြာခဏဆိုသလို မိမိကျောဘက်သို့ လက်ဖြင့် စမ်းကြည့်နေမိသည်။

ထိုညက စံပယ်ပန်းရနံ့လည်း မရတော့ပေ။

နောက်တစ်နေ့မနက်ပိုင်းအချိန်မှာပင် ဝိညာဉ်များနှင့် ပွဲစား လုပ်ပေးသည်ဆိုသော ကိုထွန်းနိုင်ဆိုသူ ရောက်လာလေသည်။

"ဘာကိစ္စရှိလို့လဲ ကိုထွန်းနိုင်"



www.burmeseclassic.com

www.burmeseclassic.com



“ဆရာ့ကို အိမ်ရှင်တွေက တွေ့ပါရစေလို့ ခွင့်တောင်းကြတယ်”

“ဟင်. . သူ. . သူတို့က. .”

“သူဌေးကြီးနဲ့သမီးတစ်ယောက် သေသွားခဲ့ပေမယ့် သူဌေးကတော်နဲ့ သူ့သမီးတစ်ယောက် ကျန်ပါသေးတယ်”

“သူတို့က ဘယ်မှာ နေကြတာလဲ”

“အင်းဝဘက်က တစ်နေရာမှာ ရှိပါတယ်”

ဟု ပြောသဖြင့် အဝတ်အစားလဲပြီး လိုက်သွားလေသည်။ ကိုထွန်းနိုင်က ရှေ့မှ လမ်းပြပြီး ခေါ်သွားသဖြင့် လိုက်သွားရသော်လည်း နေရာနှင့်လမ်းများကိုတော့ မမှတ်မိပေ။ တစ်နေရာ ရောက်သောအခါ ဥယျာဉ်ခြံတစ်ခုအတွင်းမှာ ရှိသော အိမ်တစ်လုံး ရှိရာသို့ ရောက်သွားလေသည်။

“အိမ်ထဲကို ဝင်သွားပါ။ သူတို့ ရှိနေကြပါတယ်”

ဟု ပြောပြီး နေခဲ့သောကြောင့် ဒေါက်တာမင်းထင်ကျော်မှာ တစ်ယောက်တည်း အထဲသို့ ဝင်သွားလေသည်။

အတွင်းရောက်တော့ ဧည့်ခန်းမှာ သူ့ကို ရပ်စောင့်နေဟန်ရှိသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

ရုပ်ရည်ချောမောလှပသူဖြစ်ပြီး အိပ်မက်ထဲမှာ တွေ့ခဲ့ရသော မြသင်းကြူနှင့်လည်း ရုပ်ချင်း ဆင်တူလေသည်။

“ကျွန်တော်က မနောသုခစံအိမ်ကို ငှားထားတဲ့သူပါ။ နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ်”

“ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်၊ ထိုင်ပါရှင်”

ဟု ပြောသဖြင့် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

အိမ်ဖော်တစ်ယောက်က လက်ဖက်ရည်ကြမ်းအပါအဝင်





အစားအသောက်များကို လာချပေးသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်ထဲမှာ ရှိသော ပရိဘောဂပစ္စည်းများကို ကြည့်ရာ တစ်ချိန်က ချမ်းသာကြွယ်ဝသူများ အသုံးပြုသော ပရိဘောဂများ အသုံးအဆောင်များဖြစ်သည်ကို တွေ့ရသည်။

“ကျွန်မက သူဌေးကြီးဦးဘပွား ဒေါ်မင်းသူတို့ရဲ့သမီး မြနှင်းဖြူပါရှင်”

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသည့်အနေနှင့် ခေါင်းညိတ်ပြလိုက်သည်။

“ဒီအိမ်မှာ တစ်ယောက်တည်း နေတာလားဟင်”

“မဟုတ်ပါဘူး. . . အမေနဲ့ နေတာပါ၊ အိမ်ဖော်တွေနဲ့ အခြားအစေအပါးတွေလည်း ရှိကြပါတယ်၊ အမေကတော့ စစ်ကိုင်းဘက်မှာ တရားရိပ်သာ ဝင်နေပါတယ်ရှင်”

“ကျွန်တော့်ကို တွေ့ချင်တယ် ပြောလို့ လာခဲ့တာပါ၊ ဘာကိစ္စများ ရှိလို့ပါလဲ”

“တခြားတော့ မဟုတ်ပါဘူးရှင်၊ ပြောစရာလေးတွေ ရှိလို့ပါ”

မြနှင်းဖြူက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်ပြီး စားပွဲပေါ်မှာ အသင့်ချထားသော ဓါတ်ပုံအချို့ကို ပြလေသည်။

“ဒါတွေက ကျွန်မတို့မိသားစုတွေရဲ့ဓါတ်ပုံတွေပါ. . . ကြည့်ပါဦး”

ဟု ပြောသဖြင့် ယူကြည့်လိုက်သည်။

သူဌေးကြီးဦးဘပွား၊ သူဌေးကတော်ဒေါ်မင်းသူ၊ မြနှင်းဖြူ၊ မြသင်းကြူတို့၏ဓါတ်ပုံများဖြစ်ပြီး တစ်ပုံချင်း ရိုက်ထားသောပုံများပါသလို မိသားစုများ စုပေါင်းရိုက်ထားသောပုံလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူမှာ မြနှင်းဖြူနှင့် ရုပ်ချင်း အတော်ကလေး ဆင်တူလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမ၏ဓါတ်ပုံကို တစ်ပုံတည်း ယူ၍ အသေအချာ ကြည့်နေသည်။

မြသင်းကြူ၏မျက်နှာမှာ အိပ်မက်ထဲမှာ တွေ့ရသောမျက်နှာအတိုင်းဖြစ်ပြီး ဆံပင်ကို တစ်ပတ်လျှို ထုံးထားပြီး စံပယ်ပန်းများကို ဝေနေအောင် ပန်ထားလေသည်။

ဓါတ်ပုံထဲမှ မြသင်းကြူ၏မျက်လုံးများက သူ့မျက်နှာကို စိုက်ကြည့်နေသကဲ့သို့ ထင်ရလေသည်။

ကြည့်နေရင်းနှင့် ထိုမျက်နှာမှာ ပြုံးလာသလို ရယ်လာသလို ငိုမဲ့မဲ့မျက်နှာမျိုး ဖြစ်လာသလိုမျိုး အမျိုးမျိုး ပြောင်းလဲနေသည်။

"အစ်ကို သူ့ကို သိတယ်မဟုတ်လား"

"မြသင်းကြူ မဟုတ်လား"

"ဟုတ်ပါတယ်. . . ညီမလေးရဲ့ဓါတ်ပုံပါပဲ၊ သူသေဆုံးကာနီး တစ်ပတ်အလိုလောက်ကမှ ရိုက်ထားတာပါ"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်ရင်း ဓါတ်ပုံကို စားပွဲပေါ် ပြန်တင်ထားလိုက်သည်။

"ညီမလေးက ကံကို ဆိုးရှာပါတယ်၊ သူ့အကြောင်းကိုတော့ အစ်ကို သိသင့်သလောက် သိပြီးပြီထင်ပါတယ်"

"သိသင့်သလောက်ပဲ နည်းနည်းသိရပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင်တော့ မနောသုခ စံအိမ်ကြီး စပြီးဆောက်တဲ့အချိန်က အကြောင်းတွေကို သိချင်ပါတယ်"

"ကျွန်မ သိသမျှတော့ ပြောပြပါမယ်"





မြနှင်းဖြူက မနောသုခစံအိမ် ဆောက်နေစဉ်ကာလမှာပင် မောင်သူရနှင့် မြသင်းကြူတို့ ချစ်ခဲ့မိရာမှ နောက်ပိုင်း မောင်သူရ သေဆုံးသွားပြီးနောက် အိမ်ကြီးပေါ်မှာ တွေ့ကြုံရသည့်အကြောင်းများကို ပြောပြလေသည်။

ထိုစကားကြားသောအခါ ထိုအိမ်ကြီးပေါ်မှာ ဖြစ်ပျက်နေသော ပယောဂ အနှောင့်အယှက်များမှာ လက်သမားဆရာကြီး ဦးမြသာ လက်ချက်ကြောင့် ဖြစ်ရမည်ဟု ခန့်မှန်းမိလေသည်။

"အဖေနဲ့ညီမလေး သေသွားပြီးတဲ့နောက် ကျွန်မတို့သားအမိလည်း အဲဒီမှာ မနေဝံ့တာကြောင့် ဒီမှာ ပြောင်းနေရတာပါပဲ"

"တကယ်လို့ အတိုက်အခိုက် အနှောင့်အယှက်တွေ ရှိနေတာမှန်ရင်တော့ အန္တရာယ်တွေကို ဖယ်ရှားပေးလို့ ရပါတယ်၊ ဖယ်ရှားပေးနိုင်တဲ့ဆရာလည်း ရှိပါတယ်"

"အဲဒီလို လုပ်ပေးရင်တော့ အားလုံးကောင်းသွားမှာလားဟင်"

"မကောင်းတဲ့အစီအရင် အနှောင့်အယှက်တွေကို ဖယ်ပစ်နိုင်ရင်တော့ ကောင်းသွားမှာပါ"

"ဒီလိုလုပ်ပေးရင်တော့ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

မြနှင်းဖြူသည် ရိုးသားဖြူစင်သော မိန်းကလေးတစ်ဦး ဖြစ်သည်။

စကားပြောသည့်အခါမှာ ပွင့်လင်းမှု ရှိလေသည်။

"အဲဒီလို နှင်ထုတ်လိုက်ရင် အိမ်ပေါ်မှာ ရှိနေတဲ့ ညီမလေးရဲ့ ဝိညာဉ်ပါ ထွက်ပေးရမှာလားဟင်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိညာဉ်ဘဝ ရောက်နေတဲ့လူမှန်သမျှ လူတွေနဲ့ ဘဝခြားနေပြီဖြစ်တဲ့အတွက် လူတွေ နေထိုင်တဲ့နေရာမှာ နေခွင့်မရှိကြပါဘူး၊ သူတို့နဲ့ သက်ဆိုင်တဲ့နေရာတွေမှာသာ နေကြရပါတယ်"

"အခု သူရှိနေတာကရောဟင်"

"သက်ဆိုင်သူတွေက မနှင်သေးလို့ နေလို့ရတာပါ၊ သက်ဆိုင်ရာ အိမ်ပိုင်တွေက အိမ်စောင့်နတ်ကို တိုင်တန်းပြီး နှင်ထုတ်ရင် တခြားကို ထွက်ပေးရမှာပါ"

"သူ့ကို ဒီအတိုင်းပဲ ထားတာ ပိုကောင်းမလားဟင်"

"မြနှင်းဖြူအနေနဲ့ မြသင်းကြူအပေါ်မှာ ညီမလေး တစ်ယောက်လို သံယောဇဉ် ထားနေပေမယ့် သူက ဘဝခြားနေပါပြီ၊ သူ့ကို ဒီအတိုင်းပဲ ထားမယ်ဆိုရင် ပရလောကသားဘဝက ဘယ်တော့မှ ကျွတ်တော့မှာ မဟုတ်ပါဘူး၊ ကောင်းရာသုဂတိ ဘုံဘဝကိုလည်း သွားခွင့်ရမှာ မဟုတ်တော့ပါဘူး"

ထိုစကားကြားသောအခါ မြနှင်းဖြူမှာ တွေတွေကလေး ဖြစ်သွားလေသည်။

"မြနှင်းဖြူအနေနဲ့ သူ့ကို တကယ်ချစ်တယ် သနားတယ်ဆိုရင် ဒီဘဝက အမြန်ဆုံး ကျွတ်သွားအောင် ကူညီဆောင်ရွက်ပေးသင့်ပါတယ်"

"အင်းလေ. . . အစ်ကို အခုလို ပြောပြတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ နောက်ဆုံးတော့ ဒီလိုပဲ လုပ်ရမှာပဲပေါ့"

ဟု လေသံတိုးတိုးဖြင့် ပြောလေသည်။

"ဒါထက် ကျွန်တော့်ကို ခေါ်တာ ဘာကိစ္စရှိလို့များလဲဟင်"

"ညီမလေးနဲ့ ပတ်သက်တဲ့အကြောင်း ပြောမလို့ပါ"





"ဘာများလဲ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ညီမလေးက အစ်ကို့အပေါ်မှာ သံယောဇဉ်တွယ်နေတယ်"

ထိုအကြောင်းသည် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ရိပ်မိနေသည့်အကြောင်းမို့ သိပ်တော့ မထူးဆန်းလှပေ။

"ညီမလေးဟာ လူ့ဘဝကတည်းက အချစ်ကံဆိုးခဲ့တယ်၊ တမလွန်ဘဝ ရောက်တော့မှ အစ်ကိုနဲ့ တွေ့ရပြီး စိတ်ပျော်ရွှင်နေရရှာတယ်၊ အစ်ကို့ဆီကို သူ ညတိုင်း ရောက်တယ်လို့လည်း ပြောပါတယ်"

"ဒါထက် မြနှင်းဖြူက အခုအချိန်ထိ မြသင်းကြူနဲ့ တွေ့ခွင့်ရနေသလားဟင်"

မြနှင်းဖြူက ခေါင်းညိတ်ပြသည်။

"ညီမလေးနဲ့ ညတိုင်း တွေ့ရပါတယ်၊ တစ်ခါတစ်ခါ သူက ကျွန်မ ရှိတဲ့နေရာကို လာတယ်၊ တစ်ခါတစ်လေတော့လည်း ကျွန်မက သူရှိတဲ့ မနောသုခစံအိမ်ကို သွားပါတယ်၊ ညက သူ ကျွန်မ ရှိတဲ့နေရာ ရောက်လာပြီး ငိုနေတယ်"

"ဘာဖြစ်လို့လဲ"

"အရင်ညတွေက အစ်ကိုနဲ့ တွေ့ရတယ်လို့ ပြောတယ်၊ ညကတော့ အစ်ကိုရှိတဲ့နေရာ မပြောနဲ့ အိမ်ထဲကိုတောင် ဝင်လို့မရဘူးလို့ ပြောတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်လေသည်။

"အဲဒါ အစ်ကို့ကို အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ပြောပါ မြနှင်းဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးက အစ်ကို့အပေါ်မှာ သံယောဇဉ် ရှိနေရှာတယ်၊ ဒါကြောင့် ဘယ်သူမှ နေလို့မရတဲ့ မနောသုခ စံအိမ်ကြီးမှာ နေခွင့်ပေးထားတာပါ။ ဒါကြောင့် အစ်ကိုတို့ သူ့ကို နှင်မထုတ်ခင် သူ့ကို အိမ်ထဲ ဝင်ခွင့်ပေးဖို့ပါပဲ"

"ကောင်းပါပြီ. . . ကျွန်တော် သူ သဘောကျသလို စီစဉ်ပေးလိုက်ပါ့မယ်၊ ဒါထက် တစ်ခုတော့ မေးပါရစေ"

"မေးပါ အစ်ကို"

"ညအချိန်တွေမှာ မနောသုခစံအိမ်ကို မြန့်နှင်းဖြူ ရောက်လာတတ်တယ် မဟုတ်လား"

ထိုစကားကြောင့် မြန့်နှင်းဖြူမှာ တအံ့တသြ ဖြစ်နေလေသည်။

"အစ်ကို ဘယ်လိုသိတာလဲဟင်"

"ညအချိန်တွေမှာ အိမ်ခြံဝန်းထဲသာမက ကျွန်တော့်အခန်းပေါက်ဝအထိ ရောက်လာတာကို တွေ့ရပါတယ်၊ ဒါထက် တံခါးပိတ်ထားတဲ့အိမ်ကို ဘယ်အပေါက်က အဝင်အထွက် လုပ်တာလဲဟင်"

"အိမ်ကြီးဆောက်ကတည်းက ရန်သူတွေ ရောက်လာရင် ခြေရာဖျောက်ပြီး ထွက်ပြေးနိုင်အောင် မြေအောက်မှာ လျှို့ဝှက်တံခါးနဲ့ လျှို့ဝှက်လမ်း ဖောက်ထားတာ ရှိပါတယ်၊ အဲဒါက ကျွန်မတို့မိသားစုတွေပဲ သိကြပါတယ်"

"အော်. . . ဒါကြောင့် မြန့်နှင်းဖြူကို မြင်လိုက်ရပြီး ရှာမတွေ့တော့တာကိုး"

ထို့နောက် မြန့်နှင်းဖြူက အိမ်ဖော်မလေး ယူလာပေးသော အစားအသောက်များကို ကျွေးမွေးသဖြင့် စားသောက်ရလေသည်။

"ဒါထက် အိမ်ငှားပေးတဲ့ ကိုထွန်းနိုင်က မြန့်နှင်းဖြူတို့နဲ့ အဆက်





အသွယ် ရှိတဲ့လူ မဟုတ်လားဟင်"

"ကျွန်မတို့နဲ့ သားချင်းလည်း မကင်းဘူး၊ အစစအရာရာ ယုံကြည်အားကိုးရတဲ့ လူယုံတစ်ယောက်လည်း ဖြစ်ပါတယ်၊ မနောသုခမှာ အမြဲမနေပေမယ့် သူကပဲ စောင့်ရှောက်ပေးနေတာပါပဲ၊ အစ်ကိုတို့ အိမ်ငှားဖို့ လာကြတော့ သူကပဲ ဒီမှာလာပြီး အကျိုးအကြောင်း ပြောပြတာပါ"

ဟု ရှင်းပြလေသည်။

ထိုအခါမှ ကိုထွန်းနိုင်က ဝိညာဉ်များနှင့် အဆက်အသွယ် ရှိသယောင် ဟန်ဆောင်ကာ အိမ်ငှားပေးခဲ့ပုံများကို ပြန်တွေးမိလေသည်။

"မြန့်နှင်းဖြူတို့ကရော ဘာကြောင့် လျှို့ဝှက်ပြီး ဒီနေရာမှာ လာနေကြတာလဲဟင်"

"ကျွန်မတို့မိသားစုတွေရဲ့အဖြစ်အပျက်တွေက ရှက်စရာလည်း ကောင်း၊ ထိတ်လန့်စရာလည်း ကောင်းတာမို့ လူတွေနဲ့ သိပ်မတွေ့ချင်တော့လို့ အခုလို လာနေကြတာပါ။ အမေကတော့ ဒီမှာ သိပ်မနေပါဘူး၊ စစ်ကိုင်းမှာပဲ ရိပ်သာဝင်နေတာ များပါတယ်"

"မြန့်နှင်းဖြူတို့မိသားစုတွေရဲ့ဘဝအကြောင်းကို ကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုရယ်၊ ရှေးဘဝကံအကြောင်း မကောင်းခဲ့လို့ ဒီဘဝမှာ အခုလိုဘဝမျိုးတွေနဲ့ ကြုံတွေ့ရတာလည်း ဖြစ်မှာပေါ့၊ ကျွန်မကတော့ ဝဋ်ကြွေးရှိနေလို့သာ ပေးဆပ်နေရတယ်လို့ ထင်ပါတယ်"

"အခုလို ကိုယ့်စိတ်ကို ဖြေနိုင်ရင်တော့လည်း စိတ်သက်သာရာ ရတာပေါ့ မြန့်နှင်းဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က ဒီနေရာကို ဘာအတွက် လာကြတာလဲဟင်"

"ဒီမှာရောက်နေတဲ့ မိတ်ဆွေတစ်ယောက်က အကြောင်းကြားတာနဲ့ မနောသုခအိမ်ကြီးကို လေ့လာချင်လို့ လာခဲ့တာပါ"

"ဘယ်တော့ ပြန်ကြမှာလဲဟင်"

"ဒီက ကိစ္စတွေ ပြီးရင်တော့ ပြန်ကြမှာပါ. . . ဘာဖြစ်လို့လဲဟင်"

"ဟို. . ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို လက်စသတ်လိုက်ပြီး နေရာမှ ထလိုက်သည်။

"ကျွန်တော်ပြန်ပါဦးမယ်၊ မြနှင်းဖြူပြောသလို ဒီကနေ့ညကစပြီး မြသင်းကြူရဲ့ဝိညာဉ်ကို သူ သဘောကျတဲ့အတိုင်း နေခွင့်ပေးထားလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ထို့နောက် မြနှင်းဖြူကို နှုတ်ဆက်ပြီး အိမ်အပြင်သို့ ပြန်ထွက်ခဲ့လေသည်။

အပြင်ဘက်မှာတော့ နေရောင်ခြည်များက စူးစူးဝါးဝါးတောက်ပလျက်ရှိနေတော့သည်။





# အခန်း(၁၀)

# မြေပုပ်ပေါ် ဘီလူးထိုင်တဲ့အိမ်

မနောသုခစံအိမ်သို့ ပြန်ရောက်သောအခါ အခန်းတွင် ကာရံတားဆီးထားသော ပရိတ်ကြိုးများနှင့် လည်ပင်းမှာ ဆွဲထားသော ပရိတ်ကြိုးကို ဖယ်ရှားပစ်လိုက်သည်။

ညဉ့်နက်ပိုင်းအချိန် အိမ်ပေါ်သို့ တက်သွားသောအခါ အခန်းပေါက်ဝ ရောက်သည်နှင့် မီးရောင်ကို အရင်မြင်ရသည်။

အခန်းပေါက်ဝ ရောက်တော့ ခါတိုင်းကဲ့သို့ပင် စံပယ်ပန်းရနံ့သင်းသင်းကလေး ရသည်။

အပေါက်ဝမှ အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ အိပ်ယာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြင်ဆင်ထားပြီး တစ်ဖက်သို့ စောင်းအိပ်နေသောသဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

ခါတိုင်းကဲ့သို့ပင် မြသင်းကြူ၏သဏ္ဌာန်ပင် ဖြစ်ပေလိမ့်မည်။

အိပ်ယာရှိရာသို့ လျှောက်သွားရာ အနီးရောက်သောအခါ အိပ်ယာပေါ်မှ သဏ္ဌာန်က ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

အကောင်အထည်ကိုသာ မမြင်ရသော်လည်း အိပ်ယာပေါ်မှာတော့ တစ်စုံတစ်ယောက် ရှိနေဟန်တူသည်။

ဒေါက်တာမင်းထင်ကျော်က ခြင်ထောင်ကို မပြီး အိပ်ယာပေါ်သို့ လှဲချလိုက်သည်။

ထိုအခါ စံပယ်ပန်းရနံ့များက ပိုမိုစူးရှစွာဖြင့် နှာခေါင်းထဲသို့ တိုးဝင်လာသည်။

စိတ်ထဲမှ မသက်သာသောကြောင့် ကျောဘက်သို့ လက်ဖြင့် စမ်းကြည့်လိုက်တော့လည်း ဘာမှမရှိပေ။

သို့သော် ဒေါက်တာမင်းထင်ကျော်က သူပြောချင်သောစကားများကို လေသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

"အခုလို အခန်းထဲ ဝင်ခွင့်ရတဲ့အတွက် မင်း ကျေနပ်သွားပြီမဟုတ်လား မြသင်းကြူ။ အချစ်ရေးမှာ ကံဆိုးခဲ့တဲ့ မင်းတို့ရဲ့အဖြစ်အပျက်တွေကို သိရတဲ့အတွက်လည်း စိတ်မကောင်းပါဘူး၊ အစ်ကိုတို့ကို ဒီအိမ်ကြီးပေါ်မှာ အခုလို လက်ခံပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒီကနေ့ည မင်းကို မေးစရာတွေ ရှိတဲ့အတွက် မင်းနဲ့ တွေ့ပါရစေ"

ဟု ခွင့်တောင်းလိုက်ပြီးနောက် စံပယ်ပန်းရနံ့များက ပိုမိုစူးရှစွာ တိုးဝင်လာရာ ခဏကြာသောအခါ မွှေးကနဲ အိပ်ပျော်သွားလေတော့





သည်။

ထိုသို့ အိပ်ပျော်သွားသောအခါမှ နံဘေးနားမှာ ကျုံ့ကျုံ့ကလေး ထိုင်နေသော မြသင်းကြူ၏သဏ္ဌာန်ကို ထင်ထင်ရှားရှား မြင်ရလေသည်။

မြသင်းကြူမှာ ခါတိုင်း တွေ့ရသကဲ့သို့ မဟုတ်ဘဲ မျက်နှာမကောင်းလှပေ။

"မင်းဘာဖြစ်နေတာလဲ မြသင်းကြူ။ မျက်နှာလည်း မကောင်းပါလား"

"အစ်ကိုတို့က ကျွန်မကို ဒီအိမ်ပေါ်က နှင်ပစ်တော့မယ်ဆိုတာ ကျွန်မသိပါတယ်"

ဒေါက်တာမင်းထင်ကျော် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အထင်မလွဲပါနဲ့ မြသင်းကြူရယ်၊ ဒီလိုစီစဉ်ရတာကလည်း မင်းကောင်းဖို့အတွက် လုပ်တာပါ၊ မင်း ပရလောကမှာ အကြာကြီးနေရမယ်ဆိုရင် ဒုက္ခဆင်းရဲတွေနဲ့ အများကြီး တွေ့ရလိမ့်မယ်"

မြသင်းကြူက ဘာမှပြန်မပြောပေ။

"ဒီဘဝက ကျွတ်ပြီး အခြားဘဝတစ်ခုခုကို ရောက်တော့မှ လူ့ဘဝကို ပြန်လာနိုင်တယ်၊ အစ်ကိုတို့နဲ့လည်း ပြန်တွေ့နိုင်တာပေါ့ကွယ်"

"ကျွန်မကတော့ အစ်ကိုတို့နဲ့ အတူနေရမယ်ဆိုရင် ကျေနပ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်သည်။

"ကျွန်မနဲ့က ဘဝခြားနေပြီဆိုတော့ အတူမနေနိုင်တော့ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ကိုယ့်စိတ်ထဲက သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



တွယ်နေမိတဲ့လူရဲ့မျက်နှာကို မြင်နေရရင်တော့ ကျေနပ်စရာပဲပေါ့"

"ဘယ်လိုလုပ်ပေးရမလဲ မြသင်းကြူရယ်"

စိတ်မကောင်းစွာဖြင့် ရေရွတ်လိုက်သည်။

"အစ်ကို တခြားကို မပြန်တော့ဘဲနဲ့ ကျွန်မတို့ မိသားစုတွေနဲ့ အတူတူ နေမယ်ဆိုရင် ရတာမဟုတ်လား"

"ဘယ်လိုပုံစံမျိုးနဲ့ နေရမှာလဲကွယ်"

"ဒီအကြောင်းတွေကို မမကိုလည်း ပြောပြထားပြီးပြီ၊ အစ်ကိုသာ သဘောတူမယ်ဆိုရင် မမမြနှင်းဖြူကိုသာ လက်ထပ်လိုက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာ မဟုတ်ဘူးလား"

အကွက်စေ့စွာ ပြောတတ်သော ဝိညာဉ်တစ်ကောင်၏စကားကြောင့် မျက်လုံးပြူးသွားလေသည်။

"ဒါမျိုးက လွယ်လွယ်နဲ့ ဖြစ်တဲ့ကိစ္စမျိုး မဟုတ်ဘူး၊ နောက်ပြီး ကာယကံရှင်ရဲ့ သဘောဆန္ဒကလည်း ရှိသေးတယ် မဟုတ်လား"

"အစ်ကို ဆုံးဖြတ်နိုင်ဖို့ပဲ လိုတာပါ၊ မမကတော့ ကျွန်မ ပြောထားတာကို လက်ခံပါ့မယ်လို့ ပြောတယ်၊ သူက ကျွန်မကို သိပ်ချစ်တော့ ကျွန်မ စိတ်ချမ်းသာမယ်ဆိုရင် အားလုံးလိုက်လျောပေးမှာပါ"

"သူက ဒီလိုပဲ ပြောသလား"

"ဟုတ်တယ်. . . အစကတော့ ချက်ချင်းလက်မခံပါဘူး၊ နောက် ကျွန်မ ပြောပါများတော့မှ ညဘက် အစ်ကိုရှိတဲ့နေရာကို နှစ်ခါသုံးခါ လာအကဲခတ်ကြည့်ပြီးမှ လက်ခံမယ်လို့ ကတိပေးတာပါ"

ထိုစကားကြားတော့မှ မိမိအိပ်ခန်းထဲအထိ ရောက်လာပြီး ကုတင်ဘေးမှာ ရပ်ကာ ငုံ့ကြည့်နေသော ခေါင်းမြီးခြုံထားသည့် အမျိုးသမီးတစ်ယောက်၏သဏ္ဌာန်ကို ပြန်လည်သတိရမိလေသည်။





မနက်ပိုင်းတွင် တွေ့ခဲ့ရသော မြနှင်းဖြူ၏အမူအယာမှာ သူ့အပေါ်၌ စိတ်ဝင်စားမှုနှင့် ဖော်ဖော်ရွေရွေ ရှိနေသောအကြောင်းကိုလည်း သိရလေသည်။

"ကောင်းပါပြီ မြသင်းကြူ မင်းစိတ်ချမ်းသာမယ်ဆိုရင် အစ်ကို မင်းတို့နဲ့ အတူတူ နေနိုင်ဖို့ ကြိုးစားပေးပါ့မယ်"

ထိုသို့ ကတိပေးလိုက်တော့မှ မြသင်းကြူမျက်နှာလေးမှာ အနည်းငယ် ကြည်လင်လာသည်။

"ကျွန်မကို မေးမယ်ဆိုတာ ဘာမေးမှာလဲ"

"တခြားမဟုတ်ပါဘူး. . မနောသုခစံအိမ်ကြီး ဆောက်နေတုန်းမှာ မောင်သူရ သေခဲ့ရတော့ လက်သမားဆရာကြီး ဦးမြသာက ဒီအိမ်မှာ လူတွေ မနေနိုင်အောင် အနှောင့်အယှက်တွေ လုပ်ထားခဲ့တယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"ဘယ်နေရာမှာ ဘာတွေလုပ်ထားခဲ့တယ်ဆိုတာ ပြောပြပါလား"

"သူက အစီအရင်တွေနဲ့ လုပ်ထားခဲ့တာဆိုတော့ ကျွန်မအနေနဲ့ ပြောပြခွင့် မရှိပါဘူး၊ အဲဒီလိုပြောရင် ဒဏ်ခတ်ခံရပါလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုရှာရမလဲ"

"မြေအောက်အခန်းတစ်နေရာမှာ သူရေးထားခဲ့တဲ့ လျှို့ဝှက်စာတွေ ရှိတယ်၊ အဲဒီစာတွေကို တွေ့အောင်ရှာပြီး အဓိပ္ပါယ်ကို ဖော်ထုတ်နိုင်ရင်တော့ ဒီအိမ်မှာ ဘယ်နေရာမှာ ဘာတွေ ရှိတယ်ဆိုတာ သိလာရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်သိရရင် ကျေနပ်ပါပြီ၊ မကြာခင်မှာ ဒီအိမ်ပေါ်မှာ ရှိနေတဲ့အန္တရာယ်တွေကို ဖယ်ထုတ်ပြီး မင်းအမေနဲ့အစ်မတို့ ဒီအိမ်ပေါ်မှာ ပြန်နေနိုင်အောင် စီစဉ်ပေးပါ့မယ်"

ထိုစကားကြားသောအခါ မျက်နှာပေါ်မှာ ကျေနပ်မှုကလေးများ ယှက်သန်းသွားလေတော့သည်။

နောက်တစ်နေ့ မနက်ပိုင်းမှာ ကျော်စွာတို့လည်း ရောက်နေသောကြောင့် ထိုအကြောင်းကို အားလုံးသိအောင် ပြောပြလိုက်သည်။

"လက်စသတ်တော့ ဒီအိမ်မှာ ရှိတဲ့ တစ္ဆေမက ဆရာ့ကို သဘောကျလို့ မနှောင့်ယှက်တာကိုး"

"ကျွန်တော်တို့ရဲ့ဆရာ သွားလေရာ မျက်နှာပွင့်ပုံကတော့ သြချလောက်ပါရဲ့၊ လူတွေတော့ မပြောနဲ့၊ တစ္ဆေမကတောင် မနေနိုင်ဘူး"

ဟု စောထီးနှင့်ငမဲအောင်တို့က အားရပါးရ ပြောနေကြလေရာ ငမဲအောင် သောက်နေသည့် လက်ဖက်ရည်ကြမ်းပန်းကန်ကို တစ်စုံတစ်ယောက်က ပုတ်ချလိုက်သကဲ့ ဖြစ်ကာ ပေါင်ပေါ်သို့ ရေနွေးပူများ ကျလေတော့သည်။

"အား. . . ပူတယ်ဗျ. . . ပူတယ်၊ နောက်မပြောတော့ပါဘူး"

ဟု အလန့်တကြား အော်လိုက်ရာ အားလုံးက သဘောကျစွာ ရယ်လိုက်ကြသည်။

"အင်း. . . ကျုပ်လည်း ထူးတော့ ထူးပါတယ်လို့ အခြေအနေစောင့်ကြည့်နေတာ၊ အရင်နေတဲ့လူတွေမှန်သမျှ ဖင်ပူအောင် မနေရတဲ့ အိမ်မှာ ကျုပ်တို့ကျမှ အနှောင့်အယှက် မတွေ့ရဘဲ ဘာကြောင့် နေနိုင်သလဲလို့ စဉ်းစားနေတာ အခုမှ အဖြေသိရတော့တယ်"





"ဒါမျိုးတွေက ဖြစ်နိုင်လို့လား အဘရဲ့"

"အများကြီး ဖြစ်နိုင်ပါတယ်. . . ပရလောက စာရင်းဝင်တဲ့ ဥစ္စာစောင့်မနဲ့လူနဲ့ ညားတဲ့အဖြစ်တွေ၊ ဖုတ်ဝင်နေတဲ့ယောက်ျားနဲ့ လူမိန်းမနဲ့ ညားလို့ သားသမီး ရတဲ့အဖြစ်မျိုးတွေ အများကြီး ရှိတာပဲ၊ သူတို့က ဘဝသာ ခြားနေပေမယ့် နတ်တွေလိုပဲ ကာမဂုဏ်အာရုံတော့ ခံစားနိုင်တဲ့အစွမ်းတွေ ရှိကြတာကိုး"

"ဘာပဲဖြစ်ဖြစ်လေ. . . သူတို့ မနှောင့်ယှက်တာကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်ရမှာပဲ၊ ကျွန်တော်တို့ ဘယ်အချိန် မြေအောက်ခန်းထဲ ဆင်းကြမှာလဲ အဘ"

"အခုချိန် ဆင်းတာထက် ညဘက်ဆင်းတာက ပိုပြီးကောင်းတယ်"

"ညအချိန်ရောက်တော့ ပရလောကသားတွေ နှောင့်ယှက်တာ ပိုများမှာပေါ့"

"သူတို့နဲ့ တွေ့ရမှ အဖြေရှာလို့ ပိုလွယ်မှာပေါ့၊ ဒီအတိုင်း ရှာနေရင် စမ်းတဝါးဝါးနဲ့ ဖြစ်နေမှာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ဦးဇန်ကောင်းက မြေအောက်ခန်းသို့ ဆင်းသောအခါ အန္တရာယ်ကင်းစေရန် အားလုံးကို အစီအရင်များ ပြုလုပ်ပေးသည်။

ထို့ပြင် အရေးကြုံလာပါက အသုံးပြုနိုင်ရန် ဆေးဝါးအစီအရင်များကိုလည်း တပါတည်း ပြုလုပ်လာသည်။

ညအချိန်ရောက်သည်နှင့် မြေအောက်ခန်းသို့ ဆင်းရန် ပြင်ကြသည်။

မြေအောက်ခန်းမှာ အံဝှက်တံခါးချပ်ကို ဖွင့်ပြီး ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ပိတ်ထားသောတံခါးချပ်များကို ဖွင့်လိုက်သောအခါ ဦးစွာ မီးခိုးငွေ့များ အပေါ်သို့ တက်လာသည်။

မရှေးမနှောင်းမှာပင် မီးခိုးငွေ့များနှင့်အတူ လူကို မီးလောင်ရာမှ ထွက်သော ညှော်နံ့များ ရလာသည်။

သူတို့တွင် လက်နှိပ်ဓာတ်မီးများ ပါသော်လည်း အသုံးမပြုဘဲ ရေနံဆီ မီးအိမ်တစ်လုံးသာ ယူသွားလေသည်။

မီးရောင်မှာ မှုန်ဝါးဝါးမျှသာ ရှိသည်။

မြေအောက်အခန်းမှာ အတော်အတန် ကျယ်ဝန်းပြီး တစ်နေရာနှင့်တစ်နေရာ လှမ်းမမြင်ရပေ။

အောက်ဖက်သို့ ရောက်သောအခါ မနီးမဝေးနေရာမှာ ရပ်နေသည့် မည်းမည်းသဏ္ဌာန်တစ်ဦးကို လှမ်းမြင်ရသည်။ ကျော်စွာက လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်ရန် ဟန်ပြင်သည်နှင့် ဒေါက်တာမင်းထင်ကျော်က လှမ်းဆွဲထားလိုက်သည်။

ထိုသဏ္ဌာန်ကို မြင်သောအခါ ဦးဇန်ကောင်းက ရှေ့သို့ ခြေတစ်လှမ်းတိုးသွားပြီး လေသံမှန်မှန်ဖြင့် ပြောလိုက်သည်။

"သူဌေးကြီးရဲ့ဝိညာဉ် မှတ်တယ်၊ ကျုပ်တို့က အနှောင့်အယှက်ပေးမလို့ လာကြတာ မဟုတ်ပါဘူး၊ ဒီအိမ်ကြီးမှာ ရှိတဲ့ အနှောင့်အယှက်တွေကို ဖယ်ရှားပေးမလို့ လာခဲ့တာပါ၊ ကျုပ်တို့ကို အကူအညီပေးပါ"

ဟု ပြောလိုက်သောအခါ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ အနောက်ဘက်သို့ လှည့်ကာ နံရံတစ်နေရာသို့ လက်ညှိုးထိုးပြလေတော့သည်။

ထို့နောက် တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားသည်။





ညှော်နံ့များလည်း ပျောက်သွားလေတော့သည်။

ဦးဇန်ကောင်းတို့က သူညွှန်ပြရာ နံရံဘက်သို့ လာပြီး လိုက်လံရှာဖွေကြလေသည်။

မီးရောင်များဖြင့် ထိုး၍ ရှာဖွေသောအခါ နောက်ဆုံး နံရံတစ်နေရာမှာ ရေးခြစ်ထားသောစာကြောင်းများကို တွေ့ကြရသည်။

ရေးထားသောစာများမှာ ပုံမှန်အက္ခရာများဖြင့် ရေးထားသည် မဟုတ်ဘဲ ပေါရာဏ စကားလုံးများ အသုံးပြုကာ ရေးထားခြင်းဖြစ်၏။

ထိုအထဲမှ ရေးနည်းအချို့ကို ဖော်ပြပေးပါမည်။

| ပေါရာဏ အရေးအသား | ယခုအရေးအသား |
|---|---|
| သေိယ် | သေ |
| မိယ် | မြေ |
| ကြွှိမ် | အိမ် |
| နေ့ယ် | နေ |
| အတြယ် | အန္တရာယ် |
| ကျောန် | ကျွန် |
| ဧယ့် | ၏ |

ဟူသောအရေးအသားမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့သည် ၎င်းအက္ခရာများကို တွေ့မြင်သောအခါ တစ်လုံးမကျန် ကူးယူကာ အပေါ်သို့ ပြန်တက်ခဲ့ကြသည်။

အပေါ်ရောက်တော့မှ မီးအိမ်များ ထွန်းကာ အသေအချာ လေ့လာကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာတွေနဲ့ ရေးထားတာလဲ ဆရာ၊ ဖတ်လို့ကို နားမလည်တော့ဘူး"

ကျော်စွာက စိတ်ပျက်လက်ပျက် အမူအယာဖြင့် ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ထိုစာများကို အသေအချာ ကြည့်ပြီး မှတ်ချက်ချသည်။

"ဒီစာလုံးတွေက ပေါရာဏ စာလုံးတွေပါ။ ရှေးက လူတွေ အရေးများ အသုံးများတဲ့စာလုံးမျိုးပါပဲ၊ ပေါရာဏ စာလုံးကို အခုခေတ်သုံး ဝေါဟာရတွေနဲ့ ဖလှယ်လိုက်ရင် ရပါတယ်"

ဟု ပြောပြီး စာလုံးများကို ဝေါဟာရ ပြောင်းလဲ၍ ရေးချလိုက်ရာ အောက်ပါအတိုင်း ထွက်လာလေသည်။

(မြေတိုင်ကျိုးနေ သားစားတအဆက်စာထိုင်နဲ့
ဆက်လှဲ့ထိုးစေ..ကျိန်စေတ်သူပုပ် ဗျဉ်ငါတစေ
လားကကာသစ် လူးတိပေါ် ၏ သေအဌိမ်း..)

ဟူ၍ဖြစ်သည်။

ထိုစာလုံးများ ပေါ်လာတော့မှ နံဘေးနားမှ ဝိုင်းကြည့်နေသူများမှာ ပိုမိုရှုပ်ထွေးသွားလေတော့သည်။

"ဟာ. . . စောစောက ရှုပ်နေတာကို ရှင်းလိုက်တော့မှ ပိုပြီး ရှုပ်ထွေးသွားတော့တယ်၊ ဘယ်လိုအဓိပ္ပါယ်လဲ ဆရာရဲ့. . . ရှင်းပြပါဦး"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို တွင်တွင်ဖွာရင်း စောစောက ရေးချထားသောစာလုံးများကို ဆက်စပ်ကြည့်နေသည်။





ထိုစာလုံးများမှာ လျှို့ဝှက်စာရေးနည်းဖြင့် ရေးထားသည်ကိုတော့ သူသိသည်။

သို့သော် လျှို့ဝှက်စာရေးနည်းပေါင်း မြောက်များစွာ ရှိသည့်အထဲမှ မည်သည့်နည်းနှင့် ရေးထားသည်ကိုတော့ မသိရသေးပေ။

အတန်ကြာအောင် ဂရုစိုက်ပြီး ဆက်စပ်ကြည့်တော့မှ စာလုံးများမှာ တစ်လုံးနှင့်တစ်လုံး ဆက်စပ်မှု ရလာလေသည်။

"ဟာ. . . အဖြေသိပြီဗျ၊ ဒီလျှို့ဝှက်စာရေးနည်းက ရှေးတပညာရှိတွေ အသုံးပြုတဲ့ ရာဇမနော်ဟရာ လျှို့ဝှက်စာရေးနည်းပဲ"

"ရာဇမနော်ဟရာရေးနည်းဆိုတာ ဘယ်လိုရေးနည်းမျိုးလဲ ဆရာရဲ့"

"ရာဇမနော်ဟရာရေးနည်းဆိုတာ အစအက္ခရာကစပြီး (၆)လုံး (၆)လုံးကျော်ပြီး ရေးရဖတ်ရတဲ့စာမျိုးဗျ"

နမူနာမှာ
ပွင့်ကင့်ဆွတ်တင့်ပင်ဖက်ခါဖူးမိုးသော်
ခိုင်မြင့်ဆွတ်သင့်ဆင့်နတ် လတ်လုံး
ခက်သည်ပွင့်၍ ရေလတ်ပွင့် ညွတ်ပွင့်
သည်ကောင်း ချမ်းလှသားပန်းမှတ်နှင့်. . ။

ထိုစာများ၏ရေးမှန်မှာ. . .

ပွင့်ဖူးဆင့်၍၊ ကောင်းကင့်မိုးနတ်၊ ရေချမ်းဆွတ်သော်၊ လတ်လတ်လှတင့်၊ ခိုင်လုံးပွင့်သား၊ ပင်မြင့်ခက်ညွတ်၊ ပန်းဖတ်ဆွတ်သည်ပွင့်မှတ်ခါလင့် ပွင့်သည်နှင့်. . ။

ဟူ၍ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဒေါက်တာမင်းထင်ကျော်က လှို့ဝှက်ရေးထားသောစာများကို (၆)လုံးကျော်စီ ပြန်စီလိုက်သောအခါ အောက်ပါစာပိုဒ်များ ပေါ်လာလေတော့သည်။

(မြေပုပ်မြေပေါ် ဘီရှူးထိုင်
သစ်တိုင်ကြ ဓောက်ထိုး
တလားဖျဉ်ကြိုးနဲ့ အမိုးဘဲကာစေ
နေသူအဆက်ဆက် သေစေသား
ငါ့၏ကျိန်စာကလဲ့စား..)

ဟူသောစာပိုဒ်အဖြေ ပေါ်လာလေတော့သည်။

ထိုအဖြေရမှတော့ ဂမုန်းနက်ဆေး ဆန်မန်းပေါက်ပေါက် ပရိတ်ရေ ပရိတ်ကြိုးတို့နှင့် ရှာဖွေပါက မတွေ့နိုင်စရာ မရှိတော့ပေ။





# အခန်း(၁၁)

# သံယောဇဉ်ဝိညာဉ်ကြိုး

နောက်တစ်နေ့ နံနက်လင်းသည်နှင့် တစ်အိမ်လုံး ပရိတ်ရေများဖြင့် ပက်ဖျန်းကာ ထိုအိမ်မှာ မှီတင်းနေထိုင်ကြသော အနှောင့်အယှက်များကို အရင်ဖယ်ထုတ်လေသည်။ ပြီးမှ နောက်ထပ် မဝင်နိုင်အောင် ပရိတ်ကြိုးများဖြင့် စည်းတားထားလိုက်လေသည်။

ထိုသို့ အရံအတား လုပ်ပြီးမှ ပေါက်ပေါက်ဆုပ်များကို တစ်အိမ်လုံး လိုက်ကြဲထားရာ အလယ်တိုင်နေရာ ရောက်သောအခါ ပေါက်ပေါက်ဆုပ်များက အသက်ဝင်နေသော သတ္တဝါလေးများပမာ တဆတ်ဆတ် ခုန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ထိုအလယ်တိုင်ကို အသေအချာ စစ်ဆေးကြည့်သောအခါ သစ်ကို ဖောက်ထိုးပြုလုပ်ကာ တိုင်ထူထားသည်ကို တွေ့ကြရသည်။

"သစ်တိုင်က ဖောက်ထိုး ဆိုတဲ့စာအတိုင်း ဖောက်ထိုးစိုက်ထားတဲ့သစ်တိုင် တွေ့ရပြီ"

ဟု ပြောဆိုပြီး ကျွမ်းကျင်သော လက်သမားများကို ခေါ်ယူပြီး ထိုတိုင်ကို ဖယ်ရှားထုတ်ယူလေသည်။ ထိုနေရာမှာ အစားထိုးမည့် ကျွန်းတိုင်တွင် လယ်တီဆရာတော်ကြီး၏ အန္တရာယ်ကင်း စမတ်ဆိပ်တော်ကို ရေးထွင်းစေသည်။

ထို့နောက် ပရိတ်ရေများနှင့် ပက်ဖြန်းပြီးနောက် နုတ်ယူသောတိုင်နေရာ၌ အစားပြန်ထည့်လိုက်လေသည်။

ထုတ်ယူလိုက်သော သစ်တိုင်ကို ကြည့်သောအခါ အောက်ခြေထိပ်မျက်နှာ၌ ဘီလူးမျက်နှာ ထွင်းထားပြီး အပေါ်ထိပ်မျက်နှာ၌မူ တောက်တဲ့ရုပ် ထွင်းထားသည်ကို တွေ့ရသည်။

"ဘီလူးကို တွေ့ပြီဆိုတော့ မြေပုပ်ပေါ် ဘီလူးထိုင် ဆိုတဲ့အတိုင်း ဘီလူးရှိတဲ့နေရာရဲ့အောက်မှာ မြေပုပ်လို့ ခေါ်တဲ့ သုသာန်မြေတွေ ရှိမှာ အသေအချာပဲ"

ဟု တွက်ဆမိသဖြင့် ထိုတိုင်ရှိသောနေရာ၏အောက်တည့်တည့် ကြမ်းခင်းကြမ်းပြင်များကို ဖျက်ဆီးဖယ်ရှားသောအခါ မြေအိုးတစ်လုံးနှင့် ထည့်ကာ မြှုပ်ထားသော မြေပုပ်များကို တွေ့ရလေတော့သည်။

"တလားပျဉ်ကျိုးကို အမိုး၌ ကာစေ" ဆိုတဲ့စာအတိုင်း ခေါင်းတလားပျဉ် ကျန်သေးတယ်၊ မျက်နှာကြက်တွေမှာ အသေအချာ တက်





ရှာကြရမယ်"

ဟု ပြောပြီး ပရိတ်ရေ ပရိတ်ကြိုး ဆန်မန်းပေါက်ပေါက်များ ယူ၍ အပေါ်တက်သွားပြီး ပရိတ်ရေ ဖြန်းသောအခါ လူညည်းသံလိုလို အသံကြီး ပေါ်ထွက်လာသည်။

ထို့နောက် ဆန်မန်းပေါက်ပေါက်များကို ကြဲချလိုက်သောအခါ **တလား**ပျဉ် ရှိနေသောနေရာမှ ပေါက်ပေါက်များမှာ ပုစွန်ဆိတ်များ ခုန်နေသကဲ့သို့ **တ**ဖျပ်ဖျပ်နှင့် ခုန်နေကြတော့သည်။

ထိုနေရာမှာ ရှာသောအခါ သေသူ၏အမည်နှင့်အသက်တို့ကို ပါ ရေးထားသော တလားပျဉ်ချပ်ကို တွေ့ကြရသည်။

ထိုပျဉ်ချပ်ကို မျက်နှာကြက်၌ တသားတည်းဖြစ်အောင် ကပ်ထားခဲ့ခြင်းဖြစ်သည်။

ထိုပျဉ်ချပ်ကို ခွာယူပြီး အခြားပျဉ်တစ်ချပ်နှင့် အစားထိုး ပြန်ကပ်လိုက်သည်။

ဘီလူးရုပ် ရှိသောတိုင်နှင့် တလားပျဉ်ချပ်တို့ကို အပိုင်းပိုင်းဖြတ်ကာ မီးရှို့ပစ်လိုက်ကြသည်။

ထိုသို့မီးရှို့လိုက်သောအခါ မီးခိုးငွေ့များ၏ပုံသဏ္ဍာန်များမှာ ဘီလူးရုပ်နှင့် မကောင်းဆိုးဝါးတို့၏ပုံသဏ္ဍာန်များ ပေါ်နေတော့သည်။

အားလုံးပြာကျသွားတော့မှ တဖြည်းဖြည်းနှင့် ဝေ့ဝဲပျောက်ကွယ်သွားခြင်းဖြစ်သည်။

အားလုံးရှင်းလင်းဖယ်ရှားပြီးသောအခါ ဒေါ်မင်းသူနှင့် မြနှင်းဖြူတို့သားအမိကိုပါ ခေါ်ယူလိုက်သည်။ နောက်တစ်နေ့မှာပင် သံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းသင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်းပြီးနောက် ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်းများ ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှူဒါနများ ပြီးသောအခါ ကွယ်လွန်သွားကြသော သူဌေးကြီးဦးဘပွားနှင့် မြသင်းကြူတို့ကို ရည်စူး၍ အမျှအတန်း ပေးဝေလိုက်လေတော့သည်။

ထိုသို့ပြုလုပ်ပြီး ညအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ စိတ်လက်ပေါ့ပါးစွာဖြင့် ခြံဝန်းထဲသို့ ဆင်းလာရာ တစ်နေရာ ရောက်သောအခါ နောက်ဘက်မှ ခေါ်သံကြားလိုက်ရသည်။

"အစ်ကို. . ."

အသံကြားကတည်းက မြသင်းကြူအသံ ဖြစ်မှန်း ကောင်းစွာ မှတ်မိလေသည်။

သို့ကြောင့် လှည့်မကြည့်ဘဲ ရပ်နေလိုက်သည်။

အဘယ်ကြောင့်ဆိုသော် မြသင်းကြူမျက်နှာကို မြင်ရလျှင် စိတ်မကောင်းဖြစ်မိမှာစိုးသောကြောင့်ဖြစ်သည်။

"မြသင်းကြူလား"

"ဟုတ်ပါတယ် အစ်ကို"

"မနက်ပိုင်းက အလှူဒါနတွေ ပြုပြီး အမျှအတန်း ပေးဝေတာ ရရဲ့လား"

"ရပါတယ် အစ်ကို၊ ကျွန်မရော အဖေပါ အမျှအတန်း ရပြီး သာဓုခေါ်နိုင်လို့ အခုဘဝက ကျွတ်ပြီး တခြားကောင်းရာဘုံဘဝတစ်ခုကို သွားရတော့မှာပါ၊ ဒါကြောင့် အစ်ကို့ကို လာပြီးနှုတ်ဆက်တာပါ"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်လေသည်။

"ဝမ်းသာပါတယ် မြသင်းကြူ၊ နောက်ဘဝတွေမှာ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ မကြုံတွေ့ရဘဲ ချစ်တဲ့သူနဲ့ ပေါင်းရပါစေလို့ အစ်ကို





ဆုတောင်းပေးလိုက်ပါတယ်"

မြသင်းကြူထံမှ မည်သည့်အသံမှ မကြားရဘဲ တိတ်ဆိတ်နေလေသည်။

အတန်ကြာမှ. . .

"ကျွန်မတို့မိသားစုတွေကို အခုလို ကူညီဆောင်ရွက်ပေးတာ အစ်ကိုတို့ကို အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ မရှိတဲ့နောက်မှာ အမေနဲ့ မမမြနှင်းဖြူကို စောင့်ရှောက်ပေးပါ"

"ကောင်းပါပြီ. . . မင်းသာ ကောင်းရာသုဂတိ ဘုံဘဝကို စိတ်ဖြောင့်စွာနဲ့ သွားပါတော့"

"ကျွန်မသွားတော့မယ်၊ အစ်ကို့ကို နှုတ်ဆက်ခဲ့ပါတယ်"

ထိုသို့ပြောလိုက်စဉ် ဒေါက်တာမင်းထင်ကျော်က လှည့်ကြည့်လိုက်လေသည်။

ထိုအခါ အမှောင်ရိပ်ထဲမှာ ရပ်နေသော မြသင်းကြူ၏ပုံရိပ်ကို မြင်ရလေသည်။

မြသင်းကြူမှာ ခါတိုင်းနှင့် မတူတော့ပေ။

တစ်ကိုယ်လုံး ဖြူစင်ပါးလွှာသော ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး အရောင်များလည်း ထွက်နေသည်။ သူမ၏ပုံရိပ်မှာ အမှောင်ထဲ၌ မီးစုန်းများ တောက်ပနေသည်နှင့် တူလေသည်။

အတန်ကြာသောအခါ လက်ပြနှုတ်ဆက်ပြီး တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားရာ နောက်ဆုံးတော့ မူလ အမှောင်ရိပ်များသာ ကျန်ခဲ့တော့သည်။

ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာ တစ်စုံတစ်ခုအတွက် ဆို့နင့်ကြေကွဲနေသကဲ့သို့ ခံစားနေရသည်။



www.burmeseclassic.com

"သွားပေဦးတော့ မြသင်းကြူရေ"

ဟု တိုးတိုးလေး ရေရွတ်လိုက်လေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မြနှင်းဖြူကို တွေ့ရလေသည်။ မြနှင်းဖြူမှာ ငိုနေဟန်ရှိသည်။

"မငိုပါနဲ့တော့ မြနှင်းဖြူရယ်၊ သူတို့ အကျဉ်းသားဝိညာဉ်ဘဝက လွတ်မြောက်သွားကြပါပြီ"

"ကျွန်မ ဝမ်းလည်းသာ ဝမ်းလည်း နည်းမိလို့ ငိုမိတာပါ။ ကံဆိုးခဲ့တဲ့ ညီမလေးအတွက် ဝမ်းနည်းနေမိရာက အခု ကောင်းရာသုဂတိဘုံဘဝကို ကူးသွားပြီဆိုတော့ ဝမ်းသာမိလို့ မျက်ရည်ကျမိတာပါ"

ဒေါက်တာမင်းထင်ကျော်က အနီးသို့ လျှောက်သွားပြီး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"အခုတော့ မြသင်းကြူတို့ဘဝလည်း အေးချမ်းသာယာမှု ရသွားပါပြီ၊ မြနှင်းဖြူရဲ့အမေလည်း တရားအလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်ပါပြီ"

"အမေကတော့ ကျွန်မအတွက် စိတ်ချရရင် စစ်ကိုင်းတောင်မှာပဲ အမြဲနေတော့မှာလို့ ပြောပါတယ်"

"မြနှင်းဖြူအတွက်ကလည်း စိတ်အေးရအောင် စီစဉ်ပြီးသား မဟုတ်လား"

"ဟင်. . ဘယ်သူစီစဉ်တာလဲ"

"မြသင်းကြူ မသွားခင်က စီစဉ်ပေးခဲ့တာ မဟုတ်ဘူးလား။ စောစောကတောင် ထပ်ပြောသွားသေးတယ်"

ထိုစကားကြောင့် မြနှင်းဖြူမျက်နှာပေါ်မှာ ပန်းနုရောင် သမ်း





သွားလေသည်။

"အို. . . ဒါကတော့ သူပြောတာလည်း ပြောခဲ့တာပေါ့၊ ဒါပေမယ့် ကာယကံရှင်ရဲ့သဘောကလည်း ရှိသေးတယ် မဟုတ်လား"

"မြနှင်းဖြူရဲ့သဘောကရော ဘယ်လိုရှိသလဲဟင်"

"အစ်ကိုက အရင်စပြောရမှာ မဟုတ်ဘူးလား"

"အော်. . . ဟုတ်သားပဲ၊ ကိုယ်ကတော့ မြသင်းကြူ ပြောသွားတာကြောင့်နဲ့တင် မဟုတ်ဘဲ ကိုယ့်သဘောကလည်း မြနှင်းဖြူအပေါ်မှာ နှစ်သက်ပါတယ်၊ မေတ္တာလည်း ရှိပါတယ်၊ မြနှင်းဖြူသဘောကရော ဟင်"

"ကျွန်မလည်း ရှေးဘဝက ရေစက်ကြောင့်ပဲလား မပြောတတ်ပါဘူး၊ အစ်ကို့ကို စတွေ့ရတည်းက စိတ်ထဲမှာ နှစ်သက်မှု ရှိပါတယ်၊ ဒါကြောင့် ညီမလေး လာပြောတာကို လက်ခံပေးခဲ့တာပါ"

"ဒီလိုဆိုရင် မြသင်းကြူရဲ့ဝိညာဉ်က ကိုယ်တို့နှစ်ယောက်ကို အောင်သွယ်ပေးခဲ့တာပေါ့နော်၊ အောင်သွယ်တော် ဝိညာဉ်ဆိုရင်တောင် မမှားဘူး"

"ဟုတ်ပါတယ်. . . ညီမလေးက အစ်ကို့အပေါ်မှာ အထင်ကလေး သံယောဇဉ်ရှိခဲ့ပါတယ်၊ နောက်ဆုံး သူ့အနေနဲ့ ဘယ်လိုမှ ဆုံစည်းဖို့ မဖြစ်နိုင်မှန်း သိခဲ့လို့ ကျွန်မဆီက ကတိတောင်းသွားခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ်လေ. . . ကိုယ်ကတော့ မြနှင်းဖြူနဲ့ အခုလို ဆုံစည်းခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်၊ မြသင်းကြူရဲ့ဝိညာဉ်ကို ကတိပေးလိုက်တဲ့အတိုင်း မြနှင်းဖြူအပေါ်မှာ တစ်သက်လုံး ကြင်ကြင်နာနာ သစ္စာရှိစွာနဲ့ လက်တွဲသွားပါ့မယ်လို့ ကတိပေးပါတယ်ကွယ်"

ဟု ပြောဆိုပြီး မြနှင်းဖြူကိုယ်ကလေးကို ထွေးပွေ့ထားလိုက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



လေသည်။

ထိုမလွန်ဘဝသို့ ကူးပြောင်းသွားသော မြသင်းကြူ၏ဝိညာဉ်ကတော့ သူတို့နှစ်ယောက်၏ချစ်ခြင်းမေတ္တာအတွက် ကျေနပ်နေပေလိမ့်မည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မနောသုခစံအိမ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ပြီး

စာပြီးချိန် ။ ။ (၂၀၀၀)ခုနှစ်၊ဩဂုတ်လ(၃၀)ရက်၊
အင်္ဂါနေ့နံနက်(၉)နာရီအချိန်။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com